# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် (၆)ရက် ၊ သောကြာနေ့ ၊ (12-9-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၃၅)


## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်

## “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”ဆိုသည့် ဆောင်ပုဒ်ကို အထူးအလေးအနက်ထားဆောင်ရွက်




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၁**

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီတစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

ယနေ့တွင် ၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) **စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ
၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၂ ရက်
အယ်ဒီတာ့အာဘော်

# လူတိုင်းတတ်မြောက်သင့်သော ရှေးဦးပြုစုခြင်းပညာရပ်

ကမ္ဘာတစ်ဝန်းရှိ အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းဝင်နိုင်ငံပေါင်း ၁၉၁ နိုင်ငံတွင် နှစ်တစ်နှစ်၏ စက်တင်ဘာလ ဒုတိယပတ် စနေနေ့ကို ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့(World First Aid Day) အဖြစ် သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများ ကျင်းပကြသည်။ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းကြီးက ရှေးဦးပြုစုခြင်းအသိပညာများ မြှင့်တင်ရန်ရည်ရွယ်၍ ၂၀၀၀ ပြည့်နှစ်မှစတင်၍ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို သတ်မှတ်ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် အဆိုပါအထိမ်းအမှတ်အခမ်းအနားများကို ၂၀၀၃ ခုနှစ်တွင် စတင်ကျင်းပခဲ့သည်။

ယခုနှစ် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့၏ဆောင်ပုဒ်မှာ "ဥတုဖောက်ပြန်သဘာဝဘေးရန် ရှေးဦးပြုစုခြင်းဖြင့် တို့တုံ့ပြန်"ဖြစ်သည်။ ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို ရှေးဦးပြုစုခြင်း၏အရေးပါပုံကို သတိပြုမိစေရန်၊ အခြေခံရှေးဦးပြုစုနည်းများကို လေ့လာရန်အတွက် အဖိုးတန်အရင်းအမြစ်များ ပိုမိုပံ့ပိုးပေးနိုင်ရန်နှင့် လူတစ်ဦးချင်းစီကို ၎င်းတို့၏လူမှုအသိုင်းအဝိုင်းတွင် ရှေးဦးသူနာပြုစုသူများဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပကြသည်။

ရှေးဦးပြုစုခြင်းဆိုသည်မှာ ထိခိုက်ဒဏ်ရာရရှိသူ သို့မဟုတ် ရုတ်တရက်နေမကောင်းဖြစ်သူ၏အသက်ကို ကယ်တင်ရန်နှင့် ထိခိုက်အန္တရာယ်များ ထပ်မံဖြစ်ပွားမှုကိုကာကွယ်ရန်အတွက် ကျွမ်းကျင်ဆေးဘက်ဆိုင်ရာအကူအညီများမရောက်မီတွင် အရေးပေါ်လုပ်ဆောင်ပေးသည့် ပြုစုစောင့်ရှောက်မှုပင်ဖြစ်သည်။ ရှေးဦးပြုစုခြင်း၏အဓိကရည်ရွယ်ချက်လေးရပ်မှာ အသက်ကယ်ရန်၊ နောက်ထပ်ထိခိုက်ဒဏ်ရာမရစေရန်၊ လျင်မြန်စွာပြန်လည်ကောင်းမွန်စေရန်နှင့် မိမိကိုယ်ကို ကာကွယ်နိုင်ရန်တို့ဖြစ်သည်။ ရှေးဦးပြုစုခြင်းကို ကျွမ်းကျင်စွာတတ်မြောက်ထားခြင်းဖြင့် အိမ်တွင်ဖြစ်စေ၊ လုပ်ငန်းခွင်တွင်ဖြစ်စေ အရေးပေါ်တုံ့ပြန်မှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်ခြင်း၊ မိမိတို့မိသားစု၊ ရပ်ရွာ၊ လူမှုအသိုက်အဝန်းအတွင်း ထိခိုက်မှုများကို ရှေးဦးပြုစုကုသခြင်းများ၊ အသက်ကယ်ခြင်းများပြုစုလုပ်ဆောင်ပေးနိုင်ခြင်းကြောင့် ဘေးကင်းလုံခြုံမှုရှိသည့် လူမှုအသိုက်အဝန်းဆိုင်ရာ ယဉ်ကျေးမှုကိုပါ ဖော်ဆောင်ပေးနိုင်သည့်အတွက် လူတိုင်းတတ်မြောက်ထားသင့်သည့် အတတ်ပညာရပ်တစ်ခုဖြစ်ပေသည်။

ယနေ့ကမ္ဘာကြီးတွင် နေ့စဉ်နှင့်အမျှ ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်နေသော သဘာဝဘေးအန္တရာယ်များ၊ ယာဉ်အန္တရာယ်များအပါအဝင် မတော်တဆထိခိုက်မှုများဖြစ်ပေါ်လျက်ရှိပြီး လူပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိကာ အသက်ပေါင်းများစွာလည်း ဆုံးရှုံးနေရသည်။ အဆိုပါအရေးပေါ်အခြေအနေများကို ရှေးဦးပြုစုခြင်းအတတ်ပညာဖြင့် ချက်ချင်းပြုစုပေးနိုင်ပါက အသက်အန္တရာယ်ရှိသည့်အခြေအနေကိုပင် ကျော်လွှားနိုင်ရန် အထောက်အကူပေးနိုင်မည်ဖြစ်ပေသည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ စေတနာ့လုပ်အားရှင်များသည် ရှေးဦးပြုစုခြင်း၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှုများ၊ အများပြည်သူအတွက် လိုအပ်သည့်အရေးပေါ်အကူအညီများကို တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ပေးသည့် လူမှုကရုဏာအဖွဲ့အစည်းတစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပေသည်။

သို့ဖြစ်ရာ ရှေးဦးပြုစုခြင်းအတတ်ပညာကို ကျောင်းနေအရွယ်ကလေးမှစ၍ အရွယ်ရောက်ပြီးသူတိုင်း သင်ယူတတ်မြောက်ထားရန်လိုပေသည်။ ထိခိုက်ဒဏ်ရာရရှိသူ၊ ရုတ်တရက်နေမကောင်းဖြစ်သူများနှင့် ကြုံတွေ့လာပါက အကောင်းဆုံးပြုစုစောင့်ရှောက်မှုပေးနိုင်ရန် ရှေးဦးပြုစုခြင်းအတတ်ပညာကို လူတိုင်းတတ်မြောက်ထားရန် လိုအပ်လှသည်။ ရှေးဦးပြုစုခြင်းဆိုင်ရာ အတတ်ပညာတတ်မြောက်ထားခြင်းဖြင့် မိမိတို့မိသားစု၊ ရပ်ရွာ၊ လူမှုအသိုက်အဝန်းအတွင်း ရှေးဦးပြုစုကုသခြင်းများဖြင့် အဖိုးထိုက်တန်လှသော လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်မည်ဖြစ်သည့်အတွက် အသက်ကယ်ပညာရပ်တစ်ခုဖြစ်သော ရှေးဦးပြုစုခြင်းပညာရပ် ဖြန့်ဝေပြန့်ပွားပါစေကြောင်း စက်တင်ဘာ ၁၃ ရက် စနေနေ့တွင်ကျရောက်မည့် ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့ကို ကြိုဆိုဂုဏ်ပြုရေးသားလိုက်ရပေသည်။

# မလှိုင်မြို့နယ် ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ရေချိုဘုတာကျေးရွာအုပ်စု ခင်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် ဆောင်ရွက်ထားသော နို့စားနွားမွေးမြူရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်သာကျေးရွာတွင် နို့စားနွားမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့ရှိဦးရေ ၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းစုစုပေါင်း ၃၃၁၇ ဧက စိုက်ပျိုးမည်


ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ချောင်းဦး စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စုစုပေါင်း ၃၃၁၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းဧက ၉၀ နှင့် ဖူးစားပြောင်း ၃၂၂၇ ဧက စုစုပေါင်း ၃၃၁၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေနဲ့ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးသွားပါမယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် ပိုးသတ်ဆေးအသုံးပြုရေး စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# မြန်အောင်မြို့နယ်တွင် ခရမ်းသီးများအရောင်းအဝယ်ကောင်းမွန်နေ



**မြန်အောင် စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကုန်စိမ်းဈေးကွက်တွင် ခရမ်းသီးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်သန်းသန်းဆွေက ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်တွင် ဒေသထွက်ခရမ်းသီးများကို ယခုနှစ် စက်တင်ဘာပထမပတ်မှ စတင်ပြီး ယနေ့ထိ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ထွက်ရှိသည့် ခရမ်းသီးများတစ်ရက်လျှင် အလုံးရေ ၄၀၀၀၀ မှ ၅၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"မြန်အောင်မြို့နယ်ကနေ ထွက်ရှိတဲ့ အရမ်းသီးတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေကပါ အဝယ်များနေတာပါ။ မြန်အောင်မြို့နယ်ကနေ အခြားဒေသတွေကို အလုံးရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနေရပါတယ်။ ဒေသထွက် ခရမ်းသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာ တွေ့ရပါတယ်။ အခုနှစ်ခရမ်းသီးတွေက အရည်အသွေး ကောင်းသလို အထွက်နှုန်းလဲ ကောင်းနေပါတယ်။ လက်ရှိ ခရမ်းအဝိုင်းသီးကော၊ အရှည်သီးကော အမျိုးအစားနှစ်မျိုးစလုံး အရောင်းအဝယ် ကောင်းမွန်နေတာပါ"ဟု မြန်အောင်မြို့နယ် ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သန်းသန်းဆွေက ပြောပြသည်။

မြန်အောင်မြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ခရမ်းသီး အလုံးရေ ၁၀၀ လျှင် ငွေကျပ် ၁၃၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါခရမ်းသီးများ အရောင်းအဝယ်လာသည့်အတွက် ခရမ်းသီး စိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိကာ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စလင်းမြို့နယ် ကြူဝန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အရှေ့ချောင်းဖြူကျေးရွာအုပ်စု ကြူဝန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို စက်တင်ဘာ ၁၀ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကြူဝန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါ ကြူဝန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် မတည်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် ထုတ်ချေးပေးခဲ့ပြီး ယခု ကောဒသမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၁ ဦးအတွက် ငွေကျပ် ၅၆ ဒသမ ၂ သန်းကို ထုတ်ချေးပေးထားပြီး စီးမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးစောငြိမ်း + ဒေါ်မိုးမိုးဝေအေး အောင်မြင့်သူကုမ္ပဏီလီမိတက် မိသားစုက နှစ်စဉ်ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စ ဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# မုံရွာမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၇၇၅၅ ဧကစိုက်ပျိုးမည်





**မုံရွာ စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် လာမည့် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၇၇၅၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၇၇၅၅ ဧက စိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

" မုံရွာမြို့နယ်တွင် လာမဲ့ ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နေကြာ ဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားမယ်။ ဆီထွက်သီးနှံ ဖြစ်တဲ့နေကြာရဲ့ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ယခုနှစ် မုံရွာမြို့နယ်တွင် နေကြာစိုက်ပျိုးမည့် တောင်သူများကို မျိုးစေ့များထောက်ပံ့ပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေသြဇာများ ချိုသာသော ဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှတောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# ပျော်ဘွယ်မြို့နယ် ပဲ့ကန်(မြောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပျော်ဘွယ် စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဲ့ကန်(မြောက်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ပဲ့ကန်(မြောက်) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၂၉၈ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ က ပဲ့ကန်(မြောက်) ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၈ ဦးကို ငွေကျပ် ၂၈၄ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူလေးဦးကို ငွေကျပ် ၁၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၂၉၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရှဉ့်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးရှဉ့်ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ငါးရှဉ့်ပိဿာချိန် ၆၀၀၀၀ သာ တင်ပို့ရောင်းချခဲ့ပြီး ဩဂုတ်လတစ်လအတွင်း ငါးရှဉ့်ပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးရှဉ့်များ တင်ပို့ရောင်းချမှုကောင်းလာခြင်းက ရန်ကုန်ဈေးကွက်မှ ငါးရှဉ့်များကို အဝယ်လိုက်နေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ငါးရှဉ့်တွေ သိသိသာသာကို တင်ပို့အားကောင်းခဲ့ပါတယ်။ ငါးရှဉ့်တွေ တင်ပို့ရောင်းချအားတက်ခဲ့တာကလဲ ပြည်တွင်းငါးရှဉ့်လုပ်ငန်းတွေ ပြန်လည်လည်ပတ်လုပ်ကိုင်လာတာကြောင့်လို့ သိရပါတယ်။ ဒေသထွက် ငါးရှဉ့်တွေကို ရန်ကုန်မြို့ကိုပဲ အဓိကတင်ပို့ပါတယ်။ ရန်ကုန်ကနေ တစ်ဆင့်အခြားပြည်တွင်း၊ ပြည်ပဈေးကွက်တွေဆီ ဆက်လက်ဖြန့်ဖြူးရောင်းချတာဖြစ်ပါတယ်။ အခုလို ဝယ်ယူတာများလာတော့ ငါးရှဉ့်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေနဲ့ ရေလုပ်သားတွေ၊ ငါးရှဉ့်ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာတာတွေ့ရပါတယ်''ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ဝင်းက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်းတင်ပို့ရောင်းချခဲ့ရသည့် ငါးရှဉ့် ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ငါးရှဉ့်များကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချပြီး ရန်ကုန်မြို့မှတစ်ဆင့် အခြားဒေသများကို ဆက်လက်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ရသမြင်ကွင်း မှုခင်းစာပေ

## မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

လွန်ခဲ့သောငါးနှစ်ခန့်က **"ခေတ်ပြိုင်မြင်ကွင်း သတင်းစကား"** တစ်ပတ်အတွင်းမှုခင်းသတင်းစာပေ ဆွေးနွေးခန်းကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း စကိုင်းနက် (Home Chanal) မှ ထုတ်လွှင့်ပေးနိုင်ရေးအတွက် အငြိမ်းစားမြို့နယ်ရဲတပ်ဖွဲ့မှူးဖြစ်သော **"ကဗျာဆရာ တောင်တွင်းမောင်သင်းကျော်"** က ကျွန်တော့်ကို ရေးဖော်ရေးဖက် အစ်ကိုကြီးအလား အားကိုးတကြီး အကူအညီတောင်းခံခဲ့သည်။

တကယ်တော့ သူနှင့်ကျွန်တော်က စာပေရေးဖော် ရေးဖက် စာပေရောင်းရင်းသူငယ်ချင်းများဖြစ်ကြသည်။ ကျွန်တော်က **"ရွှေသမင်စာပေမဂ္ဂဇင်း"** တွင် အမှုဆောင်အယ်ဒီတာ လုပ်ခဲ့စဉ်ကတည်းက သူ့ကဗျာတွေကို စဉ်ဆက်မပြတ် တွေ့မြင်နေခဲ့ရသည်။ ကျွန်တော် **"မှုခင်းရှုထောင့်ရသစုံမဂ္ဂဇင်း၊ မှုခင်းရှုထောင့်ဂျာနယ်၊ မှုခင်းမြင်ကွင်းဂျာနယ်"** များတွင် အယ်ဒီတာချုပ်၊ ဒုတိယအယ်ဒီတာချုပ်၊ တာဝန်ခံအယ်ဒီတာ စသည်ဖြင့် ၂၃ နှစ်ကျော် တာဝန်ထမ်းဆောင်ခဲ့စဉ်က သူက မြို့နယ်ရဲတပ်ဖွဲ့မှူးတာဝန်ထမ်းဆောင်နေသောကြောင့် မှုခင်းသတင်းများနှင့်ပတ်သက်၍ သူနှင့်ထိတွေ့ဆက်ဆံနေခဲ့ရသည်။

သူအငြိမ်းစားယူသွားပြီး စကိုင်းနက် (Police Chanal) မှာ တာဝန်ယူသောအခါ **"ရသမြင်ကွင်းမှုခင်းစာပေ"** ကဏ္ဍဆွေးနွေးခန်းတွင် ပါဝင်ကူညီဆွေးနွေးပေးရန် ကျွန်တော့်ကို အကူအညီတောင်းခံခဲ့သည်။

မှုခင်းအယ်ဒီတာ အတွေ့အကြုံအရ ရှေ့နေတစ်ပိုင်းဖြစ်နေသူ စာပေကဏ္ဍရော၊ မှုခင်းကဏ္ဍပါ၊ ကျွမ်းဝင် နှံ့စပ်နေသူဟု ကျွန်တော့်ကိုသတ်မှတ်ကာ အကူအညီတောင်းခံခဲ့ရာ ကျွန်တော်ကလည်း စိတ်ဝင်စားစွာ စိတ်ပါလက်ပါ အားတက်သရော လိုက်လျောကူညီခဲ့သည်။

ကျွန်တော် စတင်မေးဖြေဆွေးနွေးခဲ့ရသည့် အကြောင်းခြင်းရာက **"စုံထောက်လျှို့ဝှက်သည်းဖို၊ မှုခင်းစာပေတွေဟာ ရသစာပေထဲမှာပါဝင်သလား။ ဆရာ့အနေနဲ့ဘယ်လိုခံယူထားပါသလဲ"** ဟူသော ခက်ခဲနက်နဲလှသည့် မေးမြန်းချက်ပင်ဖြစ်သည်။ ကျွန်တော်ကလည်း "ရသစာပေထဲမှာ ပါဝင်ပါတယ်။ ရသစာပေ အဖြစ်လို့ခံယူထားပါတယ်။ အမျိုးသားစာပေဆုထဲမှာ ထည့်သွင်းစဉ်းစားသင့်ပါတယ်။ မှုခင်းသတင်းတွေဟာ မှုခင်းပညာပေး၊ ဆောင်ဖွယ်၊ ရှောင်ဖွယ် သုတတွေဖြစ်ပေမဲ့ မှုခင်းဝတ္ထုတွေကတော့ ရေးသားတင်ပြမှုကျွမ်းကျင်မှုအရ ခံစားဆွဲဆောင်မှုရှိသဖြင့် ရသစာပေတွေဖြစ်ပါတယ်" ဟု ဖြေကြားရင်း စုံထောက်၊ လျှို့ဝှက်သည်းဖို စာပေတွေ၏ စာပေရေစီးကြောင်းကို မှတ်သားသတိရသမျှ ရှင်းပြခဲ့သည်။

စုံထောက်ကြီးရှားလော့ဟုမ်းကို **"ဆရာကြီး ရွှေဥဒေါင်း"** က **"စုံထောက်ကြီးဦးစံရှား"** အဖြစ် မြန်မာမှုပြုရေးသားခဲ့ရာ လူငယ်၊ လူရွယ်၊ လူကြီးများက တရှိုက်မက်မက်ဖြင့် နှစ်သက်လက်ခံအားပေးခဲ့ကြသည်။ ယနေ့ထိ အကြိမ်ကြိမ်အလီလီ ပြန်လည်ရိုက်နှိပ်ထုတ်ဝေခဲ့ကြသော်လည်း စာချစ်သူများက အားပေးနေကြဆဲပင်။

ထိုရှားလော့ဟုမ်းမှုရင်းကိုပဲ **"ဆရာမြသန်းတင့်"** က ဘာသာပြန်ထုတ်ဝေခဲ့ရာ ရိုးအီမသွားကြဘဲ ဆက်လက်အားပေးခဲ့ကြသည်။ **"ဆရာကြီးဒဂုံရွှေမျှား"** က **"စုံထောက်ဦးထင်ကျော်"** ဇာတ်ကောင်ကို မွေးပြီး စုံထောက်လုံးချင်းတွေရေးသားထုတ်ဝေခဲ့ရာ အောင်မြင်ကျော်ကြား လူကြိုက်များခဲ့သည်။ **"ဆရာကြီး တင့်ဆန်း"** ကလည်း မြန်မာ့ကျေးလက်ဒေသတွေမှာ ဖြစ်ပွားခဲ့ကြသောမှုခင်းများကို ကျေးလက်သဘာဝ ဓလေ့ထုံးတမ်းများအရ တွက်ဆဆင်ခြင်ပြီး အမှုမှန်ကို ဖော်ထုတ်နိုင်စွမ်းရှိသော **"ကပ္ပိယစုံထောက်ကြီးဦးဖြူသီး"** ကို ဇာတ်ကောင်အဖြစ် အသက်သွင်းပြီး လုံးချင်းတွေရေးသားထုတ်ဝေခဲ့ရာ ရေပန်းစားလူကြိုက်များခဲ့သည်။

နိုင်ငံတကာအဆင့်မီ ခေတ်စနစ်နှင့်ကိုက်ညီသော **"စုံထောက်တင်မောင်ဆွေ"** ကို **"ဆရာမိုးဝေ"** က ဇာတ်ကောင်အဖြစ် ပုံဖော်အသက်သွင်းပေးခဲ့ရာ **"မိုးဝေနဲ့တင်မောင်ဆွေ"** တစ်ခေတ်ဖြစ်ပေါ်ခဲ့သည်။ မိုးဝေ၏စုံထောက်စာပေနှင့်တွဲလျက် လက်စွမ်းပြခဲ့ကြသောစာရေးဆရာများမှာ ဆရာတင့်ဆန်း၏သား ဆရာ မောင်သိန်းဆိုင်၊ ဆရာသက်နောင်၊ ဆရာညီညီနိုင်၊ ဆရာစောညို၊ ဆရာဘသက်ဆွေ၊ ပုလိပ်အရာရှိတစ်ဦးနှင့် အခြားစာရေးဆရာ၊ ဆရာမများ ပါဝင်ကြသည်။

ကွယ်လွန်သွားရှာပြီဖြစ်သော စာရေးဆရာ၊ သတင်းစာဆရာ **"မောင်ဝံသ"** ၏ **"ရှေ့နေကြီး ပယ်ရီမေဆင်"** ဘာသာပြန် လုံးချင်းအတွဲများကလည်း စုံထောက်စာချစ်သူများ၏ အသည်းစွဲဖြစ်ခဲ့ကြသည်။ ယခုထိ ပြန်လည်ထုတ်ဝေနေရသည်။ စုံထောက်စာရေးဆရာ **"ပုဂံသူရ"** ၏ **"မင်းအသက်-ငါ့ပေးမြတ်နိုင်"** စုံထောက်လုံးချင်းများကလည်း အောင်မြင်ခဲ့သည်။

**"ဆရာ တက္ကသိုလ်တင်မြင့်"** ကလည်း စုံထောက်လျှို့ဝှက်သည်းဖိုလိုင်းတွင် ထင်ရှားကျော်ကြား လူကြိုက်များခဲ့သည်။ ထောက်လှမ်းရေးဇာတ်လမ်းများနှင့်ပတ်သက်၍ ထိပ်တန်းမှာရပ်တည်ခဲ့ပြီး နာမည်ကြီး ကျော်စောထင်ရှားခဲ့သူမှာ **"ဆရာဝင်းမောင်ထွန်း"** ဖြစ်သည်။ ထောက်လှမ်းရေးအငြိမ်းစားပီပီ ထောက်လှမ်းရေးနည်းဗျူဟာများကို သူ့လုံးချင်းများထဲမှာ ထည့်သွင်းရေးသားခဲ့ရာ တာဝန်ရှိသူများက သူခိုးလမ်းပြဖြစ်သွားမည်ကို စိုးရိမ်သောကြောင့် သူ့ကိုသတိပေးခဲ့ရသည်။ စာပေစိစစ်ရေးကလည်း နိုင်ငံတော်၏ လျှို့ဝှက်ချက်များ ပါရှိနေသောကြောင့် ဖြတ်တောက်ခဲ့ရသည်။

နောက်ပိုင်းတွင် လျှို့ဝှက်သည်းဖို၊ စုံထောက်ဇာတ်လမ်းများနှင့်ပတ်သက်၍ နာမည်ကျော်ကြား လူကြိုက်များသော စာရေးဆရာမှာ **"ဆရာဆွေလှိုင်ဦး"** ဖြစ်သည်။ သူ့ဝတ္ထုများကို ရုပ်ရှင်ဗီဒီယိုများအဖြစ် ရိုက်ကူးပြသနေကြသည်။ ခေတ်မီခေတ်ဆန်သောကြောင့်လည်း လူငယ်၊ လူရွယ်၊ လူကြီး အဆင့်အတန်းမရွေးက ယနေ့ထိ စွဲလမ်းတမ်းတနေဆဲပင်။

**"ဆရာတက္ကသိုလ်နေဝင်း"** ကလည်း စပိုင်နှင့် လျှို့ဝှက်သည်းဖို၊ ဘာသာပြန်လုံးချင်းများကို ရေးသားထုတ်ဝေခဲ့ရာ စာချစ်သူများ အလွန်သဘောကျခဲ့ကြသည်။ **"ဆရာတက္ကသိုလ်နေဝင်း"** ရေးသားထုတ်ဝေခဲ့သည့် **"စက္ကင်းလေဒီ"** လုံးချင်းဆိုပါမူ အမေရိကန်စီအိုင်အေနှင့် ရုရှားကေဂျီဘီတို့ အားပြိုင်မှု ထောက်လှမ်းမှုများကို ရင်တဖိုဖိုခံစားကြစေရန် ရေးသားထားရာ လူကြိုက်များခဲ့သည်။ ဒီမိုကရေစီနိုင်ငံများဖြစ်ကြသောကြောင့်လည်း ဆွဲဆောင်မှုရှိအောင် အပစ်အခတ်၊ အညှစ်အသတ်တွေပါသည်။ သူလျှိုနည်းအရ ကာမဆက်ဆံပုံ ဆက်ဆံနည်းတွေပါသည်။

Quality House စာပေတိုက်မှလစဉ်ထုတ်ဝေခဲ့သော **"လျှို့ဝှက်သည်းဖို"**ဝတ္ထုတိုများလုံးချင်းကိုလည်း စုံထောက်လျှို့ဝှက်သည်းဖို စာချစ်သူများ၊ နှစ်သက်လက်ခံနေကြသည်။ ကမ္ဘာ့မှုခင်းစာပေများကို ဇောက်ချရေးသားခဲ့သူ ဆရာလှမိုး (ပညာရေး) ကတော့ ကွယ်လွန်သွားသည့်အချိန်ထိ လက်မလည်အောင် ရေးသားနိုင်ခဲ့သည်။

**"ဆရာကြီး မင်းသိခ်"**၏ **"ဆားပုလင်းနှင်းမောင်"** ပါဝင်သော လုံးချင်းများသည် စုံထောက်ဝတ္ထုများဖြစ်ရာ ယနေ့တိုင် စာချစ်သူများအသည်းစွဲဖြစ်နေသည်။ အလားတူ စုံထောက်ဝတ္ထုများ၊ ရေးသားထုတ်ဝေခဲ့ရာ၌ **"စာရေးဆရာ အညာတမာ"** ၏ ကလောင်ခွဲ **"မြတ်ထွန်းသစ်"** ရေးသားသော **"ဆပ်ကလေးဘကျော်"** လုံးချင်းများလည်း ခေတ်တစ်ခေတ်ဖြစ်ပေါ်ခဲ့သည်။

မှုခင်းမဂ္ဂဇင်းများအနေဖြင့် မှုခင်းရှုထောင့် ရသစုံမဂ္ဂဇင်း၊ ပြစ်မှုမဂ္ဂဇင်း၊ မှုခင်းစုံမဂ္ဂဇင်းနှင့် စုံထောက်မဂ္ဂဇင်းများ ထုတ်ဝေခဲ့ကြသည်။

ခေတ်စနစ်တွေ ဘယ်လိုပြောင်းပြောင်း မှုခင်းများက ရှိနေလေရာ မှုခင်းစာပေများလည်းရှိနေသည်။ မှုခင်းဂျာနယ်များရှိသကဲ့သို့ မှုခင်းမဂ္ဂဇင်းများလည်း ရှိနေကြသည်။ မှုခင်းသုတ၊ မှုခင်းရသရရှိခံစားနိုင်ကြစေရေးအတွက် အမှုတစ်မျိုးချင်းအလိုက် သဲလွန်စရှာဖွေပုံ၊ စုံစမ်းထောက်လှမ်းပုံ၊ တရားခံကိုဖော်ထုတ်၊ တိုက်ခိုက် ဖမ်းဆီးပုံ၊ နည်းမျိုးစုံကို ရန်ခုန်လှိုက်မောဖွယ်ကောင်းအောင်၊ တုန်လှုပ်ထိတ်လန့်ချောက်ချားဖွယ်ကောင်းအောင်၊ တွေးခေါ်မြော်မြင် ဆင်ခြင်သုံးသပ် ရပ်တည်နိုင်အောင်၊ သံဝေဂတရားနှင့် နောင်တရအောင် စာပေအတတ်ပညာနှင့်ခြယ်မှုန်းထားကြသော မှုခင်းစာပေများသည် **"မှုခင်းရသစာပေများ"** ဖြစ်ကြသည်။

❖ ခေတ်စနစ်တွေ ဘယ်လိုပြောင်းပြောင်း မှုခင်းများက ရှိနေလေရာ မှုခင်းစာပေများလည်းရှိနေသည်။ မှုခင်းဂျာနယ်များရှိသကဲ့သို့ မှုခင်းမဂ္ဂဇင်းများလည်းရှိနေကြသည်။ မှုခင်းသုတ၊ မှုခင်းရသရရှိခံစားနိုင်ကြစေရေးအတွက် အမှုတစ်မျိုးချင်းအလိုက် သဲလွန်စရှာဖွေပုံ၊ စုံစမ်းထောက်လှမ်းပုံ၊ တရားခံကိုဖော်ထုတ်၊ တိုက်ခိုက်ဖမ်းဆီးပုံ၊ နည်းမျိုးစုံကို ရန်ခုန်လှိုက်မောဖွယ်ကောင်းအောင်၊ တုန်လှုပ်ထိတ်လန့်ချောက်ချားဖွယ်ကောင်းအောင်၊ တွေးခေါ်မြော်မြင် ဆင်ခြင်သုံးသပ် ရပ်တည်နိုင်အောင်၊ သံဝေဂတရားနှင့် နောင်တရအောင် စာပေအတတ်ပညာနှင့်ခြယ်မှုန်းထားကြသော မှုခင်းစာပေများသည် "မှုခင်းရသစာပေများ" ဖြစ်ကြသည်။ ❖

ထိုမှုခင်းရသစာပေများကို **"ရသမြင်ကွင်း မှုခင်းစာပေ"** ဟူ၍ စကိုင်းနက် (Police Chanal) မှ ထုတ်လွှင့်ခဲ့ရာ ထိုအချိန်က မှုခင်းစာပေလောကထဲမှ စာရေးဆရာ၊ အယ်ဒီတာများ ပါဝင်ဆွေးနွေးတင်ပြခဲ့ကြသည်။ မှတ်မှတ်ရရ ဖော်ပြရလျှင် ကျွန်တော်အပါအဝင် ဆရာညီညီနိုင်၊ ဆရာ ဘသက်ဆွေ၊ ဆရာစိုးဝေ (ထောင်မှူး-ငြိမ်း)၊ ဆရာ ဆင်တဲဝမြတ်ဖုန်း၊ ဆရာဆင်တဲဝမြတ်မင်း၊ ဆရာမမြမြလှိုင်၊ ဆရာမသီရိ (သက်ထားခင်)၊ ဆရာမမိုးပန်းမွှန်တို့ပါဝင်ခဲ့ကြသည်။ တစ်ဦးလျှင် မိနစ် ၂၀ ကျော်စီ ဆွေးနွေးခဲ့ကြရာ အခါအားလျော်စွာ ထုတ်လွှင့်ပေးခဲ့သည်။

ထို့နောက် **"ခေတ်ပြိုင်မြင်ကွင်း သတင်းစကား"** ကဏ္ဍကိုတော့ ရသစာပေထက် မှုခင်းဖြစ်ရပ်မှန် တစ်မှုချင်းအလိုက် ဘာကြောင့်မှုခင်းဖြစ်ပွားရတယ်။ ထိုသို့မှုခင်းမဖြစ်ပွားအောင် ဘာတွေကိုဆောင်လို့ ဘာတွေကို ရှောင်ရမယ် စသည်ဖြင့် ဆောင်ဖွယ်ရှောင်ဖွယ်အသွယ်သွယ်ကို ဝေဖန်သုံးသပ် တင်ပြဆွေးနွေးပေးရန်ဖြစ်သည်။ သို့သော် မှုခင်းတစ်မှုချင်းကို ဝေဖန်သုံးသပ်၊ တင်ပြဆွေးနွေးရာ၌ တရားရုံးများကို စကားဦးသန်းမှုနှင့် မငြိစွန်းရန် သတိထားရပေမည်။

ဥပမာ မုဒိမ်းကျင့်ပြီး လူသတ်အလောင်းဖျောက်မှုကို မှုခင်းစာချစ်သူများ ပိုမို၍စိတ်ပါဝင်စားအောင် **"ညစ်ညူးရာဂ၊ ကိလေသဖြင့်၊ တဏှာ့လိုလိုက်၊ ဒုစရိုက်နှင့်၊ အမိုက်အားကိုး၊ ပုဂ္ဂိုလ်များကား၊ အကျိုးမဲ့စွာ၊ အပြစ်သာရှင့်"** ဟု **"မဃဒေဝလင်္ကာ"** ဆုံးမစာနှင့်အညီ စပ်ဆုပ်ရှုံ့ရှာဖွယ်ပြစ်မှုကို ကျူးလွန်သူ လူယုတ်မာဖြစ်သောကြောင့် ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်ချမှတ်သင့်ကြောင်း သတင်းရေးသားမိပါက ကျူးလွန်သူ၏အမည်ကိုတပ်ပြီး စွပ်စွဲဝေဖန်မိပါက တရားရုံးများစကားဦးသန်းမှုဖြင့် တရားစွဲဆိုခြင်း ခံကြရပေမည်။ သို့သော် ထိုမှုခင်း၊ ဆောင်းပါးမျိုး၊ ဆောင်ဖွယ်ရှောင်ဖွယ်ဟောပြောဆွေးနွေးဝေဖန်မှုမျိုးကား၊ စေတနာမှန်သောကြောင့် တရားစွဲဆိုခြင်းမှ လွတ်ကင်းသည်။

စကိုင်းနက်အနေဖြင့် (Police Chanal) မှ **"ရသမြင်ကွင်း မှုခင်းစာပေ"** ကဏ္ဍကို ၂၀၁၄ ခုနှစ်အတွင်းက စတင်ထုတ်လွှင့်ခဲ့ရာ အခါအားလျော်စွာ ထုတ်လွှင့်နေဆဲပင်။ (Police Chanal) အစား (Home Chanal) ဟု ပြောင်းလဲပြီး ခေတ်နှင့်အညီ **"ခေတ်ပြိုင်မြင်ကွင်း သတင်းစကား"** ကဏ္ဍကို ဖွင့်လှစ်ခဲ့သည်။

မည်သို့ပင် အစီအစဉ် ပြောင်းလဲနေစေကာမူ အဓိကကျလှသည့် ဦးတည်ချက်များ **"မှုခင်းများလျော့နည်း ကျဆင်းရေး"** ပင်ဖြစ်ပါသည်။ စကိုင်းနက်အနေဖြင့် **"ဥပဒေဘောင်တွင်းနေထိုင်ခြင်း၊ ဘေးကင်းရန်ကွာ၊ လွန်ချမ်းသာ"** ဟူသော ဆောင်ပုဒ်ကို အထောက်အကူဖြစ်စေရန် စေတနာထား၍ စီစဉ်ခဲ့ခြင်းဖြစ်သည်။

စကိုင်းနက်တွင် အလွန်ပင်နှစ်သက်စရာကောင်းသောကဏ္ဍ ဖွင့်လှစ်ခဲ့ပါသေးသည်။ **"တွေ့ရင်အကြောင်းကြားပါ"** (လူပျောက်ရှာဖွေရေးအစီအစဉ်) ဖြစ်ပါသည်။ ပြည်သူများကြုံတွေ့နေကြရသော ခံစားချက်များကို ဖွင့်ဟတင်ပြသောကဏ္ဍ (တစ်နည်းအားဖြင့်) ဟစ်တိုင်ကဲ့သို့တင်ပြသော ကဏ္ဍဖြစ်သည်။ ထိုကဏ္ဍတွင် လူပျောက်ရှာဖွေပေးရန် တင်ပြစာများ၌ စိန်ရွှေလက်ဝတ်ရတနာများနှင့် ငွေများကို ယူဆောင်သွားသောဇနီး ပျောက်ဆုံးမှုများတွင် ကြည့်ရှုကြသူများ၏ ရင်ထဲမှာ ကလိကလိဖြစ်စေကာ ပဟေဠိခံစားကြရသည်ဖြစ်ရာ သုတရော၊ ရသပါ ပေးနိုင်စွမ်းရှိပါသည်။ လူပျောက်လျှင် နီးစပ်ရာရဲစခန်းများ၊ ဆေးရုံများနှင့် ဆက်သွယ်အကူအညီ တောင်းခံခဲ့ကြသကဲ့သို့ စကိုင်းနက်မှ **"တွေ့ရင်အကြောင်းကြားကြပါ"** ကဏ္ဍသို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြသည်။

စာမျက်နှာ ၅သို့ á

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# ကန့်ဘလူမြို့နယ်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၈၄၃၇ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် လာမည့် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၃၈၄၃၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် မတ်ပဲ ၃၈၄၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ မတ်ပဲဧက ၃၈၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ မတ်ပဲ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။ မတ်ပဲစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်သွားပါမယ်"ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ စိုက်ပျိုးရာတွင် မတ်ပဲ အထွက်နှုန်းနှင့်အရည်အသွေး ကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# လူမှောင်ခိုမှ လွတ်ကင်းကြစေ

- လူကိုလူချင်း စိတ်ရင်းယုတ်စွာ
လှည့်ဖြားခေါ်လို့ ရောင်းဖို့လုပ်တာ
အမျိုးသမီးများ ပါသွားတစ်ခါ
ဘဝပျက် နာချက်တစ်သက်တာ။

- ငွေကိုမမက် ရှောင်လျက်ကင်းကွာ
နေတတ်ပါမှ ဘဝလှမှာ
လူလိမ်လူကောက် ရှို့ကြောက်စရာ
မှောက်မှားမိ ပျက်ဘိဘဝတာ။

- ပြောတိုင်းတွေးသင့် ချင့်ချိန်ယုံပါ
သူပြောစကား မုသားတွေသာ
ယုံစားမိလဲ ခက်ခဲများစွာ
တစ်ဘဝ ဒုက္ခကြုံရရှာ။

- ခြိုးခြံချွေသုံး ရွှင်ပြုံးနိုင်မှာ
ဘယ်အားမကိုး အဖိုးထိုက်တာ
ရှိသမျှပဲ ရောင့်ရဲကြပါ
သည်ဘဝ ကင်းရထိုဒုက္ခာ။

- လူမှောင်ခိုမှ လွတ်ရကင်းစေ
လောဘပယ်ဖျောက် ထွန်းတောက်လင်းနေ
မှောက်မှောက်မှားမှား မသွားဖြစ်ပေ
ထားသတိ ကောင်းသည့်အလုပ်ပေ။

- မရှိဆင်းရဲ အမြဲဖြစ်သော်
ကောင်းစွာကြိုးစား လုပ်များအဖော်
အမှားနဲ့ကင်း ရန်ရှင်းဝေးသော်
သင့်ဘဝ သုခရွှင်ပျော်ပျော်။ ။

ဘိုမျိုး(ရွှေဘို)

ဝ စာမျက်နှာ ၄ မှအဆက်

လူ့ဘဝတွင် အသက်တစ်ရာမနေရ၊ အမှုတစ်ရာ ကြုံရဆိုသလိုပင် လောကဓမ္မတာအရ မှုခင်းများနှင့် မလွဲမရှောင်သာဘဲ ကြုံတွေ့ဖြေရှင်းနေကြရပါသည်။ ထို့ကြောင့် မှုခင်းများလျော့နည်းကျဆင်းအောင် စာနယ်ဇင်းမျိုးစုံကလည်း လှုံ့ဆော်သတိပေးနေခဲ့ကြသည်။ လှုံ့ဆော်သတိပေးနေကြရာတွင် သုတသက်သက်နည်းလမ်း၊ သုတနှင့်ရသရောစပ်ထားသော နည်းလမ်းများဖြင့် အလေးထားပံ့ပိုးကူညီနေကြသည်။ မြန်မာစာပေဟူသော ပင်စည်ကြီးက **"အသီးနှင့်တူသော သုတစာပေ" "အပွင့်နှင့်တူသော ရသစာပေ"** ဟူ၍ အသီးနှင့်အပွင့်၊ သုတနှင့် ရသနှစ်မျိုး သီးပွင့်ပေးနေသည်။ အသီးကိုစားသုံးချင်သူက အသီးကိုစားပြီး၊ အပွင့်ကို မွှေးကြူချင်သူက အပွင့်ကိုပဲ ရှူရှိုက်နှစ်ခြိုက်နိုင်ကြသည်။ ဆိုလိုတာက ဗဟုသုတသက်သက်ကိုသာရလိုပါက သုတစာပေကို ဖတ်ရှုကြပြီး နှလုံးသားထဲက ခံစားချက်နှင့် စွဲမှတ်နေစေလိုပါက ရသစာပေကို ဖတ်ရှုကြစေချင်သည်။

သုတစာပေက ဦးနှောက်ဖြင့်မှတ်သားနိုင်ပြီး ရသစာပေက နှလုံးသားကို ထိရှခံစားစေကာ စွဲမြဲစေသည်။ နှလုံးသားဖြင့် ခံစားစေခြင်းက အရာရာကိုထိန်းချုပ်နိုင်စွမ်းရှိပြီး ယဉ်ကျေးသိမ်မွေ့စေသည်။ ဥပမာ **"အနန္တသူရိယအမတ်ကြီး"** ၏ **"သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ မျက်ဖြေလကာ်"** **"လက်ဝဲသုန္ဒရ အမတ်ကြီး"** ၏ **"မဲဇာတောင်ခြေရတု"**များသည် ခက်ထန်သောရာဇမာန်များကို ချိုးနှိမ်နိုင်စွမ်း ရှိခဲ့ကြသော ရသစာပေများဖြစ်ကြသည်။

ရသစာပေသည် လူ့စိတ်ကိုပျော့ပျောင်းနူးညံ့စေသည်။ အမှားအမှန်ကို ရှေ့ဆောင်လမ်းပြရာတွင် ဆွဲဆောင်နိုင်မှုရှိသည်။ လူ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်နိုင်စွမ်းရှိသည်။ သို့သော် ရသစာပေစစ်စစ်ကို ရေးသားနိုင်သူက ရှားပါးလှပါသည်။ ရသစာပေစစ်စစ်ကို ရေးသားကြသူတိုင်းသည် (၁) နှလုံးသား ခံစားချက်ရှိကြသည်၊ (၂) စေတနာရှိကြသည်၊ (၃) စာပေရေးသားမှုကျွမ်းကျင်ကြသည်ဟူသော အင်္ဂါသုံးရပ် နှင့် ပြည့်စုံနေကြသူများဖြစ်ကြပါသည်။ ထို့ပြင် (၁) ချစ်ခင်မှု၊ (၂) ရယ်ရွှင်မှု၊ (၃) သနားမှု၊ (၄) တည်ငြိမ်အေးချမ်းမှု၊ (၅) ကြမ်းကြုတ်ခက်ထန်မှု၊ (၆) စက်ဆုပ်မှု၊ (၇) ကြောက်ရွံ့မှု၊ (၈) ရဲရင့်မှု၊ (၉) အံ့ဩမှု **"ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ကြမ်းကြုတ်၊ စက်ဆုပ်၊ ကြောက်ရွံ့၊ ရဲဝံ့၊ အံ့ဩ နဝအရသာ"** ဟူသော ရသကိုးပါးနှင့် ပြည့်စုံကိုက်ညီအောင် ရေးသားနိုင်မှသာ ရသစာပေဖြစ်ပေါ်သည်။

အဓိကအချုပ်မှာ **"အမျိုးသားစာဆိုကြီးဆရာဇော်ဂျီ"** ၏ **"စိတ်ကောင်းမွေးမှ စာကောင်းရေးနိုင်မည်"** ဟူသော လမ်းညွှန်ချက်၊ **"ဆရာတက္ကသိုလ်ဘုန်းနိုင်"** ၏ **"အတွေးကောင်းမှ အရေးကောင်းမည်"** ဟူသော လမ်းညွှန်ချက်များကို လိုက်နာရေးသားကြရန်ဖြစ်သည်။

စာပေလောကသားများက စာပေတာဝန်ကို ကျေပွန်နေကြသလို စကိုင်းနက်ကလည်း မှုခင်းများလျော့နည်းကျဆင်းရေးအတွက် တစ်ဖက်တစ်လမ်းမှ အုတ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် သုတရသကဏ္ဍများ ဖွင့်လှစ်ကာ အကျိုးပြုခဲ့သည်ကို ဂုဏ်ပြုမှတ်တမ်းတင်လိုက်ပါသည်။

# ကြာအင်းဆိပ်ကြီးမြို့နယ် လဝဆိပ်ကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြာအင်းဆိပ်ကြီး စက်တင်ဘာ ၁၁**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လဝဆိပ်ကျေးရွာ၌ VRFP စီမံကိန်း ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် VRFP စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် VRFP စီမံကိန်း ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်ဦးစီး မှူးနှင့်ဝန်ထမ်းများက VRFP စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် အတူ လဝဆိပ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၆ ဦးကို ရန်ပုံငွေကျပ် ၄၁၂ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

# နိုင်ငံတကာ သတင်းများ

## P-8A ပင်လယ်ရေကြောင်းကင်းလှည့် လေယာဉ်လေးစင်း စင်ကာပူဝယ်ယူမည်

**စင်ကာပူ စက်တင်ဘာ ၁၁**

အမေရိကန်နိုင်ငံအခြေစိုက် ဘိုးအင်းကုမ္ပဏီ၏ P-8A အမျိုးအစားပင်လယ်ရေကြောင်း ကင်းလှည့်လေယာဉ်လေးစင်းကို ဝယ်ယူရန် စင်ကာပူနိုင်ငံက စီစဉ်ထားကြောင်း စက်တင်ဘာ ၁၀ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ P-8A လေယာဉ်သစ်များကို ရေကြောင်းကင်းလှည့်လေယာဉ်များအဖြစ် လက်ရှိအသုံးပြုနေသော Fokker-50 လေယာဉ်များနေရာ၌ အစားထိုးသုံးစွဲရန် စင်ကာပူနိုင်ငံက စီစဉ်ထားသည်။

စင်ကာပူ လက်နက်ကိုင်တပ်များ၏ပင်လယ်ရေကြောင်းလုံခြုံရေးစွမ်းဆောင်ရည်များကို မြှင့်တင်ရေးအစီအစဉ်အရ P-8A ပင်လယ်ရေကြောင်း ကင်းလှည့်လေယာဉ်များဝယ်ယူရန် စီစဉ်ထားခြင်းဖြစ်ကြောင်း စင်ကာပူတာဝန်ရှိသူများက ပြောကြားထားသည်။

ပင်လယ်ရေကြောင်းကင်းလှည့်တာဝန်များအတွက် ရည်ရွယ်တည်ဆောက်ထားသည့် P-8A လေယာဉ်များ၌ ရေငုပ်သင်္ဘောရှာဖွေချေမှုန်းရေးစနစ်များလည်း ပါဝင်သည်။

ဘိုးအင်းကုမ္ပဏီ၏ P-8A ပင်လယ်ရေကြောင်း ကင်းလှည့်လေယာဉ်များကို အမေရိကန်နိုင်ငံ၊ ဗြိတိန်နှင့် ဩစတြေးလျအပါအဝင် ကမ္ဘာ့နိုင်ငံ ကိုးနိုင်ငံတို့က သုံးစွဲလျက်ရှိသည်။

စင်ကာပူနိုင်ငံသည် အမေရိကန်နိုင်ငံအခြေစိုက် လော့ခ်ဟိမာတင်ကုမ္ပဏီထံမှ F-35 တိုက်လေယာဉ် အစင်း ၂၀ ကိုလည်း ဝယ်ယူထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## ပိုလန်ဝေဟင်ပိုင်နက်ချိုးဖောက်ခံရမှုအတွက် လုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေးကျင်းပမည်

**ဝါဆော စက်တင်ဘာ ၁၁**

ယခု ရက်သတ္တပတ်အတွင်း ပိုလန်ဝေဟင်ပိုင်နက် ချိုးဖောက်ခံရမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးပေါ်အစည်းအဝေးတစ်ရပ် မကြာမီ ကျင်းပမည်ဖြစ်ကြောင်း ပိုလန်နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ပိုလန်လေပိုင်နက် ချိုးဖောက်ခံရမှုနှင့်ပတ်သက်၍ ပိုလန်အစိုးရ၏မေတ္တာရပ်ခံချက်အရ ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် အရေးပေါ်အစည်းအဝေးတစ်ခု ကျင်းပမည်ဖြစ်ကြောင်း ပိုလန်နိုင်ငံခြားရေးဝန်ကြီး ရာဒိုစလောဆိုင်ကော်စကီးက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

စက်တင်ဘာ ၁၀ ရက်က ယူကရိန်းနိုင်ငံကို ရုရှားတပ်များက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့စဉ် ရုရှားမောင်းသူမဲ့လေယာဉ်များ ပိုလန်လေပိုင်နက်အတွင်း ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရုရှားမောင်းသူမဲ့လေယာဉ်များကို ပိုလန်လေတပ်နှင့် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့ (နေတိုး) စစ်လေယာဉ်များက ပစ်ချခဲ့ရသည်။

အဆိုပါဖြစ်စဉ်သည် ရုရှားနှင့်ယူကရိန်းပဋိပက္ခ၌ ပိုလန်နှင့်နေတိုးတို့အနေဖြင့် ပထမဆုံးအကြိမ်အဖြစ် ပါဝင်ထိတွေ့ခဲ့ရခြင်းဖြစ်ကြောင်း ပိုလန်တပ်မတော်က ပြောကြားထားသည်။

သို့ရာတွင် ပိုလန်လေပိုင်နက်အတွင်း ဝင်ရောက်ခဲ့သော မောင်းသူမဲ့လေယာဉ်များမှ ရုရှားမောင်းသူမဲ့လေယာဉ်များမဟုတ်ဘဲ ယူကရိန်းဘက်မှ ဝင်ရောက်ခဲ့သော မောင်းသူမဲ့လေယာဉ်များသာဖြစ်ကြောင်း ရုရှားအစိုးရက ပြောကြားထားသည်။

**Ref : RT**
**Trs : KKO**

## တရုတ်နှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးများ ပထမဆုံးအကြိမ် ဗီဒီယိုဖုန်းခေါ်ဆိုဆွေးနွေး





**ပေကျင်း စက်တင်ဘာ ၁၁**

တရုတ်ကာကွယ်ရေးဝန်ကြီး တောင်ကျွန်းသည် စက်တင်ဘာ ၁၀ ရက်တွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဟက်ဂ်ဆက်နှင့် ပထမဆုံးအကြိမ်အဖြစ် ဗီဒီယိုဖုန်းခေါ်ဆို ဆွေးနွေးခဲ့ကြောင်း သိရသည်။

တရုတ်နှင့်အမေရိကန် နှစ်နိုင်ငံ လက်နက်ကိုင်တပ်များကြား အပြန်အလှန်လေးစားမှုကို အခြေခံသည့် ဆက်ဆံရေး တည်ဆောက်ရန် အဆိုပါဗီဒီယိုဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် တရုတ်ကာကွယ်ရေးဝန်ကြီးက အမေရိကန်ကာကွယ်ရေးဝန်ကြီးကို တိုက်တွန်းခဲ့သည်။

စက်တင်ဘာ ၁၀ရက် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများ ဗီဒီယိုဖုန်းခေါ်ဆိုဆွေးနွေးမှုကို အမေရိကန် ကာကွယ်ရေးဝန်ကြီး၏ မေတ္တာရပ်ခံချက်အရ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အမေရိကန်နိုင်ငံ အနေဖြင့် တရုတ်နိုင်ငံနှင့် ပဋိပက္ခမဖြစ်ပွားလိုသော်လည်း အာရှ- ပစိဖိတ်ဒေသရှိ အမေရိကန်အကျိုးစီးပွားများကို ခိုင်ခိုင်မာမာကာကွယ်မည်ဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ဟက်ဂ်ဆက်က တရုတ်ကာကွယ်ရေးဝန်ကြီးနှင့် ဆွေးနွေးစဉ် ထုတ်ဖော်ပြောကြားထားသည်။

တရုတ်နှင့်အမေရိကန်ကာကွယ်ရေးဝန်ကြီးများ၏ စက်တင်ဘာ ၁၀ ရက် ဆွေးနွေးပွဲကို ပွင့်လင်း၍ အပြုသဘောဆောင်သည့်ဆွေးနွေးပွဲအဖြစ် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကုန်သွယ်ရေး ပြဿနာများအပါအဝင် ပြဿနာအမျိုးမျိုးကို အကြောင်းပြု၍ တရုတ်နှင့် အမေရိကန်နိုင်ငံတို့ကြား ဆက်ဆံရေး တင်းမာနေချိန်တွင် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးများဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## သမ္မတဟောင်းရာဇပတ်ဆာကို အစိုးရအိမ်တော်မှနှင်ထုတ်ရန် ဥပဒေကြမ်းတစ်ရပ် သီရိလင်္ကာလွှတ်တော် အတည်ပြု

**ကိုလံဘို စက်တင်ဘာ ၁၁**

သီရိလင်္ကာသမ္မတ ရာဇပတ်ဆာကို အစိုးရအိမ်တော်မှ နှင်ထုတ်နိုင်ရေးအတွက် ရည်ရွယ်တင်သွင်းထားသော ဥပဒေကြမ်းတစ်ရပ်ကို သီရိလင်္ကာလွှတ်တော်က စက်တင်ဘာ ၁၀ ရက်တွင် မဲခွဲအတည်ပြုခဲ့ကြောင်း သိရသည်။

သီရိလင်္ကာ အစိုးရသစ်က ကျင့်သုံးနေသည့် ခြိုးခြံချွေတာရေး မူဝါဒများအရ ၁၉၈၆ ခုနှစ် ဥပဒေတစ်ရပ်အား ပယ်ဖျက်ထားသည့် အဆိုပါဥပဒေကြမ်းကို သီရိလင်္ကာလွှတ်တော်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

၁၉၈၆ခုနှစ် ဥပဒေအရ သီရိလင်္ကာ သမ္မတဟောင်းများ အနေဖြင့် နိုင်ငံပိုင်အိမ်တော်များ၌ နေထိုင်ခွင့်၊ အတွင်းရေးမှူးရုံးထားရှိခွင့်နှင့် ကိုယ်ရံတော်ထားရှိခွင့်များ ခံစားခွင့်ပေးထားသည်။

လက်ရှိနေထိုင်နေသည့် အစိုးရအိမ်တော်မှ ထွက်ခွာပေးရန် သမ္မတဟောင်း ရာဇပတ်ဆာက ငြင်းပယ်ခဲ့မှုကြောင့် သီရိလင်္ကာလွှတ်တော်က ၁၉၈၆ ခုနှစ် ဥပဒေကို ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သီရိလင်္ကာ လွှတ်တော်က စက်တင်ဘာ ၁၀ ရက်တွင် အတည်ပြုခဲ့သည့် ဥပဒေကြမ်းအရ အခြား သီရိလင်္ကာသမ္မတဟောင်းနှစ်ဦးဖြစ်သည့် ကုမာရတွန်ဂါနှင့်မိုင်သရီပါလာဆီရီဆီနာ တို့သည်လည်း နိုင်ငံပိုင်အိမ်တော်များမှ ထွက်ခွာပေးကြရမည်ဖြစ်သည်။

သီရိလင်္ကာ သမ္မတဟောင်း ရာဇပတ်ဆာသည် ၁၉၈၆ ခုနှစ် ဥပဒေအရ ကြည်းတပ်ကွန်မန်ဒို ၆၃ ဦးအပါအဝင် ကိုယ်ရံတော်တပ်ဖွဲ့ဝင် ၂၄၃ ဦးထိ ရယူထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## ပြင်သစ်၌ အသက် ၁၅ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှု ပိတ်ပင်သင့်ကြောင်း ပြင်သစ်လွှတ်တော်ကော်မတီအကြံပြု



**ပဲရစ် စက်တင်ဘာ ၁၁**

ပြင်သစ်နိုင်ငံ အတွင်းရှိ အသက် ၁၅ နှစ်အောက် ကလေးများကို လူမှုမီဒီယာအသုံးပြုခွင့် ပိတ်ပင်ရန် ပြင်သစ်လွှတ်တော်ကော်မတီတစ်ရပ်က ယနေ့တွင် တိုက်တွန်းထားသည်။

ယင်းအပြင် အသက် ၁၅ နှစ်နှင့် ၁၈ နှစ်ကြား လူငယ်များ၏ ညပိုင်းကာလ လူမှုမီဒီယာသုံးစွဲမှုကိုလည်း ပိတ်ပင်သင့်ကြောင်း ပြင်သစ်လွှတ်တော်ကော်မတီက အကြံပြုထားသည်။

ကလေးများနှင့် ဆယ်ကျော်သက်များ လူမှုမီဒီယာသုံးစွဲမှုကို ပိတ်ပင်ရန်ဆန္ဒရှိကြောင်း ပြင်သစ်အစိုးရက ပြောကြားထားပြီးဖြစ်သည်။

ဩစတြေးလျနိုင်ငံက အသက် ၁၆ နှစ်အောက်ကလေးများ လူမှုမီဒီယာသုံးစွဲမှုပိတ်ပင်ရေးဥပဒေကြမ်းကို စတင်ရေးဆွဲခဲ့ပြီးနောက် ပြင်သစ်အစိုးရကလည်း ကလေးများလူမှုမီဒီယာသုံးစွဲမှုကို ပိတ်ပင်ရန် စဉ်းစားလာခြင်းဖြစ်ကြောင်း သိရသည်။


ကလေးများ လူမှုမီဒီယာသုံးစွဲခွင့်ပိတ်ပင်ရေးနှင့် ပတ်သက်၍ အကြံပြုချက်များ တင်ပြရေး လွှတ်တော်ကော်မတီကို ယခုနှစ်မတ်လတွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

အဆိုပါကော်မတီသည် မိသားစုများ၊ လူမှုမီဒီယာကုမ္ပဏီများမှ တာဝန်ရှိသူများ၊ လူမှုမီဒီယာများပေါ်၌ ဩဇာကြီးသူများနှင့်စစ်ဆေးကြားနာမှုများပြုလုပ်ခဲ့ပြီးနောက် အကြံပြုချက်များ တင်ပြထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ပြင်သစ်နိုင်ငံက လေဆာလက်နက်စနစ်သစ်၏ ရွေ့ပြေးနမူနာပုံစံကိုတီထွင်ရန် ပြည်တွင်းကုမ္ပဏီအုပ်စုနှင့် စာချုပ်ချုပ်ဆိုခဲ့



ပြင်သစ် လက်နက်ဝယ်ယူရေး အေဂျင်စီသည် ၂၀၃၀ ပြည့်နှစ်တွင် အသုံးပြုနိုင်မည့် လေဆာ လက်နက်စနစ်သစ်၏ ရွေ့ပြေးနမူနာပုံစံကို တီထွင်ရန်အတွက် ပြည်တွင်းကုမ္ပဏီအုပ်စုဖြစ်သော MBDA၊ Sofran Electronics & Defence၊ Thales၊ Cilas တို့နှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Syderal အမည်ရှိ မျိုးဆက်သစ် လေဆာလက်နက်စနစ်သည် မောင်းသူမဲ့လေယာဉ်များကို တန်ပြန်တိုက်ခိုက်ရန်နှင့် တာတိုပစ်လေကြောင်းရန် ကာကွယ်ရေးအခန်းကဏ္ဍအတွက် ရည်ရွယ်ထားသည်။ အဆိုပါစနစ်သည် စွမ်းဆောင်ရည်အမြင့်မားဆုံးရရှိရန် လေဆာရောင်ခြည်များကို ပေါင်းစပ်အသုံးပြုမည်ဖြစ်ပြီး ပါဝါထုတ်လွှတ်မှုအနေဖြင့် ကီလိုဝပ်ဆယ်ဂဏန်းထိ ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

MBDA၊ Safran Electronics & Defense၊ Thales နှင့် Cilas အစရှိသည့် ကုမ္ပဏီများသည် လေဆာရောင်ခြည်ပေါင်းစပ်ခြင်း၊ တိကျမှုမြင့်မားစွာဖြင့် ရုပ်မြင်သံကြား ခြေရာခံထိန်းကျောင်းခြင်းများ၊ လိုက်လျောညီထွေဖြစ်သည့် အာရုံခံနိုင်မှုနည်းပညာများ အစရှိသည့် သက်ဆိုင်ရာ ကျွမ်းကျင်နယ်ပယ်အပေါ် အခြေခံပြီး လေဆာလက်နက်စနစ်ကို တီထွင်နေခြင်းဖြစ်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ Cilas ကုမ္ပဏီသည် Paris 2024 အိုလံပစ်ပွဲတော်တွင် ၎င်းတို့၏ Helma–P မောင်းသူမဲ့လေယာဉ် တန်ပြန်တိုက်ခိုက်ရေး လေဆာလက်နက်စနစ်ကို တပ်ဖြန့်အသုံးပြုခဲ့ပြီးဖြစ်သည်။ ထိုစနစ်သည် စစ်မြေပြင်နှင့် မြို့ပြပတ်ဝန်းကျင် အခြေအနေနှစ်မျိုးစလုံးတွင် ပစ်မှတ်များကို ရှာဖွေထောက်လှမ်း၍ တန်ပြန်တိုက်ခိုက်ခြင်း လုပ်ငန်းစဉ်များကို တိကျလျင်မြန်စွာ တိုက်ပွဲဝင်လုပ်ဆောင်နိုင်စွမ်းရှိသည်။ အကွာအဝေး တစ်ကီလိုမီတာကျော်အတွင်း မောင်းသူမဲ့လေယာဉ်များ၊ ရေဒါများ၊ ဒုံးကျည်များနှင့် ဖောက်ခွဲရေးပစ္စည်းများကို တိုက်ခိုက်ဖျက်ဆီးပစ်နိုင်ကြောင်း သိရသည်။

Syderal သရုပ်ပြလေဆာလက်နက်စနစ်သည် Helma–P လေဆာစနစ်ကို တီထွင်ထုတ်လုပ်ခဲ့မှုမှ ရရှိခဲ့သော အတွေ့အကြုံများပေါ်အခြေခံ၍ ဆက်လက်တီထွင်ဆန်းသစ်နိုင်ခဲ့ခြင်း ဖြစ်သည်။ ပိုမိုမြင့်မားကောင်းမွန်သော စွမ်းအင်ထုတ်လွှတ်မှုအဆင့်ကို ရရှိရန်နှင့် ဒုံးကျည်များကဲ့သို့ ပိုမိုရှုပ်ထွေးနက်နဲသောလေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်ချေမှုန်းနိုင်ရန် ပထမဆုံး ကြိုးပမ်းလုပ်ဆောင်လာမှုလည်းဖြစ်သည်။

ယခုစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် Cilas နှင့် Lumibird ကုမ္ပဏီတို့သည် ၂၀၂၄ ခုနှစ်တွင် ယူရို ၁၀ သန်းတန်ဖိုးရှိသဘောတူညီမှုစာချုပ်တစ်ရပ်ကို ပြင်သစ် လက်နက်ဝယ်ယူရေးအေဂျင်စီနှင့် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ထိုစာချုပ်သည် အလွန်မြင့်မားသောစွမ်းအင်ထုတ်လုပ်နိုင်စေရန်အတွက် လေဆာရောင်ခြည်များစွာကို ပေါင်းစပ်နိုင်မည့် လေဆာရင်းမြစ်တစ်ခုကို တီထွင်ထုတ်လုပ်ရန်ဖြစ်ကြောင်း သိရသည်။

**France Launches High–Power Laser Project to Counter Drones, Missiles ကို ဘာသာပြန်ဆိုထားပါသည်။**

## Saab ကုမ္ပဏီက Giraffe 4A ရေဒါစနစ်နှင့် ဆက်စပ်ဝန်ဆောင်မှုများ လက်တင်အမေရိကနိုင်ငံတစ်နိုင်ငံသို့ရောင်းချရန် စာချုပ်ချုပ်ဆိုခဲ့

ဆွီဒင်နိုင်ငံ Saab ကုမ္ပဏီသည် လက်တင်အမေရိကနိုင်ငံ တစ်နိုင်ငံအတွက် Giraffe 4A ရေဒါစနစ်နှင့် ဆက်စပ်ဝန်ဆောင်မှုများ ရောင်းချရန် စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက စက်တင်ဘာ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဆွီဒင်နိုင်ငံ စတော့ဟုမ်းအခြေစိုက် ကုမ္ပဏီသည် မြေပြင်အခြေစိုက် Giraffe 4A ရေဒါစနစ်ကို လက်တင်အမေရိကနိုင်ငံ တစ်နိုင်ငံသို့ ပထမဆုံးအကြိမ် ရောင်းချခဲ့ခြင်းဖြစ်ပြီး မည်သည့်နိုင်ငံဖြစ်သည်ကို ဖော်ပြထားခြင်းမရှိဘဲ စာချုပ်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၅ သန်းခန့် ရှိကြောင်း သိရသည်။

Giraffe 4A ရေဒါစနစ်သည် လေကြောင်းရန်ကာကွယ်ရေး၊ စောင့်ကြည့်ရေးနှင့် စစ်ဘက်လေကြောင်းထိန်းချုပ်ရေးတို့အတွက် ဒီဇိုင်းထုတ်ထားသော ယာဉ်တင်စနစ်တစ်ခုဖြစ်ပြီး ပစ်မှတ်အများအပြားကို တစ်ပြိုင်နက်တည်း ခြေရာခံ ထိန်းကျောင်းနိုင်စွမ်းရှိကြောင်း သိရသည်။

"ဒီသမိုင်းမှတ်တိုင်ဟာ ကျွန်တော်တို့ရဲ့ အဆင့်မြင့်တာလတ်ရှာ ရေဒါနဲ့အတူ ဒီဒေသမှာ ကျွန်တော်တို့ရဲ့ တည်ရှိမှုကို ချဲ့ထွင်ဖို့ အရေးပါတဲ့ခြေလှမ်း တစ်ရပ်ပါပဲ။ ဒီစွမ်းရည်က ကျွန်တော်တို့ရဲ့ ဖောက်သည်နိုင်ငံတွေကို ခေတ်မီတဲ့ လေကြောင်းထောက်လှမ်းရေးစွမ်းရည်ကို ပေးစွမ်းနိုင်မှာပါ"ဟု Saab ကုမ္ပဏီ ထောက်လှမ်းရေးဌာန အကြီးအကဲ Carl–Johan Bergholm က ထုတ်ဖော်ပြောကြားခဲ့သည်။

ဆွီဒင်တပ်မတော်နှင့် အမေရိကန်ဒေါ်လာ ၁၄၈ ဒသမ ၉ သန်းတန် ဝယ်ယူရေးစာချုပ်၊ ဥရောပရှိအမေရိကန်လေတပ်နှင့် အမေရိကန်ဒေါ်လာ ၄၈ သန်းတန်သဘောတူစာချုပ်များအပါအဝင် ရေဒါစနစ်ကို ရောင်းချပေးရန် အမှာစာများ ထပ်မံလက်ခံရရှိခဲ့ခြင်းလည်းဖြစ်သည်။

၂၀၁၄ ခုနှစ်က စတင်ထုတ်လုပ်ခဲ့သော Giraffe 4A ရေဒါစနစ်သည် လေယာဉ်များ၊ မောင်းသူမဲ့လေယာဉ်စနစ်များ၊ ဒုံးကျည်များနှင့်အမြောက်ကျည်များ၏တည်နေရာကို အကွာအဝေး ကီလိုမီတာ ၄၀၀ ထိ ရှာဖွေထောက်လှမ်းနိုင်စွမ်းရှိသည်။ ကုမ္ပဏီ၏အဆိုအရ အဆိုပါရေဒါစနစ်သည် ၃၆၀ ဒီဂရီပတ်လည်လွှမ်းခြုံနိုင်ပြီး ပစ်မှတ်ဆိုင်ရာအချက်အလက်များကို တစ်စက္ကန့်လျှင် တစ်ကြိမ်နှုန်းနှင့် Update တွက်ချက်ဖော်ပြပေးနိုင်စွမ်းရှိသည်။

တစ်ကြိမ်ထောက်လှမ်းသိရှိဖူးပြီးသား ပစ်မှတ်တစ်ခုကိုချိန်ရွယ်၍ Scanning ပြုလုပ်မည်ဆိုပါက ပစ်မှတ်ဆိုင်ရာအချက်အလက်များကို တစ်စက္ကန့်လျှင် ရှစ်ကြိမ်ထိ အချက်အလက်သစ်များ ပံ့ပိုးပေးနိုင်မည် ဖြစ်သည်။ Giraffe 4A ရေဒါစနစ်ကို စစ်သည်နှစ်ဦးနှင့် အချိန် ၁၀ မိနစ်အောက်အတွင်း တပ်ဆင်အသုံးပြုနိုင်ပြီး၊ C–130 Hercules၊ A400M Atlas နှင့် C–17 Globemaster III ကဲ့သို့ စစ်ဘက်သယ်ယူပို့ဆောင်ရေး လေယာဉ်များနှင့်လည်း သယ်ယူပို့ဆောင် တပ်ဖြန့်နိုင်မည်ဖြစ်သည်။



ဆွီဒင်နိုင်ငံ Saab ကုမ္ပဏီထုတ် Giraffe 4A ရေဒါစနစ်ကို လက်တင်အမေရိကနိုင်ငံတစ်နိုင်ငံတွင် ပထမဆုံးအကြိမ် ရောင်းချနိုင်ခဲ့ခြင်းသည် ကုမ္ပဏီ၏ အပြည်ပြည်ဆိုင်ရာ အလားအလာများအတွက် အဓိက အရေးပါသောအဆင့်တစ်ခုဖြစ်သည်။ လက်တင်အမေရိကနိုင်ငံများအနေဖြင့် ယခင်က အမေရိကန်သို့မဟုတ် ရုရှား၊ တရုတ်နိုင်ငံထုတ် ကာကွယ်ရေးစနစ်များကို အဓိကအခြေခံထားသော်လည်း ယခုလို ဥရောပနည်းပညာ ထုတ်ကုန်များသို့ ဦးတည်မှုသည် မူဝါဒပိုင်းပြောင်းလဲမှုအဖြစ် ထည့်သွင်းစဉ်းစားနိုင်သည်။ Giraffe 4A ရေဒါစနစ်သည် AESA နည်းပညာ ကို အသုံးပြုသည့် ပြောင်းလွယ်ပြင်လွယ် စွမ်းဆောင်ရည်မြင့် ရေဒါစနစ်ဖြစ်ပြီး လေကြောင်းခြိမ်းခြောက်မှုများအပြင် ဒရုန်းများကဲ့သို့သော နောက်ဆုံးပေါ် မျိုးဆက်သစ် ခြိမ်းခြောက်မှုများကို ထိရောက်စွာတန်ပြန် ထောက်လှမ်းနိုင်စွမ်းရှိကြောင်း သိရသည်။

ထို့ကြောင့် လက်တင်အမေရိကဒေသအတွက် လေကြောင်းလုံခြုံရေးတိုးတက်ဖွံ့ဖြိုးမှုတစ်ရပ်ဖြစ်သည်ဟု ခန့်မှန်းသုံးသပ်နိုင်ကြောင်း သိရသည်။

**Saab Lands First Giraffe 4A Ground–Based Radar Deal in Latin America ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

## နိုင်ငံတကာ အားကစားသတင်းများ

# Korea Open တင်းနစ်ပြိုင်ပွဲတွင် စဝီယာတက်ခ် ပါဝင်ယှဉ်ပြိုင်မည်

**ဝါဆော စက်တင်ဘာ ၁၁**

ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်သည် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် စက်တင်ဘာ ၁၃ ရက်၌ စတင်ကျင်းပသွားမည့် Korea Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ယနေ့တွင် အတည်ပြုခဲ့သည်။

စဝီယာတက်ခ်သည်ကစားသမား ဘဝ သက်တမ်းတစ်လျှောက် Korea Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လေ့မရှိဘဲ ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ယခုနှစ်အတွင်း အောင်မြင်မှုအနည်းငယ်သာ ရရှိထားသည့် စဝီယာတက်ခ်အနေဖြင့် ရာသီမကုန်မီ အောင်မြင်မှုများ ထပ်မံရယူနိုင်ရေးအတွက် ပစ်မှတ်ထားနေကြောင်း သိရသည်။

စဝီယာတက်ခ်သည် ၂၀၂၄ ခုနှစ်က Korea Open တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စီစဉ်ခဲ့သော်လည်း တားမြစ်ဆေးဝါးပြဿနာကြောင့်ပြိုင်ပွဲမှနုတ်ထွက်ခဲ့ရသည်။

လက်ရှိ ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် စဝီယာတက်ခ်သည် ကမ္ဘာ့အဆင့်(၁) နေရာအား ပြန်လည်ရရှိရေးအတွက် ပစ်မှတ်ထားနေကြောင်း သိရသည်။

စဝီယာတက်ခ်က "တောင်ကိုရီးယားမှာကျင်းပမဲ့ Korea Open တင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်တုန်းက ပြိုင်ပွဲဝင်ဖို့အတွက် ပြင်ဆင်ပြီးမှ တားမြစ်ဆေးဝါးပြဿနာကြောင့် ပြိုင်ပွဲကနေနုတ်ထွက်ခဲ့ရတယ်။ ဒီနှစ်တော့ ပါဝင်ယှဉ်ပြိုင်ခွင့်ရပြီဖြစ်ပါတယ်။ ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ရမှာဖြစ်တဲ့အတွက် စိတ်လှုပ်ရှားမိပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



## အားကစားသတင်းအတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းက အိုဗီဒိုအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်တွင် ပထမဦးဆောင်ဂိုး သွင်းယူခဲ့သည့် အမ်ဘက်ပီကို လူမျိုးရေးခွဲခြားမှုပြုလုပ်ခဲ့သည့် အိုဗီဒိုအသင်း ပရိသတ်များအား စပိန်ရဲတပ်ဖွဲ့ကရုပ်သံမှ ပြန်လည်ကြည့်ရှုကာ ပါဝင်ခဲ့သူအားလုံးကို ဖမ်းဆီးခဲ့ပြီးနောက် ထောင်ဒဏ်သုံးနှစ်သို့မဟုတ် ငွေဒဏ် ယူရို ၆၀၀၀၀ မှ ၆၅၀၀၀၀ ထိ အမြင့်ဆုံး ချမှတ်နိုင်ကြောင်း သိရသည်။
- ဩဂုတ်လအတွက် တစ်လတာအကောင်းဆုံး ဂိုးသမားဆုကို ဘာစီလိုနာအသင်း ဂိုးသမားဂါစီယာက အသင်းအတွက် အဓိကကာကွယ်မှု ငါးကြိမ်ပြုလုပ်နိုင်ခဲ့ပြီး အသင်းကို ရမှတ်ရှာဖွေပေးနိုင်ခဲ့သောကြောင့် အကောင်းဆုံးဂိုးသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည်။
- အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ချဲလ်ဆီးအသင်းကို ပြီးခဲ့သည့် ကစားသမားအပြောင်းအရွှေ့များတွင် အေးဂျင့်စည်းမျဉ်းများ ချိုးဖောက်ခဲ့မှုကြောင့် စွဲချက်တင်ခဲ့သော်လည်း ဘဏ္ဍာရေးပြစ်ဒဏ်သာ ချမှတ်သွားမည်ဖြစ်ကြောင်း သိရသည်။ ML

# ဂျာမန်တတိယတန်းကလပ် ၁၈၆၀ မြူးနစ်အသင်းကို အာဆင်နယ်အသင်းဂိုးသမားဟောင်း လေးမန်း ဝယ်ယူ

**လန်ဒန် စက်တင်ဘာ ၁၁**

အာဆင်နယ်အသင်း ဂိုးသမားဟောင်း လေးမန်းသည် ဂျာမန်တတိယတန်းကလပ် ၁၈၆၀ မြူးနစ်အသင်းကို အပြီးသတ်ဝယ်ယူနိုင်ရန် ဆွေးနွေးခဲ့ရာ သဘောတူညီမှုရခဲ့သည်။

အသင်းပိုင်ရှင်ဟန်ဆန် ပိုင်ဆိုင်ထားသည့် အစုရှယ်ယာများကို အာဆင်နယ်အသင်း ဂိုးသမားဟောင်း လေးမန်းက ဝယ်ယူရန်ဆုံးဖြတ်၍ အသင်းကို တိုးတက်မှုများရရှိအောင် စီမံကိန်းများချမှတ်ကာ အောင်မြင်မှုများရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုရာသီတွင် ၁၈၆၀ မြူးနစ်အသင်းကို ယခင်ဆွစ်ဇာလန်နိုင်ငံ အခြေစိုက်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီကဟန်ဆန်ထံမှ ဝယ်ယူရန်ကြိုးပမ်းခဲ့ရာ အောင်မြင်မှုမရခဲ့သဖြင့် ၎င်းပိုင်ဆိုင်သည့် အစုရှယ်ယာ





၆၀ ရာခိုင်နှုန်းကို လေးမန်းနှင့် ၎င်း၏ အကျိုးတူပူးပေါင်းမှုအဖွဲ့က ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဝန်းကျင်ဖြင့်ဝယ်ယူနိုင်ရန် သဘောတူညီခဲ့ပြီး အသင်းကို ဘဏ္ဍာရေးအင်အားတောင့်တင်းအောင် ခိုင်မာသည့်စီမံကိန်းများ ချမှတ်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လေးမန်းအနေဖြင့် အသင်းကို ဝယ်ယူခဲ့ပြီးနောက် ကွင်းအသစ် တည်ဆောက်မည့် စီမံကိန်းကို အကောင်အထည်ဖော်ရန်ကြိုးပမ်းနေပြီး အဆိုပါစီမံကိန်းသည် အသင်း၏ အနာဂတ်ကို ပုံဖော်ပေးနိုင်မည်ဟု ယုံကြည်နေသကဲ့သို့ ပရိသတ်ဦးရေ ၄၀၀၀၀ မှ ၅၀၀၀၀ ကြား ဝင်ဆံ့နိုင်မည့် ကွင်းအသစ် တည်ဆောက်မည်ဖြစ်ပြီး ကုန်ကျငွေ ယူရို သန်း ၂၀၀ မှ သန်း ၄၅၀ ကြားထိ အကုန်အကျခံတည်ဆောက်ရန် ခန့်မှန်းထားကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ပြင်သစ်အသင်းနည်းပြရာထူးအတွက် အွန်နရီကိုခန့်အပ်ရန် သတင်းထွက်ပေါ်

**ပဲရစ် စက်တင်ဘာ ၁၁**

ပြင်သစ်အသင်းကို တာဝန်ယူနေသည့် နည်းပြဒက်ချမ့်သည် လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲပြီးပါက အသင်းနှင့်လမ်းခွဲမည်ဖြစ်သောကြောင့် နည်းပြရာထူးအတွက် အသင်း၏ ဂန္ထဝင်ကစားသမားဟောင်းအွန်နရီကရေပန်းစားနေသည်ဟု သတင်းထွက်ပေါ်လျက်ရှိသည်။

ယခင်က ပြင်သစ်အသင်း နည်းပြရာထူးအတွက် နည်းပြဟောင်း ဇီဒန်းကို ခန့်အပ်နိုင်ရန် ဦးစားပေးသတ်မှတ်ထားကြောင်း ပြင်သစ်မီဒီယာများက ဖော်ပြခဲ့သော်လည်း ပြင်သစ်ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ဒက်ချမ့်ကို စာချုပ်သက်တမ်း တိုးခဲ့သောကြောင့် နည်းပြဇီဒန်းကို ခန့်အပ်မည့်သတင်းမှာ ပျောက်ကွယ်ခဲ့သည်။

လက်ရှိတွင် နည်းပြဒက်ချမ့်သည် အသင်းနှင့် ၂၀၂၆ ခုနှစ်ကုန်တွင် စာချုပ်ကုန်ဆုံးမည်ဖြစ်သောကြောင့် အာဆင်နယ်အသင်း၏ လက်ထောက်နည်းပြအဖြစ် တာဝန်ထမ်းဆောင်နေသည့် အသင်းဂန္ထဝင်ကစားသမားဟောင်း အွန်နရီက နည်းပြချုပ်တာဝန်ကို ဆက်လက် ထမ်းဆောင်နိုင်ဖွယ်ရှိသည်။

အသက် ၅၅ နှစ်ရှိ နည်းပြဒက်ချမ့်သည် ပြင်သစ်အသင်းကို စတင်တာဝန်ယူပြီးနောက် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခရိုအေးရှားအသင်းကို အနိုင်ယူကာ လေးဂိုး နှစ်ဂိုးဖြင့် နိုင်ပွဲရယူ၍ ချန်ပီယံဆုဖလား ရယူပေးနိုင်ခဲ့သည့်အပြင် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အသင်းကို ဗိုလ်လုပွဲသို့ ပို့ဆောင်ပေးခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်တွင် ရှုံးနိမ့်ခဲ့သဖြင့် ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသော်လည်း ၎င်းတာဝန်ယူခဲ့သည့် ၁၃ နှစ်တာကာလတွင် အသင်းကို အောင်မြင်မှုများ ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပြောင်းရွှေ့ခွင့်မပြုခဲ့သည့် လာပေါ်တီကို ဘီလ်ဘာအိုအသင်းခေါ်ယူရန် ကြိုးပမ်း

**မက်ဒရစ် စက်တင်ဘာ ၁၁**

ဘီလ်ဘာအို အသင်းသည် အပြောင်းအရွှေ့ကာလ နောက်ဆုံးအချိန်တွင် အယ်နာဆာအသင်းမှ ခံစစ်ကစားသမား လာပေါ်တီကို ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ စာရွက်စာတမ်းလိုအပ်ချက်ကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ခွင့်မပြုခဲ့သော်လည်း ယခုအခါ အယူခံတင်သွင်း၍ ခေါ်ယူရန် ဆက်လက်ကြိုးပမ်းခဲ့ကြောင်း သိရသည်။

လာပေါ်တီ၏ အပြောင်းအရွှေ့ဖြစ်စဉ်တွင် ကနဦးက တူကီယဲကလပ် ဘက်ဆစ်တပ်အသင်းက အယ်နာဆာအသင်းကို အငှားစာချုပ်ဖြင့်ခေါ်ယူရန် တင်ပြထားပြီး ကစားသမားနှင့် သဘောတူညီမှုရရှိထားသော်လည်း ဘီလ်ဘာအိုအသင်းက ပြောင်းရွှေ့ကြေး ယူရို ၁၀ သန်းဖြင့် အပြီးသတ်ခေါ်ယူရန် ကမ်းလှမ်းလာချိန်တွင် အယ်နာဆာအသင်းက ရောင်းချရန်ခွင့်ပြုခဲ့




သော်လည်းစာရွက်စာတမ်းပြည့်စုံမှုမရှိသောကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က အဆိုပါအပြောင်းအရွှေ့ကို ပိတ်ပင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဘီလ်ဘာအိုအသင်းက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ အယူခံတင်သွင်းမှုဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေပြီး အယူခံမအောင်မြင်ပါက အဆိုပါဖြစ်စဉ်ကို အားကစားဆိုင်ရာ ခုံသမာဓိရုံးသို့ ဆက်လက်တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

လာပေါ်တီ၏အပြောင်းအရွှေ့တွင် ဘီလ်ဘာအိုအသင်းအနေဖြင့် အောင်မြင်ခဲ့ခြင်းမရှိပါက ကနဦးအငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် ဘက်ဆစ်တပ်အသင်းက ကစားသမားကို ခေါ်ယူခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အနေဖြင့် အပြောင်းအရွှေ့ နောက်ဆုံးအချိန်တွင် တစ်ဖက်အဖွဲ့အစည်းကြောင့်သော်လည်းကောင်း၊ စာရွက်စာတမ်း မပြည့်စုံမှုကြောင့်သော်လည်းကောင်း အပြောင်းရွှေ့ကို ဆက်လက် လုပ်ဆောင်နိုင်ရန် အယူခံတင်သွင်းခွင့်ပြုထားကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ပထမအင်းဝခေတ် ရာဇဝင်ကျမ်းများ

ဗိုလ်ရှိတ်(ရတနာပူရ)

**ယမန်နေ့မှအဆက်**

"ဘုရားသခင်သာသနာတော် ၁၉၈၅ ခုနှစ် စေ့သောအခါ၌ ဘုရင်မင်းတရားကြီး၏ သားတော်အလတ်ဖြစ်သော သိရိတြိဘဝနာတိတျာနရပတိပဝရမဟာဓမ္မရာဇာဓိပတိအမည်ရှိသော မင်းကြီးသည် အတုလသိရိမဟာဓမ္မဒေဝီဟု အမည်တော်ရှိသော တောင်မိဖုရားခေါင်နှင့်တကွ သားတော်အကြီးအား မဟာသီဟသူရဟူသောအမည်တော်ကို မှည့်စေလျက် အိမ်ရှေ့မင်းတရားကြီးအရာကိုပေး၍ မြေပြင်အလုံး ဘုန်းကျက်သရေတော်ကို နှံ့စေလတ်၏။ "

(ရာဇဝင်ကျော်)

"သက္ကရာဇ် ၆ ခုတွင် ဘဝရှင်မင်းတရားကြီး သားတော်အလတ်ဖြစ်သော ပြည်မင်းသီဟသူသည် သီရိဘဝနာတိတျာနရပတိပဝရ မဟာဓမ္မရာဇာမိရာဇာဓိပတိဟူသော ခဲခက်စွာသောအမည်တော်ကိုခံတော်မူ၍ အတုလသိရိမဟာဓမ္မဒေဝီဟူသော မိဖုရားခေါင်နှင့်တကွ သားတော်အကြီးအား မဟာသီဟသူယဟူသော အမည်ကိုခံစေလျက် အိမ်ရှေ့အရာပေး၍ မြမ္မာပြည်အလုမ်းကိုဝ်ဖုန်းကျက်သရေတော်ဖြစ် နန့်စေသတည်း။"

(ပထမရာဇဝင်)

"သက္ကရာဇ် ၈ဝ၄ ခု သက္ကရာဇ်တို ၆ ခုတွင် ညီတော်ပြည်မင်းသီဟသူသည် သီရိတြိဘဝနာဒိတျပဝရနရပတိမဟာရာဇာဓိပတိဟူသော အမည်ကိုခံ၍ မင်းပြုတော်မူသည်။"

(ဦးကုလားရာဇဝင်ချုပ်)

အထက်ပါအရေးအသားကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် ရာဇဝင်ကျော်နှင့် ပထမရာဇဝင်သည် အရေးအသားအသုံးအနှုန်း ထပ်တူဖြစ်နေသည်။ ဦးကုလားနှင့်ကား လုံးလုံးကွဲပြားတော့၏။

ထို့ပြင် ရာဇဝင်ကျော်နှင့်ထပ်တူထပ်မျှကျသော အပိုင်းများကိုဆိုပါဦးမည်။ ရာဇဝင်ကျော်တွင် အင်းဝမင်းဆက်ကိုဖော်ပြရာ၌ ပါဠိဂါထာများကို နိဿယပြန်ဆို၍ဖော်ပြ၏။ ရာဇဝင်ကျော်၌ ဖော်ပြထားသော ဂါထာ၊ နိဿယ ပြန်ဆိုပုံနှင့် ပထမရာဇဝင်၌ ပြန်ဆိုပုံမှာထပ်တူထပ်မျှဖြစ်နေ၏။ ရာဇဝင်ကျော်သည် ပါဠိဂါထာကိုသီးသန့်ဖော်ပြပြီးမှ နိဿယကို ထပ်မံဖော်ပြ၏။ ပထမရာဇဝင်၌ကား ထိုသို့မဟုတ်။ နိဿယကိုသာဖော်ပြ၏။ နိဿယပြန်ဆိုပုံကို နှိုင်းယှဉ်ဖော်ပြပါမည်။

"ဇဝံ-ဤသို့ဆိုခဲ့ပြီးသော အစီအစဉ်အားဖြင့်၊ အယံဓမ္မရာဇာ-ဤဘုရားရှင် မင်းတရားသည်လည်း၊ ဓမ္မပရာယနော-တရားဟူသော လဲလျောင်းရာရှိသည်။ ဟုတွာ-ဖြစ်၍၊ ပုညနိ-ကုသိုလ်ကောင်းမှုတို့ကို ကတွာ-ပြု၍၊ တံရဇ္ဇံ-ထိုသို့သော မင်းအဖြစ်ကို၊ ဒွါဒသသမာ-တစ်ဆယ့်နှစ်နှစ်ပတ်လုံး၊ ကာရယိ-မင်းပြု၏။"

(ရာဇဝင်ကျော်)

"ဇဝံ-ဤသို့ဝ်ရေးအပ်ပြီးသော အစီအလှည်အားဖြင့်၊ အယံဓမ္မရာဇာ- ဤဘဝရှင်မင်းတရားသည်လည်း၊ ဓမ္မပယာယနော-တရားဟူသောလည်းလျှောင်ရာရှိသည်၊ ဟုတွာ-ဖြစ်၍၊ ပညာနိ- ကောင်းမှုတိုဝ်ကိုဝ်၊ ကတွာ-ပြု၍၊ တရဇ္ဇံ - ထိုဝ်သို့ဝ်သော မင်းအဖြစ်ကို၊ သမ္ဗာ-ကောင်းစွာ၊ ဒွါဒသ-၁၂နှစ်ပတ်လုံမ်း၊ ကာရယိ-မင်းမူ၏''

(ပထမရာဇဝင်)

ဤမျှဖြင့် ပထမရာဇဝင်သည် ပထမအင်းဝခေတ်တွင်ပြုစုသောရာဇဝင်ဖြစ်ကြောင်း ထင်ရှားလှသည်။

"အဝရာဇဝင်၊ တိတ်ရာဇဝင်”မှ ထုတ်နုတ်၍ နှိုင်းယှဉ်တင်ပြပါမည်။ ဤရာဇဝင်မှ ကျန်စစ်သား၏ အကြောင်းကိုထုတ်နုတ်ဖော်ပြမည်။ ဦးကုလား၏ မဟာရာဇဝင်ကြီးလာ အရေးအသားဖော်ပြချက်များဖြင့် နှိုင်းယှဉ်ကြည့်ကြရန်ဖြစ်သည်။ ဦးကုလားရာဇဝင်ကြီး၏ အရေးအသားကို ဤ၌ဖော်ပြခြင်း မပြုတော့ပါ။ ရာဇဝင်ကြီးပထမတွဲကို ရှာဖွေဖတ်ရှု၍ နှိုင်းယှဉ်ကြည့်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ကျန်စစ်သားအကြောင်းကို "အဝရာဇဝင်၊ တိတ်ရာဇဝင်"၌ ဖော်ပြထားသည်မှာ ဤသို့ဖြစ်၏။

" ပရိမ်စစ်သားကို မယ်တော်ဝမ်းပိုက်သော ဤပြည်ကိုဝ်မင်းမူအံ့သသူ ဝမ်းပိုက်ရှိပြီးလျှင် ဝမ်းပိုက်ရှိသသူများကိုသတ်၏။ နွားကြောင်း (ကျောင်း) ဖြစ်ပြီဟူလျှင် နွားကြောင်းများကိုဝ်သတ်ရ၏။ ထိုသို့သတ်သည်ကိုဝ်ကြောက်၍ ပရိမ်ကသည် ပြေးလေ၏။မင်းကြီးဆြာဝယ် မင်းမူလေ၏။ ရဟန်းမူလေ၏။ ရဟန်းပြုလှာသောဟုလျှင် မင်းကြီးသိလိုဝ် ရကား ဆွမ်းကျွေးပြီးသော် ရှင်ငယ်များ အစည်နေစေ၍ လက်တော်နှင့်ရွှေကရားကိုင်၍ အစည်သွန်း၍ သောက်စေ၏။ ပရိမ်စစ်သား ရှင်ငယ်ခံတွင်းဝယ် စက်ပြောင်ပြောင်ကိုမြင်မှ ဤရှင်ငယ်ဟုတ်တည်ဟု ဖန်းအံ့သည်ဟု ပုဏ္ဏား၊ ဟူးရာတတ်တို့ကို ရှင်ငယ်မင်းအံ့သည်ကားငါနှင့်မင်လေ့ဟုမေးသော် မင်းကြီးလွန်၍ မင်းတယောက်ချားမှဟူပေ၏။ ငလက်ထက်ကပြီးကား ဆိုဖွယ်မရှိပေတကားဟူပေ၏။ အစွမ်းပကားခွန်အားလည်း လူခြင်းတကာတတ်လွန်စွာ၏။ လှန်ထိုးအရာ၌လည်း ဖြောက်လှစွာ၏။ မင်းကြီးလည်းယုမ်စွာ၏။"

ယခုကဲ့သို့သော ရေးကျသည့်အရေးအသားအသုံးအနှုန်းကို ဦးကုလားရာဇဝင်ကြီးတွင် မသုံးတော့ပေ။ ဦးကုလားအရေးအသားနှင့်ယှဉ်၍ ဖတ်ကြည့်ကပို၍သိသာသည်။ အချုပ်အားဖြင့် ဆိုရပါမူ ဤရာဇဝင်ချုပ်နှစ်စောင်သည်။

၁။ ရှင်မဟာသီ လဝံသ၏ ရာဇဝင်ကျော်နှင့် အရေးအသားတူညီခြင်း။

၂။ ရှေးကျသောအရေးအသားများဖြစ်ခြင်း၊ တစ်နည်းအားဖြင့် ပထမအင်းဝခေတ် အရေးအသားများဟု ဆိုနိုင်ခြင်း။

၃။ ဦးကုလားရာဇဝင်ကြီးနှင့် အရေးအသား လုံးဝမတူဘဲ ပို၍ရှေးကျနေခြင်း။

၄။ ရာဇဝင်ချုပ်နှစ်စောင်စလုံးသည် ရွှေနန်းကြော့ရှင်လက်ထက်ထိသာ ရေးသားထားခြင်း။

စသည့်အချက်များကြောင့် ရာဇဝင်ကျော်ပြုစုပြီးနောက်ပိုင်း၊ ရွှေနန်းကြော့ရှင်နတ်ရွာစံပြီးနောက်ပိုင်းတွင်ပြုစုခဲ့သော ရာဇဝင်ချုပ်များဟု သုံးသပ်နိုင်သည်။ သို့ဖြစ်သောကြောင့် ရာဇဝင်ကျော်နှင့် မြောက်နန်းကျောင်းရာဇဝင်ချုပ်တို့၏ ကြားကာလတွင် ဤရာဇဝင်ချုပ်နှစ်စောင်ပေါ်ထွန်းခဲ့သည်ဟု ဆိုနိုင်ပါသည်။ ထို့ထက်ပို၍ဆိုရပါမူ ရာဇဝင်ကျော်သည် မဟာသမတမင်းဆက်နှင့် သီဟိုဠ်မင်းဆက်တို့ကိုသာ အဓိကဖော်ပြထားပြီး မြန်မာရာဇဝင်မှာ မည်မည်ရရမပါပေ။ ရာဇဝင်မည်ကာမတ္တမျှသာဖြစ်သည်။ မြန်မာရာဇဝင်ကို အစအဆုံးရေးသားသောရာဇဝင်ကိုသာ အစောဆုံးဟု သတ်မှတ်ရမည်ဆိုလျှင် ဤရာဇဝင်ချုပ်နှစ်စောင်သည် အစောဆုံးရာဇဝင်များဟု သတ်မှတ်သင့်ပေသည်။ ပထမအင်းဝခေတ်တွင် ဤရာဇဝင်ချုပ်နှစ်စောင်အပြင် အခြားရာဇဝင်ကျမ်းများလည်း ရှိနိုင်ပါသည်။ တိမ်မြုပ်နေခြင်းကြောင့်သာ မတွေ့ရခြင်းဖြစ်ပေမည်။ ထိုသို့ တိမ်မြုပ်နေသည်များကို ဖော်ထုတ်ရန်မှာသုတေသီတို့၏တာဝန်သာဖြစ်သည်။

**❖ ရှင်မဟာသီလဝံသ၏ ရာဇဝင်ကျော်နှင့် ပထမရာဇဝင်၊ အဝရာဇဝင်၊ တိတ်ရာဇဝင်ကျမ်းတို့ကို ပထမအင်းဝခေတ်တွင် ပေါ်ထွန်းခဲ့သောရာဇဝင်ကျမ်းများဟုဆိုခဲ့သည်။ ထိုကျမ်းသုံးစောင်တွင် ရှင်မဟာသီလဝံသ၏ရာဇဝင်ကျော်သည် ကျမ်းပြီးနှစ်သက္ကရာဇ်တွေ့ရသဖြင့် အစောဆုံးရာဇဝင်ဟု ဆိုနိုင်သည်။ သို့သော် ထို့ထက်စောသော မင်းဆက်လက်ာကို မမျှော်လင့်ဘဲ မှတ်တမ်းတစ်စောင်တွင် တွေ့ရှိရသည်။ ထိုလက်ာမှာ "ဘိုးရာဇာဆို မင်းဆက်လက်ာဖြစ်သည်။❖**

**ဘိုးရာဇာဆို မင်းဆက်လင်္ကာ**

ရှင်မဟာသီလဝံသ၏ ရာဇဝင်ကျော်နှင့် ပထမရာဇဝင်၊ အဝရာဇဝင်၊ တိတ်ရာဇဝင်ကျမ်းတို့ကို ပထမအင်းဝခေတ်တွင် ပေါ်ထွန်းခဲ့သောရာဇဝင်ကျမ်းများဟုဆိုခဲ့သည်။ ထိုကျမ်းသုံးစောင်တွင် ရှင်မဟာသီလဝံသ၏ရာဇဝင်ကျော်သည် ကျမ်းပြီးနှစ်သက္ကရာဇ်တွေ့ရသဖြင့် အစောဆုံးရာဇဝင်ဟု ဆိုနိုင်သည်။ သို့သော် ထို့ထက်စောသော မင်းဆက်လင်္ကာကို မမျှော်လင့်ဘဲ မှတ်တမ်းတစ်စောင်တွင် တွေ့ရှိရသည်။ ထိုလင်္ကာမှာ "ဘိုးရာဇာဆို မင်းဆက်လင်္ကာဖြစ်သည်။

ရတနာပုံခေတ်တွင် မြောင်လှမြို့စားဦးခြိမ့်ဟူသော ပညာရှိကြီးတစ်ဦးရှိ၏။ ဦးခြိမ့်ကိုကဝိလက္ခဏာဒီပနီကျမ်းပြုဆရာအဖြစ် အသိများကြသည်။ ဦးခြိမ့်သည် စာပေကျမ်းဂန်နှံ့စပ်ကျွမ်းကျင်သူ တစ်ဦးဖြစ်သည်။ ဦးခြိမ့်ပိုင်စာပေများကို စာရင်းတင်ထားသော ပုရပိုက်တစ်ဆူကို လေ့လာခွင့်ရခဲ့ပါသည်။ ထိုပုရပိုက်ခေါင်းစဉ်တွင် "အရပ်ရပ်လောကဓမ္မနှင့်စပ်ဆိုင်သည့် ရာဇဝင်၊ စာတမ်း၊ ကျောက်စာ၊ သမိုင်း၊ ပျို့၊ လင်္ကာ၊ ရတု၊ ချောင်း၊ မော်ကွန်း၊ လင်္ကာ ရာမဆရာတော်ဘုရားကျောင်းရှိ ဝန်ထောက်တော် မြောင်လှ မြို့စားမင်းပိုင်စာရင်းဘုရား"ဟု ရေးထား၏။ ထိုစာရင်းတွင် "ဘိုးရာဇာဆို မင်းဆက်လင်္ကာ" "ခေ"အစ"ဂီ"အဆုံး ၁၀ချပ်ရှိပေမူကို ဖော်ပြထားသည်။ ကြောင်းရေမှာ ၁၀ ကြောင်းရေးပေစာဖြစ်ကြောင်း သိရသည်။

ထိုမင်းဆက်လင်္ကာမှာ ၁၀ ကြောင်းရေးပေ ၁၀ချပ်ရှိသောကြောင့် ပိုဒ်ရေမှာမနည်းလှဟု မှန်းဆရသည်။ လင်္ကာစာကိုယ်ကိုမတွေ့ရပေ။ စာရင်းမျှသာတွေ့ရပါသည်။ ကျမ်းပြုသူမှာ "ဘိုးရာဇာ" ဟု ဆိုထားသောကြောင့် ထိုမင်းဆက်လင်္ကာကို ရေးဖွဲ့ခဲ့သည်မှာ အင်းဝခေတ်တွင်ထင်ရှားလှသည့် ဝန်ဇင်းမင်းရာဇာခေါ်ဘိုးရာဇာပင်ဖြစ်သည်။ ဝန်ဇင်းမင်းရာဇာသည် အင်းဝဘုရင်မင်းကြီးစွာစော်ကဲလက်ထက်မှသားတော်ဆင်ဖြူရှင်တရဖျား၊ ညီတော်မင်းခေါင်ကြီးလက်ထက်ထိ ထင်ရှားသောပညာရှိကြီးဖြစ်သည်။ ဘိုးရာဇာသည် မင်းခေါင်ကြီးလက်ထက် သက္ကရာဇ် ၇၈၃ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ ရာဇဝင်ကျော်မှာ ၈၈၂ ခုနှစ်တွင်ပြုစုပြီးစီးခဲ့ခြင်းဖြစ်သည်။ ရာဇဝင်ကျော်ကျမ်းပြီးနှစ်နှင့် ဝန်ဇင်းမင်းရာဇာကွယ်လွန်သော နှစ်ပင်လျှင်နှစ်ပေါင်း ၉၉နှစ်ကွာခြားနေ၏။ ဤမှာ ဝန်ဇင်းမင်းရာဇာကွယ်လွန်သောနှစ်နှင့်တွက်ခြင်းဖြစ်သည်။ မင်းဆက်လင်္ကာကြီးကို ဝန်ဇင်းမင်းရာဇာသည် မကွယ်လွန်မီမည်သည့်ခုနှစ်က ရေးသားပြီးစီးခဲ့သည်ကိုမသိရပေ။ ခန့်မှန်းကြည့်မည်ဆိုလျှင် ဝန်ဇင်းမင်းရာဇာပြုစုခဲ့သော မင်းဆက်လင်္ကာကြီးသည် ရာဇဝင်ကျော်ထက် နှစ်ပေါင်း၁၀၀ ကျော်မျှစောသည်ဟု အကြမ်းဖျင်းအားဖြင့် ခန့်မှန်းနိုင်သည်။ ဝန်ဇင်းမင်းရာဇာဆို မင်းဆက်လင်္ကာကြီးမှာ မြောင်လှမြို့စားမင်းဦးခြိမ့်ပိုင် စာစာရင်းတွင် တွေ့ရ၍သာ ထိုလင်္ကာကြီးရှိကြောင်း သိရသည်။ လင်္ကာစာကိုယ်မှာ ပျောက်ဆုံးနေဆဲဖြစ်သဖြင့် ထိုလင်္ကာအကြောင်းကို တိတိကျကျပြောနိုင်ရန်ခက်ပါသည်။ သို့သော် ကောက်ချက်ချနိုင်သည်မှာ မြောင်လှမြို့စားပိုင်စာရင်းအရ အစောဆုံးရာဇဝင်ကျမ်းမှာ ရာဇဝင်ကျော်မဟုတ်တော့ဘဲ ဘိုးရာဇာဆိုမင်းဆက်လင်္ကာကြီးဟု ပြောင်းလဲ၍မှတ်သားသင့်သည် ထင်ပါသည်။

**သုံးသပ်ချက်**

ပုဂံခေတ်ကာလတွင် ရာဇဝင်ကျမ်းများပေါ်ထွက်ခဲ့သော်လည်း ထိုကျမ်းများကို ယခုအခါတွေ့ရန်မလွယ်တော့ပေ။ ဆရာကြီးဦးမြင့်ဆွေ၏ စာရင်းအရ ပုဂံခေတ်တွင် -

၁။ ပုဂံမြို့ငှက်ပစ်တောင် ရှင်ဂေါဓဝရ၏ ပေါက္ကံရာဇဝင်

၂။ ရှင်ဝဇီရဗုဒ္ဓိ၏ ပေါက္ကံရာဇဝင်ပါဠိ

၃။ ရှင်ဂုဏာသာမိသီရိလင်္ကာ၏ ပုဂံရာဇဝင်

၄။ ပုဏ္ဏားဖြပ္ပဗ္ဗဏ၏ ပုဂံရာဇဝင်

၅။ အမည်မသိဆရာစီရင်သည့် ပုဂံရာဇဝင်ချုပ်

တို့ဖြစ်သည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ မှန်နန်းရာဇဝင်တော်သစ်တွင် စူဠဝင်ကျမ်းကို ထည့်သွင်းဖော်ပြထားပါသေးသည်။ သို့သော် စူဠဝင်ကျမ်းမှာ မြန်မာရာဇဝင်ကျမ်းမဟုတ်သဖြင့် ပုဂံခေတ်ရာဇဝင်ကျမ်းများစာရင်းတွင် ထည့်သွင်းရန်မသင့်လျော်ပါ။ ပုဂံခေတ်တွင် ရေးသားပြုစုခဲ့သော ရာဇဝင်ကျမ်းငါးစောင်တွင် အရှင်ဝဇီရဗုဒ္ဓိ၏ ပေါက္ကံရာဇဝင်ပါဠိကိုသာ ယခုအခါရှာဖွေတွေ့ရှိရပြီး ကျန်လေးစောင်မှာ ပျောက်ဆုံးနေဆဲဖြစ်သည်။

ပေါက္ကံရာဇဝင်ပါဠိလက်ရေးမူကို အမျိုးသားစာကြည့်တိုက်၌ ထိန်းသိမ်းထားသည်။ ရှိုင်ရယ်ဆိုဒ်စာမျက်နှာ ၁၁၃မျက်နှာရှိပြီး တစ်မျက်နှာလျှင် စာကြောင်းရေ၂၂မျက်နှာပါသည်။ "ရှင်ဝဇီရရေးသောစာ"ဟု မှတ်သားထားချက်ပါ၏။ ကျမ်းအမည်ကို"ပေါက္ကံရာဇဝင်ပါဠိ"ဟူ၍ မှတ်တမ်းတင်ထားသည်။ထိုလက်ရေးမူမှာ ကဏ္ဍငါးခုခွဲခြားပြုစုထား၏။

ပုဂံခေတ်တွင် အထက်ပါကျမ်းငါးစောင်ပေါ်ထွန်းခဲ့ပြီး အင်းဝခေတ်တွင်-

၁။ ဘိုးရာဇာဆို မင်းဆက်လင်္ကာ

၂။ ရာဇဝင်ကျော်

၃။ ပထမရာဇဝင်ချုပ်

၄။ အဝရာဇဝင်၊ တိတ်ရာဇဝင်

တို့သာပေါ်ထွက်ခဲ့သည်ဟု ဆိုရပါမည်။ ဤမှာ ယခုတွေ့ရှိရသမျှ စာရင်းသာဖြစ်သည်။ ထပ်မံရှာဖွေပါက ပထမအင်းဝခေတ်တွင် ပေါ်ထွန်းခဲ့သော ရာဇဝင်ကျမ်းများ ထပ်မံတွေ့ရှိလာဖွယ်ရာရှိပါသည်။ ယခုပင်လျှင် ယခင်က ပထမအင်းဝခေတ်တွင် ရှင်မဟာသီလဝံသပြုစုခဲ့သည့် ရာဇဝင်ကျော်တစ်စောင်တည်းရှိခဲ့ရာမှ ယခုအခါ ဘိုးရာဇာဆို မင်းဆက်လင်္ကာ၊ ပထမရာဇဝင်ချုပ်၊ အဝရာဇဝင်၊ တိတ်ရာဇဝင်ကျမ်းတို့ တွေ့ရှိလာပြီဖြစ်သည်။

# မကွေးမြို့ မြသလွန်စေတီတော်၏ ၂၅၈၉ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်



မကွေး **စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့မြသလွန်စေတီတော်၏ ၂၅၈၉ ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးအောင်ဆန်းထံမှ သိရသည်။

မြသလွန်စေတီတော်၏ ဗုဒ္ဓပူဇနီယပွဲတော်တွင် ဘုရားပွဲဈေးအဖြစ် ဈေးဆိုင်ခန်းပေါင်း ၁၀၀၀ ကျော် ခင်းကျင်းရောင်းချနိုင်ရန် စီစဉ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဗုဒ္ဓပူဇနီယပွဲတော်ကိုတော့ သီတင်းကျွတ်လဆန်း ၁၀ ရက် (အောက်တိုဘာ ၁ ရက်) ကနေ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက် (အောက်တိုဘာ ၂၀ ရက်) ထိ ကျင်းပမှာဖြစ်ပါတယ်။ အနယ်နယ်အရပ်ရပ်က လာရောက်တဲ့ ဘုရားဖူး ပြည်သူတွေအတွက် ဘုရားပွဲဈေးအနေနဲ့ ခင်းကျင်းရောင်းချနိုင်အောင် စီစဉ်ပေးမှာဖြစ်ပါတယ်။ ဈေးဆိုင်ခန်းပေါင်းကတော့ ၁၀၀၀ လောက် စီစဉ်ပေးမှာဖြစ်ပါတယ်။ အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေအတွက် အခမဲ့နားနေဆောင်တွေ ရေမီးအပြည့်အစုံနဲ့ လူဦးရေတစ်ထောင်စာအတွက် စီစဉ်ပေးထားမှာဖြစ်ပါတယ်။ ဗုဒ္ဓပူဇနီယပွဲကတော့ အသံမစဲ မဟာပဋ္ဌာန်းကျမ်းတော်မြတ်ရွတ်ဖတ် ပူဇော်ပွဲရှိမယ်။ ပဋ္ဌာန်းပွဲသိမ်းတဲ့အခါ သံဃာတော်တွေကို ဆွမ်းကပ်တာနဲ့ ဝတ္ထုငွေလှူဒါန်းတာရှိမယ်။ ပင့်သံဃာတော် ၁၅၀၀ ကို ဆွမ်းဆန်စိမ်းလောင်းလှူမယ်။ သီတင်းကျွတ်လပြည့်နေ့ညမှာဆီမီး ၉၀၀၀၊ နံ့သာ ၉၀၀၀၊ ပန်း ၉၀၀၀ ပူဇော်ပွဲ လုပ်ပါမယ်"ဟု ဦးအောင်ဆန်းက ပြောပြ၍ သိရသည်။

ASH

# The Amityville Horror ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်အက်ဆန်းဘာ့ ရိုက်ကူးမည်

**နယူးယောက် စက်တင်ဘာ ၁၁**

Amazon MGM ကုမ္ပဏီ၏ The Amityville Horror အမည်ရှိ ထိတ်လန့်သည်းဖို ဇာတ်ကားကို ဒါရိုက်တာ ဒေးဗစ်အက်ဆန်းဘာ့က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း စက်တင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသည် The Amityville Horror (1976) ဇာတ်ကားကို ပြန်လည်ဆန်းသစ်ရိုက်ကူးမည့် ထိတ်လန့်သည်းဖိုရုပ်ရှင်ဇာတ်ကားသစ်ဖြစ်သည်။

Amazon MGM ၏ The Amityville Horror ဇာတ်ကားသစ်အတွက် ဇာတ်ညွှန်းကို အီယန်ဂိုးဘာ့နှင့်ရစ်ချက်နိုင်းတို့က ပူးတွဲရေးသားပေးထားသည်။

The Amityville Horror ဇာတ်ကားသည် သူ့ရဲ့တစ္ဆေခြောက်လန့်တတ်သည့် နေအိမ်တစ်လုံးကို ဝယ်ယူမိခဲ့သည့် ဇနီးမောင်နှံနှစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ပြီးThe Amityville Horror ဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို Amazon MGM က ကြေညာခြင်း မရှိသေးပေ။

အလားတူ ဇာတ်ကားစတင်ရိုက်ကူးမည့်ရက်နှင့် စတင်ပြသမည့်ရက်တို့ကိုလည်း မသိရသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# တေးသံရှင် မျိုးကြီးနှင့် ဝိုင်ဝိုင်းတို့၏ Rock and Roll Fest တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden Hotel တွင် ပြုလုပ်သွားမည်ဖြစ်

**ရန်ကုန် စက်တင်ဘာ ၁၁**

တေးသံရှင် မျိုးကြီးနှင့် ဝိုင်ဝိုင်းတို့၏ Rock and Roll Fest တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden Hotel ၌ စက်တင်ဘာ ၁၉ ရက်တွင် Live Music Show အဖြစ် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင်မျိုးကြီးထံမှ သိရသည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden Hotel ၌ စက်တင်ဘာ ၁၉ ရက်ညတွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Iron Cross Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




"ရန်ကုန်ပရိသတ်နဲ့ မဆုံတာကြာပြီဖြစ်တဲ့ ကျွန်တော်တို့ သူငယ်ချင်း နှစ်ယောက်နဲ့အတူ ပရိသတ်တွေ မျှော်လင့်နေတဲ့ IC တစ်ဖွဲ့လုံးနဲ့လဲဆုံကြမဲ့ ညတစ်ညဖြစ်ပါတယ်။ IC ရဲ့ ပရိသတ်အချစ်တော် ကိုချစ်စမ်းမောင်ရဲ့ လက်စွမ်းပြ တီးခတ်မှုတွေကိုလဲ ပြန်လည်မြင်တွေ့ရမှာမို့ ဆုံကြမယ်"ဟု တေးသံရှင် မျိုးကြီးက ပြောပြသည်။

တေးသံရှင် မျိုးကြီးနှင့် ဝိုင်ဝိုင်းတို့၏ Live Music Show တေးဂီတဖျော်ဖြေပွဲကို မရမ်းကုန်းမြို့နယ်ရှိ Inya Lake Garden Hotel တွင် စက်တင်ဘာ ၁၉ ရက် ည ၇ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Heartland ဇာတ်ကား၌ မင်းသမီး ဂျက်ဆီကာချက်စတိန်း ပါဝင်မည်

**နယူးယောက် စက်တင်ဘာ ၁၁**

Netflix ရုပ်ရှင်ကုမ္ပဏီ၏ Heartland အမည်ရှိ လျှို့ဝှက်သည်းဖို ဇာတ်ကားသစ်၌ မင်းသမီး ဂျက်ဆီကာချက်စတိန်း ပါဝင် သရုပ်ဆောင်မည်ဖြစ်ကြောင်း စက်တင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

Heartland ဇာတ်ကားတွင် ဂျက်ဆီကာ ချက်စတိန်းသည် မင်းသမီး ကာတာဖိတ်၊ မင်းသား ဂျွန်ဟော့တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Heartland ဇာတ်ကားသည် ပျောက်ဆုံးနေသည့် တူမဖြစ်သူကို ရှာဖွေရန်ကြိုးစားခဲ့သော အမျိုးသမီး ကျေးလက်အဆိုတော်တစ်ဦးရင်ဆိုင်ရမည့် အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ရှာနာဖီစတီက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင် ရေးသားပေးထားကြောင်း သိရသည်။

လက်ရှိတွင် Heartland ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# အကြီးကြီးရုပ်ရှင်ဇာတ်ကား Premiere Show ပွဲကို ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၁၁**

စက်တင်ဘာ ၂၆ ရက်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် အကြီးကြီးရုပ်ရှင်ဇာတ်ကား Premiere Show ပွဲကို စက်တင်ဘာ ၁၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူပုံဖော် ရိုက်ကူးထားသူ ဒါရိုက်တာ ပွင့်သိင်္ဂီဇော် (အရဏ်ဦး) ထံမှ သိရသည်။

အဆိုပါ အကြီးကြီး ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို ပွင့်သိင်္ဂီဇော် (အရဏ်ဦး) က ရေးသားထားပြီး ခေတ်သစ်အရဏ်ဦး ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ ပွင့်သိင်္ဂီဇော်(အရဏ်ဦး)က တာဝန်ယူပုံဖော် ရိုက်ကူးထားသည့် အချစ်ဟာသဇာတ်မြူး ဖြစ်ကြောင်း သိရသည်။

"ဒီနေ့ကတော့ ကိုယ့်မွေးနေ့မှာ တိုက်တိုက်ဆိုင်ဆိုင် ဇာတ်ကားမိတ်ဆက်နဲ့ ကွက်တိဖြစ်သွားတာပါ။ တိုက်ဆိုင်သွားလို့ ဝမ်းသာရပါတယ်။ ပွင့်တို့က ပရိသတ်တွေကို ဘဝအမောတွေ ပြေစေမဲ့မတူညီတဲ့ ဇာတ်လမ်းပုံစံမျိုးနဲ့ ရိုက်ကူးပုံဖော်ခဲ့တာပါ။ ဖွေးနဲ့ပွင့်တို့ကလဲ ဟိုအရင်ဟာသဇာတ်ကား ရိုက်ထားတဲ့ အခံလေးရှိတာကြောင့်မို့ ရိုက်ရတာအဆင်ပြေကြတယ်။ ဒီထဲမှာ တချို့ အနုပညာရှင်တွေလဲ အခန်းတွေ အများကြီးမပါပေမဲ့ အကောင်းဆုံးကြိုးစား သရုပ်ဆောင် ထားကြတယ်ဆိုတော့ ပရိသတ်တွေ အကြိုက်တွေ့စေမဲ့ ဖိုးတွမ်တီးပုံစံလေးလဲ တွေ့ရမှာပါ"ဟု ဒါရိုက်တာ ပွင့်သိင်္ဂီဇော် (အရဏ်ဦး)က ပြောပြသည်။

အကြီးကြီး ရုပ်ရှင်ဇာတ်ကားတွင် နေဝင်း၊ ငှက်ပျောကြော်၊ ဖွေးဖွေး၊ စိုးမြတ်သူဇာ၊ ယွန်းရွှေရည်၊ စိုးမိုးကြည်၊ အထူးဧည့်သည် သရုပ်ဆောင် သိန်းလင်းစိုး၊ ခြူးလေး၊ ညီညီမောင်(စမ်းချောင်း) နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Families of Office of Commander-in-Chief (Army, Navy and Air) holds third monsoon tree-planting ceremony for 2025

## The slogan "Let us protect our environment for the prosperity of the Nation" calls for special attention



Senior General Min Aung Hlaing addresses the third monsoon tree-planting ceremony for 2025.

**Nay Pyi Taw September 11**

Families of Office of Commander-in-Chief (Army, Navy and Air) and the military command headquarters have been holding large-scale monsoon tree-planting ceremonies since 2011 with the aim of conserving the natural environment, improving the weather conditions, increasing shady areas and supporting the national economy.

At the third monsoon tree-planting ceremony for 2025 of the families of Office of Commander-in-Chief (Army, Navy and Air) held at the venue near Yezin Dam in Zeyathiri Township, Nay Pyi Taw, today, Chairman of State Security and Peace Commission of the Republic of the Union of Myanmar Commander-in-Chief of Defence Services Senior General Min Aung Hlaing led the ceremony and planted a teak sapling, a precious tree species.

Also present were Daw Kyu Kyu Hla, wife of the Senior General, Vice Chairman of the Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife Daw Than Than Nwe, Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and wife, the Commander-in-Chief (Navy) and wife, senior military officers from the Office of the Commander-in-Chief and wives, union level officials and wives, officer trainees of National Defence College, officers, other ranks and families of branches and departments under the Office of the Commander-in-Chief (Army).

In his address, the Senior General said the soil becomes well-nourished and full of life during the rainy season, and at that time, the Tatmadaw holds tree-planting ceremonies and grow trees continuously. It is the third tree-planting ceremony of this year. Forest conservation is the principal goal of the tree-planting ceremony, which is also to regenerate the places where trees were lost due to various reasons.



Senior General Min Aung Hlaing encourages participants.



Senior General Min Aung Hlaing waters a teak sapling.

Forests and all tree species serve as the primary source in thefood chain for the survival of men and animals. They are also the main driving force behind the improvement of ecosystem for the existence all forms of life. Fastest regeneration of the forested areas that have become vacant is everyone's meritorious duty.

Tree-felling for various purposes is followed by a chain of reactions, global climate change, record high temperatures, severe storms and downpours, from which the world is suffering. As climate change is caused by human action, the onus is on man to conserve and restore it. In this regard, forest plantation, conservation and protection are the basic factors that can prevent natural disasters to a certain degree.

Myanmar society has a saying, "If you want eternal happiness, grow trees!" Basically, tree-growing creates a favourableenvironment. The State Security and Peace Commission has adopted the slogans: "Let us encourage production for prosperity of the Nation", "Let us ensure education sector for the development of the Nation", and "Let us protect our environment for the prosperity of the Nation". Everyone favoursa pleasant nation. The Senior General said the Tatmadaw has been organizing tree-planting ceremonies since 2011, the year in which he started shouldering the duties of the Commander-in-Chief of Defence Services. He said thanks to those ceremonies, the surrounding areas of Yezin Dam have become vibrant and green. The retired senior military officers also feel peace and happiness when they witness that the saplings they had planted in Nay Pyi Taw are now thriving and they had created a lush and green environment. Saplings planted at the ceremony will thrive well in the future and make the land greener and lusher, which will be a memorable event. Hence, tree-growing should be a continuous activity. Growing of trees at every compound, street and ward is the continuous encouragement for everyone given by the Senior General.

Now, it is said that the current state of greenery and pleasantness has reached a considerable level. If the activities of planting and conserving trees and plants for environmental protection are carried out continuously, the benefits of our efforts will be enjoyed for generations to come. Since tree planting requires the investment of time, money, and manpower, it should not be done merely out of duty but with genuine dedication. Therefore, it is urged that the trees we plant should be cultivated systematically to ensure each one thrives, and those responsible for their continued care and growth must also emphasize systematic maintenance with great seriousness.

**The Chairman of the State Security and Peace Commission Commander-in-Chief of Defence Services, and his wife lead the planting of valuable teak trees**

First, the Senior General and his wife led the planting of valuable teak trees. Subsequently, the Vice Chairman of the Commission Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) and his wife, the Chief of General Staff (Army, Navy and Air) and his wife, *See Page 13*


Vice-Senior General Soe Win waters a teak sapling.

*From Page 12*

the Commander-in-Chief (Navy) and his wife, senior Tatmadaw officers from the Office of the Commander-in-Chief and their wives, as well as officer and other ranks and families attending the ceremony, planted trees in their designated areas. Afterwards, the Senior General and his wife, along with the entourage, toured and encouraged the collective tree planting efforts of the officer and other ranks and families.

From 2011 to the Third Tree Planting Ceremony in 2025, a total of 208,425 trees, including valuable trees, perennial crop trees, and shade and windbreak trees, planted in the surroundings of the Yezin Dam

In today's Third Tree Planting Ceremony organized by the Office of the Commander-in-Chief (Army, Navy and Air) families, a total of 2,400 trees were collectively planted, including 900 teak trees, 600 Pyinkadoe trees, 300 Padauk trees, and 600 Mahogany trees. For environmental and ecosystem conservation around the Yezin Dam, the Office of the Commander-in-Chief (Army, Navy and Air) families have held a total of 44 tree planting festivals from 2011 to the Third Tree Planting Ceremony in 2025, planting a total of 208,425 trees, including valuable trees, perennial crop trees, and shade and windbreak trees.

**The entire Tatmadaw plants 186,312 trees collectively today**

Similarly, in various Regional Command territories, monsoon tree planting ceremonies were held, where valuable trees, industrial raw material crop trees, perennial consumable crop trees, and shade and windbreak trees were collectively planted. Accordingly, 11,350 trees in Nay Pyi Taw Command, 6,390 in Northern Command, 9,009 in Eastern Command, 18,795 in Central East Command, 21,594 in Triangle Region Command, 10,047 in South Eastern Command, 15,881 in Coastal Region Command, 18,200 in Yangon Command, 6,145 in South Western Command, 20,276 in North Western Command, 29,214 in Central Command, and 17,011 in Southern Command were planted by commanders and responsible personnel. Today, the Tatmadaw, including the Office of the Commander-in-Chief (Army, Navy, and Air) family members, various Regional Commands, regiments, and units, collectively planted a total of 186,312 trees.

100


Chief of General Staff (Army, Navy and Air) waters a teak sapling.


Commander-in-Chief (Navy) waters a teak sapling.

*From Page 14*

when combined terrorists groups launched large-scale assaults. However, the terrorist groups used civilians as human shields and took cover inside residential homes to carry out their attacks. As a result, the security forces had to exercise special caution and limit their fire in order to avoid civilian casualties and damage to homes. Despite this, the terrorist groups continued to conduct repeated attacks from religious buildings, reinforced concrete multi-storey houses, and hospital and clinic compounds. Consequently, between 25 January and 20 February 2025, security forces at military headquarters, bases, and Bhamo Airport in the northeastern part of the town carried out successive defensive battles. They then made a temporary, strategic withdrawal to join up with other units, while continuing to resist and counterattack the large-scale assaults of thecombied terrorist groups.

Although combined terrorist groups continuously launched attacks with superior power to fully occupy Bhamo, Tatmadaw members, family members and government staff violently defended Bhamo to be fallen under the terrorists during the eight-month period from December 2024 to July 2025. As such, the dream of combined terrorist groups to fully occupy Bhamo had gone with the wind.

Subsequently, in August 2025, Tatmadaw naval vessels carrying reinforcement columns advanced toward Bhamo. Despite encountering multiple difficulties and various blockades by combined terrorist groups—resulting in the loss of two motorboats along the route—they successfully reached their destination. Beginning on 4 August 2025, seven columns advanced in formation. During these operations, one column moved through the Bhamo University area in the northeast of the town to capture the Namhpar village camp, before continuing its advance toward Bhamo. Another column advanced into Naungkho and Minhla wards in the northern part of the town. Meanwhile, terrorist groups had temporarily occupied four local battalion headquarters, one outpost, and the airport. Three Tatmadaw columns advanced from the east after taking control of Namhpar camp, while one column moved from the captured position toward Bhamo, effectively pressing in from both sides. At the same time, two additional columns advanced into Pansingon, Nyaungbin, Khuntha, and Thazi wards—areas locally referred to as Kachin quarters—where they carried out intensified counteroffensive operations in successive stages.

In carrying out these operations, due to the full support and encouragement of the local people who had temporarily left their homes, the reinforcement of troop strength, the high morale and intense combat motivation of the officers and soldiers, the ability to conduct tactical offensive operations, and the relentless, diligent, and vigorous efforts to defeat the enemy step by step, the areas around Bhamo town, which had been temporarily occupied by terrorist insurgent groups from August 4 to September 11, 2025, including tactical headquarters locations, wards, villages, and outposts, were fully recaptured. The terrorists suffered heavy casualties and are now chaotically retreating and fleeing toward the northeast of Bhamo town and the area of Momauk town, where the main forces are located.

The Tatmadaw columns, disregarding their own lives and fighting fiercely with unwavering determination to prevent Bhamo town from falling into enemy hands and to recapture the tactical headquarters, engaged in 16 major battles and 490 clashes between December 4, 2024, and September 11, 2025. They seized 163 enemy corpses, 178 various weapons, and related equipment. According to separate news sources, due to the fierce counterattacks in these battles, the terrorist insurgent groups suffered approximately 4,616 deaths and around 4,983 injuries. On our side, some officers and soldiers nobly sacrificed their lives for the State and the Tatmadaw.

Due to the heavy casualties suffered by the terrorist insurgents, there have been defections to the Tatmadaw columns along with weapons, ammunition, and related equipment. The Tatmadaw columns will continue to clear the remaining terrorist insurgent groups within Bhamo town.

100

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Tatmadaw columns recontrol unit headquarters, military posts around Bhamo and some wards and villages, briefly controlled by KIA, AA and PDF terrorist insurgents


The photo shows Tatmadaw columns recapturing the local battalion headquarters in Bhamo town, which had been temporarily occupied by combined terrorist insurgent groups.


The photo shows Tatmadaw columns recapturing the local battalion headquarters in Bhamo town, which had been temporarily occupied by combined terrorist insurgent groups.

**Nay Pyi Taw September 11**

Beginning 7 March 2024, KIA terrorist insurgents in collaboration with terrorists by the names, AA and PDF, attacked with superior force and briefly controlled area security posts and Dawphoneyan town, Myothit town and Tarhsai village touching China-Myanmar border in the east of Kachin State to control Bhamo-Tarhsai-Myothit-Laizar route, Bhamo-Momauk-Tarhsai-Laizar route, Bhamo-Momauk-Lweje, which are located on the east sector of Ayeyawady River and are important for border trade.

Later, they attacked a single local security battalion in Momauk on 24 April 2024. As the officers, other ranks and spouses of soldiers of the battalion fought back fiercely, terrorist insurgents, after facing heavy losses, had to retreat to the areas in and around Bhamo on 25 June.

The combined group of terrorist insurgents made reinforcements, broke into public homes in Momauk and took away required rations, medicines, made forced recruitments, and attacked the local battalion in Momauk again by using heavy weapon covering fire, drones, drop bombs and huge manpower strength. Although security forces defended the battalion with an unyielding spirit and endurance, they had to systematically retreat to Bhamo by installing defence positions phase by phase to suffer the least number of casualties, and joined forces with the security forces there.

The Tatmadaw columns made systematic preparations and reformations in Bhamo and launched an offensive campaign against Mokauk on 20 August. The combined group of terrorist insurgents suffered heavy losses.

Furthermore, while Tatmadaw columns continue heavy assaults to reclaim the local battalion in Momauk, combined terrorist groups suffering losses have shifted tactics. To cut off and isolate the airfield and battalion headquarters in Bhamo—key sites supplying weapons, ammunition, and rations to Tatmadaw columns advancing on Momauk—they have relied on support from locally embedded PDF terrorists disguised as civilians. Starting from 4 December 2024, terroristsannounced plans to seize full control of Bhamo within two months and launched large-scale assaults from both the southern and northern sides of the town, deploying forces at the brigade level. These attacks caused fear and anxiety among some residents of Bhamo, forcing many to flee their homes and seek safety elsewhere.

Combined terrorists which temporarily controlled Mansi with full strength continued their attacks along Mansi-Bhamo route. So, they engaged with local security force members in the south of Bhamo.

In addition, due to the combined terrorists groups cutting and blocking Bhamo's transport routes, the flow of goods in the area was temporarily halted, causing local residents to face food shortages and hardships. To support the livelihood needs of the remaining population, the government and the Tatmadaw transported necessary supplies by large vessels along the Ayeyawady River. However, the combined terrorist groups forcibly occupied some villages along the riverbanks and carried out destructive acts, including harassing and firing at the vessels from a distance and dropping bombs on them using drones.

Security forces from the Tatmadaw headquarters and outposts around Bhamo counterattacked

*See Page 13*


The photo shows fortified positions prepared by combined terrorist insurgent groups inside religious buildings under construction and the homes of local residents in wards and villages near Bhamo town.


The photo shows weapons, ammunition, and related equipment seized from combined terrorist insurgent groups.


The photo shows weapons, ammunition, and related equipment seized from combined terrorist insurgent groups.


The photo shows weapons, ammunition, and related equipment seized from combined terrorist insurgent groups.


The photo shows one of the dead bodies of terrorist insurgent groups.

# နှစ်တစ်ရာအတွင်း မန်းတက္ကသိုလ်ကို ထင်ရှားစွာပဲ့ကိုင်ခဲ့ကြသူများ

ဒေါက်တာမောင်သင်း

**❖ မန္တလေးတက္ကသိုလ်၏ နှစ်တစ်ရာအတွင်းတွင် ဥပစာကောလိပ် ကျောင်းအုပ်ကြီး နှစ်ဦး၊ ယူနီဗာစီတီကောလိပ် ကျောင်းအုပ်ကြီး တစ်ဦး၊ ဒုတိယအဓိပတိ ငါးဦးနှင့် ပါမောက္ခချုပ် ၁၈ ဦးတို့တွင် ကျောင်းအုပ်ကြီး မစ္စတာမာရှယ်သည် အသက်အရွယ်ထက် "ပညာရည်မြင့်မားမှုကို ဦးစားပေးရွေးခဲ့မှုသည် သူ၏ထင်ရှားသည့်လုပ်ရပ်ပင်။ သူကျောင်းတက်ခွင့်ပေးခဲ့၍သာ တရားသူကြီးချုပ်လောင်းနှင့် သမ္မတလောင်းလျာသည် တက္ကသိုလ်ဝင်ခွင့် ရခဲ့ခြင်းပင်။ ❖**

**ယမန်နေ့မှအဆက်**

**၃။ မီဒီယာဆိုတာနယ်ချဲ့လက်နက်ဟုဖော်ထုတ်ခဲ့သူ**

ဆရာကြီးသည် စိုက်ပျိုးရေးဓာတုဗေဒပညာရှင်ဖြစ်သည်။ အမေရိကန်နိုင်ငံသို့သွားရောက်၍ ပညာသင်ကြားစဉ် နယူးယောက်တိုင်းသတင်းစာအဟောင်းများကိုဖတ်မိသောအခါ မြန်မာပြည်ကိုသိမ်းရန်အတွက် သီပေါမင်းလက်ထက်တွင် မဟုတ်မမှန်သတင်းများကို ရေးသားလှုံ့ဆော်ခဲ့ကြောင်း တွေ့ခဲ့ရသည်။ ဥပမာအားဖြင့် မြန်မာများသည် မိစ္ဆာ၊ ဘုရားမရှိအရိုင်းအစိုင်းများဖြစ်ကြောင်း၊ သီပေါမင်းသည် ယစ်ထုတ်ကြီးဖြစ်ကြောင်း၊ ရှင်ဘုရင်သည် ရာထူးတည်မြဲရေးအတွက် နေ့စဉ်လူများကိုသတ်၍ ယတြာချေနေသည်။ ထို့ကြောင့် မြန်မာပြည်ကို အင်္ဂလိပ်အနေဖြင့် ဝင်ရောက်သိမ်းပိုက်၍ ကယ်တင်ရန်အချိန်အခါဖြစ်ကြောင်းကို "သီပေါမင်းနှင့် နယူးယောက်တိုင်းသတင်းစာ"စာအုပ်တွင် ထုတ်ဖော်ရေးသားခဲ့သည်။ ထိုသတင်းစာတွင် ရေးသားခဲ့သူ၏ မြန်မာအမည်မှာ "ရွှေရိုး"ဖြစ်သည်။ အမည်ရင်းမှာ Sir Jame Scott ဖြစ်သည်။ သတင်းစာဆရာ၊ စာရေးဆရာဖြစ်ပြီး မြန်မာအကြောင်း "The Burman"ဟူသည့် "ဗမာ"စာအုပ်ကို ရေးသားခဲ့သူဖြစ်သည်။ သူက မြန်မာနိုင်ငံအကြောင်းကို နယူးယောက်တိုင်းသတင်းစာတွင် ယနေ့ပြည်ဖျက်စာနယ်ဇင်းများကဲ့သို့ မြန်မာပြည်ကိုသိမ်းပိုက်ရန်၊ အနောက်နိုင်ငံများကို ဝါဒဖြန့်မဟုတ်မမှန်ရေးသားခဲ့သူဖြစ်သည်။ ဤသည်ကို ဆရာကြီးဦးကိုလေးက မြန်မာနိုင်ငံကိုသိမ်းပိုက်ရန်၊ သီပေါမင်းကိုဖမ်းရန် သတင်းစာကတစ်ဆင့် ဝါဒဖြန့်သည့်လက်နက်ကို သုံးခဲ့ကြောင်း အထက်ပါစာအုပ်တွင် ဖော်ထုတ်သတိပေးခဲ့သည်။ နယ်ချဲ့လက်နက်ထဲတွင် မီဒီယာလည်းပါကြောင်း သတိပြုမိသည့် ပါမောက္ခချုပ်ဖြစ်သည်။

**စွယ်စုံရထူးခြားသည့်ပါမောက္ခချုပ်**

"ကျော်ရင်နှင့် မန္တလေး၊ မန္တလေးနှင့် ကျော်ရင်အကြောင်းပြောရင် စာအုပ်တစ်အုပ် ရေးနိုင်လောက်တယ်"ဟု မန္တလေးစာပေဟောပြောပွဲတစ်ခုတွင် ဆရာကြီးပြောကြားခဲ့သည်။ မန္တလေးသားမဟုတ်ပါ။ သံတွဲသားရခိုင်အမျိုးသားဖြစ်သည်။ သံတွဲသားမို့ သူမွေးဖွားရာ သံတွဲမြို့၏လမ်းတစ်လမ်းကို ဦးကျော်ရင်အမည်ဖြင့်ပင် ဂုဏ်ပြုခံရသူဖြစ်သည်။ သူ့အနေဖြင့် လွတ်လပ်ရေးကြိုးပမ်းသူ၊ စာရေးဆရာ၊ သွေးစည်းညီညွတ်ရေးမြတ်နိုးသူ၊ မြန်မာစာပေပညာရှင်နှင့် အနုပညာရှင် စသည်ဖြင့် စွယ်စုံရထူးခြားသူပါမောက္ခချုပ်ဖြစ်သည်။ ပထမဆုံးစွယ်စုံရဂုဏ်ကို ဖော်ကျူးပါရစေ။

**လွတ်လပ်ရေးကြိုးပမ်းခဲ့သူ လေထီးဦးကျော်ရင်**

၁၉၄၃ ခုနှစ်တွင် ဆရာကြီးသည် နိုင်ငံရေးအလုပ်ကို ဖွဲ့နပဲကြီးစွာဖြင့်လုပ်ဆောင်ရန် ဒေါ်ဖြူဖြူနှင့် အိမ်ထောင်ပြုပြီး ၁၄ ရက်အကြာတွင် သံတွဲမှ ရန်ကုန်သို့ ခဏဆိုပြီးထွက်လာခဲ့သည်။ ရန်ကုန်တွင် လူကြီးများက တာဝန်ပေးသဖြင့် မန္တလေးမြို့သို့ ဆက်သွား၏။ ဖက်ဆစ်ဂျပန်ကို တော်လှန်ရန်ဖြစ်သည်။ ထိုမှတစ်ဆင့် ကူမင်းမြို့ရှိ တရုတ်ကူမင်တန် ဗိုလ်ချုပ်ပီအက်ဖ်ဝမ်နှင့်တွေ့ရန် ခရီးဆက်၏။ မအောင်မြင်ခဲ့ပေ။ ၄ ကျဖျားမိ၏၊ ပြန်လာခဲ့သည်။ သို့သော် လက်မလျှော့၊ အရှေ့ခရီးစဉ်အဆင်မပြေသဖြင့် အနောက်ခရီးစဉ် အိန္ဒိယသို့ မန်းဝင်းမောင် (နောင်တွင်သမ္မတ)၊ သခင်ဗိုလ်၊ ကိုအုန်းမောင်၊ ကိုချစ်ကောင်း၊ ကိုသန်းတို့နှင့်အတူသွား၏။ လေထီးခုန်သင်တန်းတက်၏၊ သို့ပါ၍ **"လေထီး ဦးကျော်ရင်"** အမည်တွင်၏။ မန္တလေးတွင် ဦးကျော်ရင်အမည်ထက် "ကိုဘကွန်း"ဟုသာ လူသိများ၏။ ရန်ကုန်ကို မဟာမိတ်သိမ်းပြီးတော့ ရန်ကုန်ပြန်၏။ ဖဆပလ ဌာနချုပ်တွင် ဗဟိုဦးစီးအဖွဲ့ဝင်တာဝန်ယူ၍။ အသက် ၂၉ နှစ်အရွယ်တွင် သံတွဲ၌ တောင်သူလယ်သမားသမဂ္ဂညီလာခံဖြစ်မြောက်ရေးကို ဦးဆောင်၏။ စစ်ကြီးပြီး၍ လွတ်လပ်ရေးရောင်ခြည်သန်းလာသောအခါ ဗိုလ်ချုပ်အောင်ဆန်းက သံတွဲခရိုင် တိုင်းပြည်ပြုလွှတ်တော်အမတ်စာရင်း တင်သွင်း၏။ ဆရာကငြင်း၏။ တောင်းပန်ကာ ရန်ကုန်တက္ကသိုလ်တွင် မဟာဝိဇ္ဇာအတန်းပြန်တက်၏။ တကယ်တော့ ဆရာသည် တက္ကသိုလ်ကျောင်းသားဘဝကတည်းက ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂတွင် ပြန်ကြားရေးတာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ထိုမတိုင်မီက အင်္ဂလိပ်ကိုတော်လှန်ရန် သံတွဲတွင် လူငယ်များကို စစ်ပညာသင်ပေးခဲ့သူ၊ ဂျပန်ခေတ်တွင် သံတွဲခရိုင် အုပ်ချုပ်ရေးမှူးတာဝန်ကိုလည်း ထမ်းဆောင်ခဲ့သူဖြစ်သည်။

**စာပေနှင့် အနုပညာ ဝါသနာထုံမွမ်းသူ**

"ကျွန်တော်ဝါသနာပါတာက အနုပညာနဲ့စာပေပဲ။ ဂျပန်တော်လှန်ရေးအလုပ်ကတော့ မျိုးချစ်စိတ်အရင်းခံနဲ့ တိုင်းပြည်အတွက် မလုပ်မဖြစ်တဲ့တာဝန်မို့ လုပ်နေတာပါ။ တာဝန်ပြီးရင် ကိုယ်ဝါသနာပါတဲ့အလုပ် ဆက်လုပ်မယ်"ဟု တရုတ်ပြည်သို့ ဖက်ဆစ်တော်လှန်ရေးမိတ်ဖက်ရှာခရီးစဉ်တွင် ခရီးတစ်ထောက်နားနေတုန်း သခင်တင်မြကို ဦးကျော်ရင်က ပြောကြားခဲ့ခြင်းဖြစ်သည်။

**စာပေဝါသနာထုံသူ**

တကယ်လည်း ဝါသနာပါရာကို ဆက်လုပ်ခဲ့သည်။ နိုင်ငံရေးကိုကျောခိုင်းခဲ့၏။ လွှတ်တော်အမတ်ဆက်မလုပ်ခဲ့ပေ။ မဟာဝိဇ္ဇာပြန်တက်ခဲ့သည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ ကျောင်းဆရာလုပ်၏။ စာပေများရေးသား၏။ ကျမ်းများတည်းဖြတ်၏။ စာပေရေးသားရာတွင် ကလောင်ငါးချောင်း ကိုင်ခဲ့သူပါ။

(၁) ကဗျာရေးသည့်ကလောင်၊

(၂) ဝတ္ထုရေးသည့်ကလောင်၊

(၃) ပြဇာတ်ရေးသည့်ကလောင်၊

(၄) မြန်မာစာပေကျမ်းပြုကလောင်၊

(၅) နိုင်ငံရေးစာပေကလောင်တို့ဖြစ်သည်။

ကလောင်(၁)နှင့် (၂)သည် စာပေစတင်ရေးသားချိန်ကဖြစ်ပြီး (၃)မှာ နိုင်ငံရေးဆောင်ရွက်စဉ်က ကလောင်များဖြစ်သည်။ (၄)ကျမ်းပြုကလောင်မှာ မြန်မာစာနည်းပြမှ ပါမောက္ခထိဆောင်ရွက်ခဲ့ပြီး တစ်သက်လုံးကိုင်စွဲသည့်ကလောင်မှာ "ပြဇာတ်" ရေးသားခြင်းဖြစ်သည်။ ပြဇာတ်ပေါင်း ၂၁ ပုဒ် ရေးသားခဲ့သည်။

**အနုပညာစျာန်ထုံမွမ်း၍ လူ့လောကထဲဝင်ရောက်လာသူ**

ဆရာကြီး၏ခံယူချက်က "လူငယ်များကို အားကစားနှင့်ယဉ်ကျေးမှုတိုးတက်ရန် အားပေးရမည်ပင်ဖြစ်သည်။ အားကစားကိုသာအားပေးပြီး ယဉ်ကျေးမှုကို မသိကျိုးကျွန်ပြုနေကြောင်းကို ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ်ရှေ့တွင် သရုပ်ဖော်ကပြခဲ့သည်။ ဝန်ကြီးချုပ်ဦးနု အသည်းစွဲသွား၏၊ ရန်ကုန်တက္ကသိုလ်တွင် အနုပညာအသင်းကို စတင်တည်ထောင်၏။ အနုပညာတွင် ဂီတ၊ စာပေ၊ ပန်းချီ၊ ဓာတ်ပုံ၊ ဟောပြောမှုအတတ်ပညာ၊ အက၊ ပြဇာတ်၊ အိမ်တွင်းအလှဆင်ဒီဇိုင်းနှင့် ဒေသန္တရလေ့လာရေးတို့ပါဝင်သည်။ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ဖြစ်လာသည့်အခါ အနုပညာအသင်းစတင်တည်ထောင်ရန် တိုက်တွန်း၏။ စည်းရုံး၏၊ အနုပညာအသင်းလူငယ်များကို နိုင်ငံတကာကျောင်းသားပွဲတော်များသို့ လိုက်ပါစေ၏။ အနုပညာနှင့် ယဉ်ကျေးမှုတွင် တိုင်းရင်းသားများ၏ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုကို အကျွမ်းတဝင်ရှိရေးသည် အရေးပါသဖြင့် ဒေသန္တရလေ့လာရေးခရီးစဉ်များတီထွင်ကာ ၁၉၅၉ ခုနှစ်မှစတင်၍ ပုဂံ၊ မန္တလေး၊ ရှမ်း၊ ကယား၊ မွန်နှင့် ကရင်ပြည်နယ်တို့သို့ခရီးထွက်ခဲ့ရာ ဒေသဆိုင်ရာအာဏာပိုင်များက "ဧည့်သည်တော်အဖြစ်"ကြိုဆိုခဲ့ကြသည်။ ဆရာသည် ပြဇာတ်ရေးရုံသာမက ကိုယ်တိုင်လည်း ပါဝင်ကပြ၏။ ထင်ရှားသည်မှာ "သတ္တိ၊ ဗျတ္တိ"ပြဇာတ်ဖြစ်၏။ အပြောအဆို၊ လေယူလေသိမ်း၊ ဟန်အမူအရာ အပြည့်ဖြင့် သရုပ်ဆောင်နိုင်ခဲ့သည်။

**တက္ကသိုလ်ဆရာပီသလွန်းသူ**

လွတ်လပ်ရေးရခါနီးတွင် နိုင်ငံရေးမှအနားယူ၏။ မဟာဝိဇ္ဇာအတန်းပြန်တက်၏။ မြန်မာစာဌာနတွင် ဆရာလုပ်၏။ ၁၉၆၂ ခုနှစ်တွင် ဆိုဗီယက်ယူနီယံတွင် မြန်မာစာဧည့်ပါမောက္ခအဖြစ် နှစ်နှစ်တာဝန်ထမ်း၏။ မြန်မာစာပြန့်ပွားရေးဆောင်ရွက်၏။ စာပေပို့ချရာတွင် ဆရာကြီးသည် ရတု၊ ပျို့၊ လင်္ကာများပို့ချ၏။ ပို့ချချက်များတွင် ပြဇာတ်ကို ပိုင်ပိုင်နိုင်နိုင်ပို့ချ၏။ ပြဇာတ်၏စကား၊ အဓိပ္ပာယ်နှင့် ဇာတ်လမ်းဇာတ်ကွက်ကို ရှင်းပြရုံသက်သက်မဟုတ်ပေ။ ပြဇာတ်၏ သဘောတရား၊ ပြဇာတ်သမိုင်း၊ ဇာတ်ခြေဆင်း၊ ဇာတ်ထွင်ရှုဇာတ်ဆင်းစသည်ဖြင့်ဇာတ်မျဉ်းဆွဲသင်ပြသည်။ ကိုယ်တိုင်လည်း ပြဇာတ်ထဲတွင်မျောကာ အသံနေအထား၊ ဟန်၊ မင်၊ မောင်းအပြည့်ဖြင့်သင်ပြသည်။ ထို့အတူ တက္ကသိုလ်သည် သုတေသနရှာမှီးရာအရပ်ဟုခံယူ၍ သုတေသနဆောင်ရွက်သူနှင့် သုတေသနစာတမ်းတင်သွင်းခဲ့သည်။ ထင်ရှားသည့်စာတမ်းမှာ "ဦးပုညနှင့် ရှိတ်စပီးယား"စာတမ်းဖြစ်သည်။

ဆရာကြီး၏ ဆရာပီသမှုသာဓကမှာ မန္တလေးတက္ကသိုလ်ကျောင်းသားများနှင့် ဗိုလ်ရွှာ(ယနေ့ချမ်းမြသာစည်လေဆိပ်အရှေ့ဘက်) သားများ အဓိကရုဏ်းဖြစ်ပွားသည့်ကိစ္စကို ကိုင်တွယ်ဖြေရှင်းနိုင်မှုပင်။ နေ့လယ်ကရန်ပွဲကိုအကြောင်းပြု၍ ည ၁၀ နာရီတွင် ဗိုလ်ရွှာကိုမီးရှို့ရန် ကျောင်းသားများကရွာကို သွားဝိုင်းကြသည်။ ရဲများရောက်၍ တား၏။ သေနတ်ဖောက်၍ခြောက်၏။ မရ။ ဆရာကြီးသည် ဖိနပ်မပါဘဲ မြွေပေါသည့်လယ်ကွင်းပြင်က ရဲနှင့်ကျောင်းသားကြား "ပါမောက္ခချုပ်၊ ကျော်ရင်ပါ။ မပစ်ကြနဲ့၊ မလုပ်ကြနဲ့"ဟု တား၏၊ ဖျောင်းဖျ၏၊ ပြေလည်အောင်ဆောင်ရွက်ပေးမည်ဟု ကတိပေး၏။ ဆရာကြီး၏ အချိန်မီတားဆီးနိုင်မှုကြောင့် ကျောင်းသား၊ ရဲနှင့် ရွာသားများ သွေးမြေကျမည့်ဘဝက ကင်းဝေးခဲ့ကြ၏။

**ထူးခြားသည့်ပါမောက္ခချုပ်**

ထူးခြားသည့်ဂုဏ်ကိုပိုင်ဆိုင်ရခြင်းမှာ ဆရာကြီးသည် မန္တလေးသို့ သုံးကြိမ်လာရောက်တာဝန်ထမ်းဆောင်၏။ ပထမအကြိမ်က ဂျပန်ခေတ်တွင်ဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေးအတွက် မိတ်ဖက်ရှာခရီးသည်။ ဒုတိယအကြိမ်က ဂျပန်ကိုမောင်းထုတ်နေဆဲကာလ။ မန္တလေးမှာ ဆရာကြီးဦးရာဇတ်၊ လူထုဦးလှတို့နှင့်အတူ အထက်မြန်မာပြည်ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်မြောက်ရေးအဖွဲ့ချုပ် တည်ထောင်ရန်ဖြစ်သည်။ နှစ်ကြိမ်စလုံးနိုင်ငံရေးသမားဘဝဖြင့်ရောက်ခဲ့ခြင်းဖြစ်သည်။ ၁၉၆၅ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ပညာရေးစီမံခန့်ခွဲသူ ပညာရှင်ပါမောက္ခချုပ်အဖြစ် ရွှေမန်းမြို့သို့ ပြန်လာခဲ့သည်။

ဒုတိယထူးခြားချက်က မန္တလေးတက္ကသိုလ်၏ သက်တမ်းနှစ်တစ်ရာအတွင်း တာဝန်ထမ်းဆောင်ရင်းသေဆုံးခဲ့သူ အကြီးအကဲတစ်ဦးသာရှိခဲ့ဖူးသည်။ ထိုသူမှာ ပါမောက္ခချုပ် ဆရာကြီးဦးကျော်ရင်ဖြစ်သည်။ ထို့အတူ အသက်အငယ်ဆုံး ၄၉ နှစ် ပါမောက္ခချုပ်ဖြစ်သည်။ ပေလီလူရည်ချွန်စခန်းမှူးတာဝန်ထမ်းဆောင်ရန် ရန်ကုန်သို့ဆင်းသွားစဉ် ၁၉၆၆ ခုနှစ် မတ် ၃၀ ရက်တွင် ကွယ်လွန်ခဲ့သည်။ သူ၏ အထူးခြားဆုံးအချက်က အသက် ၄၉ နှစ်အရွယ်နှင့်မမျှအောင် တိုင်းပြည်တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ သူ၏ ထူးခြားမှုများစွာထဲမှ အထူးခြားဆုံးက နိုင်ငံရေး၊ စာပေရေးရာ၊ ပညာရေး၊ မြန်မာစာပေနှင့် အနုပညာ စသည်တို့တွင် စွယ်စုံထူးချွန်သည့် ပါမောက္ခချုပ်တစ်ဦးဖြစ်နေခြင်းပင်။

အားလုံးကိုချုပ်ရလျှင် မန္တလေးတက္ကသိုလ်၏ နှစ်တစ်ရာအတွင်းတွင် ဥပစာကောလိပ်ကျောင်းအုပ်ကြီး နှစ်ဦး၊ ယူနီဗာစီတီကောလိပ် ကျောင်းအုပ်ကြီး တစ်ဦး၊ ဒုတိယအဓိပတိ ငါးဦးနှင့် ပါမောက္ခချုပ် ၁၈ ဦးတို့တွင် ကျောင်းအုပ်ကြီး မစ္စတာမာရှယ်သည် အသက်အရွယ်ထက် "ပညာရည်မြင့်မားမှုကို ဦးစားပေးရွေးခဲ့မှုသည် သူ၏ ထင်ရှားသည့်လုပ်ရပ်ပင်။ သူကျောင်းတက်ခွင့်ပေးခဲ့၍သာ တရားသူကြီးချုပ်လောင်းနှင့် သမ္မတလောင်းလျာသည် တက္ကသိုလ်ဝင်ခွင့် ရခဲ့ခြင်းပင်။ ဆရာကြီးသည် မီဒီယာဆိုတာနယ်ချဲ့လက်နက်တစ်မျိုးပါဆိုသည်ကို ထုတ်ဖော်ခဲ့သည့်ပါမောက္ခချုပ်ပင်။ ဆရာကြီးလေထီးဦးကျော်ရင်သည် ပါမောက္ခချုပ်တာဝန်ကို ခြောက်လသာ တာဝန်ထမ်းရင်းသေဆုံးသွားသူမို့ ထင်ရှားလျက်အညာတွင် လူသိနည်းရခြင်းပင်။ သို့သော် သူ့လောက်ထူးချွန်သည့် လွတ်လပ်ရေးကြိုးပမ်းသူ၊ နိုင်ငံချစ်စိတ်ကြီးသူ၊ ငြိမ်းချမ်းရေးလိုလားသူ၊ ပညာရေး၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုကို ထွန်းတောက်အောင်ကြိုးပမ်းခဲ့သူ မြန်မာ့တက္ကသိုလ်ပါမောက္ခချုပ်လောကတွင် မပေါ်ဖူးသေးပါဟု ဆရာကြီး၏နောက်က ပါမောက္ခချုပ်တာဝန်ကို ဆက်ခံသူတစ်ဦးအနေဖြင့် ကျွန်တော်ရဲရဲဆိုပါရစေ။ ဤသည်ကို ဆရာကြီးတင်မိုးက "သူမရှိလည်း၊ သူ၏ကိုယ်စား၊ သူ့ဂုဏ်များလျှင်၊ ထင်ရှားကျန်ရစ်ခဲ့သတည်း"ဟု ကဗျာစပ်ဆို ဂုဏ်ပြုခံရသူဖြစ်သည်။ သို့ပါ၍ နှစ်တစ်ရာသက်တမ်းအတွင်း မန္တလေးတက္ကသိုလ်ကို ပဲ့ကိုင်ခဲ့သူ ၂၅ ဦးတွင် ထူးခြား၍ ထင်ရှားသူသုံးဦးကို မြို့မိ၊ မြို့ဖများ၊ မျိုးဆက်သစ် ရွှေမန်းသူ၊ ရွှေမန်းသားများနှင့် ကျောင်းသားများအနေဖြင့် လေးစားတန်ဖိုးထားနိုင်ရန် ဂုဏ်ပြုရေးသားလိုက်ရပါသည်။





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

**ရှေ့ဖုံးမှအဆက်**

ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိုးရာသီကာလသို့ရောက်ရှိလာပြီဆိုပါက မြေဆီမြေနှစ်များနိုးကြားပြီး ထိုအချိန်တွင် တပ်မတော်အနေဖြင့် သစ်ပင်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

**ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင် တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၁၈၆၃၁၂ ပင် စိုက်ပျိုးခဲ့ . . .**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးစဉ်။

စိုက်ပျိုးပွဲများကိုကျင်းပပြုလုပ်၍ သစ်ပင်များကို စဉ်ဆက်မပြတ်စိုက်ပျိုးခဲ့ကြောင်း၊ ယခုပြုလုပ်သည့် သစ်ပင်စိုက်ပျိုးပွဲသည် ယခုနှစ်အတွက် တတိယအကြိမ် စိုက်ပျိုးသည့်ပွဲဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၏ အဓိကရည်ရွယ်ချက်မှာ သစ်ပင်သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်ကြောင်း၊ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးလစ်ဟာသွားသည့် သစ်ပင်သစ်တောများ ပြန်လည်အစားထိုးဖြည့်သွင်းစိုက်ပျိုးခြင်းလည်းဖြစ်ကြောင်း။

သစ်တောသစ်ပင် မျိုးနွယ်စိတ်များသည် လူနှင့် သတ္တဝါများအတွက် အသက်ရှင်သန်ရန် နေ့စဉ်စားသုံးနေရသည့် အစာကွင်းဆက်တွင် အဓိကအကျဆုံး မူလအရင်းအမြစ်လည်းဖြစ်ကြောင်း၊ ထို့ပြင် သက်ရှိသတ္တဝါများအားလုံး အသက်ရှင်နေထိုင်နိုင်ရန်အတွက် အပြန်အလှန် သက်ရောက်မှီခိုနေရသည့် သဘာဝဂေဟစနစ် ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် အဓိကမောင်းနှင်အားအရင်းအမြစ်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် ဆုံးရှုံးလစ်ဟာသွားသည့် သစ်တောသစ်ပင်များ အမြန်ဆုံးကုစားစိုက်ပျိုးခြင်းသည် လူသားတိုင်းကိုယ်စီပြုမူသင့်သည့် အလေ့အထကောင်းတစ်ခုဖြစ်ကြောင်း။

သစ်ပင်သစ်တောများအား အကြောင်းအမျိုးမျိုးကြောင့် ခုတ်ယူခြင်းများရှိသဖြင့် သစ်တောသစ်ပင်များနည်းပါးလာပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများကြောင့် ရာသီဥတုများ စံချိန်တင်ပူပြင်းခြင်း၊ မုန်တိုင်းများဖြစ်ပွားမှုကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းများကို ကမ္ဘာပေါ်ရှိလူသားများ ခံစားနေရကြောင်း၊ လူသားများ၏လုပ်ဆောင်မှုများကြောင့် ရာသီဥတုများပြောင်းလဲလာခြင်းဖြစ်သဖြင့် လူသားများကပင် ပြန်လည်ထိန်းသိမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ ထို့ကြောင့် သစ်တောသစ်ပင်များ စိုက်ပျိုးပေးခြင်း၊ ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်ပေးခြင်းများသည် သဘာဝဘေးအန္တရာယ်ကို အထိုက်အလျောက်ထိန်းချုပ်ပေးသည့် အခြေခံအကြောင်းအရာတစ်ခုဖြစ်ကြောင်း။

သစ်ပင်စိုက်ပျိုးခြင်း အလေ့အထသည် မြန်မာလူမှုပတ်ဝန်းကျင်တွင် **“တစ်သက်ပျော်ချင် သစ်ပင်စိုက်”**ဆိုသည့် အဆိုအမိန့်စကားတစ်ရပ်ရှိကြောင်း၊ အဓိကအားဖြင့် သစ်ပင်စိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အနေဖြင့် **“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”၊ “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”၊ “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း၊ နိုင်ငံတော်သာယာရန်အတွက် လူတိုင်းလိုလားကြကြောင်း၊ မိမိအနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်သည့် ၂၀၁၁ ခုနှစ်မှစတင်၍ သစ်ပင်စိုက်ပျိုးပွဲများကိုကျင်းပပြီး သစ်ပင်များကို စိုက်ပျိုးခဲ့ကြောင်း၊ ထိုသို့ စိုက်ပျိုးခဲ့မှုများကြောင့် ယခုအခါ ရေဆင်းဆည်ပတ်ဝန်းကျင်တွင် စိမ်းလန်းစိုပြည်လျက်ရှိခြင်းဖြစ်ကြောင်း၊ ယခင်က တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားအရာရှိကြီးများအနေဖြင့်လည်း နေပြည်တော်သို့ရောက်ရှိချိန်တွင် ၎င်းတို့ယခင်ကစိုက်ပျိုးခဲ့သည့်သစ်ပင်များ ရှင်သန်ဖြစ်ထွန်းပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုကိုကြည့်ရှု၍ စိတ်ကြည်နူးချမ်းမြေ့ရသည်ကို မိမိကို ပြောကြားကြကြောင်း၊ ယခုစိုက်ပျိုးသည့် သစ်ပင်များသည်လည်း နောင်အခါတွင် ရှင်သန်ဖြစ်ထွန်းပြီး သဘာဝပတ်ဝန်းကျင်ကို ယခုထက် ပိုမိုစိမ်းလန်းစိုပြည်စေကာ မိမိတို့အတွက် အမှတ်တရဖြစ်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သစ်ပင်စိုက်ပျိုးခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အိမ်တိုင်း၊ လမ်းတိုင်း၊ ရပ်ကွက်တိုင်း သစ်ပင်စိုက်ပျိုးရန် မိမိအနေဖြင့် အမြဲတိုက်တွန်းပြောကြားလျက်ရှိကြောင်း။

ယခုအခါ စိမ်းလန်းစိုပြည်သာယာမှုများမှာ အထိုက်သင့်ရှိလာပြီဖြစ်ကြောင်း၊ **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောသစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းခြင်း၊စောင့်ရှောက်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့၏ ဆောင်ရွက်မှုများသည် သားစဉ်မြေးဆက်**

ပေးကြသည်။ ဆက်လက်ပြီး ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကိုစိုက်ပျိုးကြသည်။ ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည်၊မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၈၄၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်**

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၉၀၀၊ ပျဉ်းကတိုးပင် ၆၀၀၊ ပိတောက်ပင် ၃၀၀၊ မဟော်ဂနီပင် ၆၀၀ စုစုပေါင်းအပင် ၂၄၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၄ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၈၄၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၁၈ သို့




နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က သတ်မှတ်နေရာ၌ ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

**အထိ အကျိုးခံစားရမည်ဖြစ်**ကြောင်း၊ သစ်ပင်စိုက်ပျိုးရာတွင် အချိန်၊ ငွေကြေးနှင့် လူအင်အားများ စိုက်ထုတ်သုံးစွဲရသဖြင့် တာဝန်အရ စိုက်ပျိုးခြင်းမျိုးမဟုတ်ဘဲ စေတနာထား၍ စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့စိုက်ပျိုးခဲ့သည့် သစ်ပင်များအား တစ်ပင်စိုက် တစ်ပင်ရှင်ဖြစ်စေရန်အတွက် စနစ်တကျစိုက်ပျိုးရန်နှင့် ရှင်သန်ဖြစ်ထွန်းရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့်သူများကလည်း အထူးအလေးအနက်ထား၍ စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

**နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး**

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း သတ်မှတ်နေရာ၌ ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း သတ်မှတ်နေရာ၌ ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။



၂၀၂၅ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်နေမှုကို တွေ့ရစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

စာမျက်နှာ ၁၇ မှအဆက်

**တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၈၆၃၁၂ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရ လေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ အပင် ၁၁၃၅၀၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၆၃၉၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉၀၀၉ ပင်၊



တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၌ ၁၈၇၉၅ ပင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၁၅၉၄ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၀၀၄၇ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၁၅၈၈၁ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ အပင် ၁၈၂၀၀၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၆၁၄၅ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၇၆ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၉၂၁၄ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၇၀၁၁ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး **ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင် တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၁၈၆၃၁၂ ပင်ကို စိုက်ပျိုးခဲ့**ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပစဉ်။

**ထူးခြားသည့် နေ့အပူချိန်များ** ( ၁၁ - ၉ - ၂၀၂၅ )

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ချောက် | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | ပခုက္ကူ | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် | မြင်းမူ | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | မြစ်ကြီးနား | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် | မင်းဘူး | ၃၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ညောင်ဦး | ၃၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |

လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။

# နှလုံးသွေးများမရပ်သရွေ့ မမှိတ်မသုန်ချီတက်နေမည်

အမောင်

နိုင်ငံတစ်နိုင်ငံတွင် ခေတ်မီစွမ်းအားပြည့်ဝသော တပ်မတော်တစ်ရပ် မရှိမဖြစ်လိုအပ်ကြောင်းကို ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၃ ရက်နံနက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ တီယန်အန်မင်ရင်ပြင်မှာ ကျင်းပခဲ့သည့် ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ်အခမ်းအနားတွင် တွေ့ရှိရမည်ဖြစ်သည်။ မည်သည့်နိုင်ငံမဆို အချုပ်အခြာအာဏာမတည်မြဲလျှင် သို့မဟုတ် အချုပ်အခြာအာဏာကို မကာကွယ်နိုင်လျှင် ထိုနိုင်ငံသည် လွတ်လပ်ရေးဆုံးရှုံးခြင်းပင်ဖြစ်သည်။ ၁၉၃၁ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရှေ့မြောက်ပိုင်း မန်ချူးရီးယားဒေသကို ဂျပန်တို့ကျူးကျော်ဝင်ရောက်တိုက်ခိုက်မှုစတင်ခဲ့ပြီး ထိုကျူးကျော်မှုတွင် တရုတ်နိုင်ငံ၏ နယ်မြေတချို့ စွန့်လွှတ်ခဲ့ရသည်။ သို့ရာတွင် တရုတ်ပြည်သူများ၏ စည်းလုံးညီညွတ်မှုဖြင့် ဖက်ဆစ်ဂျပန်တို့အား တော်လှန်ရေးစစ်ကို ဆင်နွှဲခဲ့ကြသည်။ ထိုစစ်ပွဲတွင် တရုတ်ပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ ရဲဝံ့မှု၊ အသက်နှင့် ခန္ဓာကိုယ်ကို စွန့်လွှတ်မှုတို့ဖြင့် မိမိနိုင်ငံကို ကာကွယ်ခဲ့ခြင်းကြောင့် ၁၉၄၅ ခုနှစ် စက်တင်ဘာလ ၂ ရက်မှာ ဂျပန်က လက်နက်ချအညံ့ခံခဲ့သည်။ နောက်တစ်နေ့ စက်တင်ဘာလ ၃ ရက်ကို "တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်းနေ့" အဖြစ် သတ်မှတ်ခဲ့ကြသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၃ ရက် နံနက်ခင်း အချိန်သည် တရုတ်ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုနှင့် တရုတ်ပြည်သူ့တပ်မတော် PLA ၏ အားမာန်ကို မြင်တွေ့ခဲ့ရသည့် သမယပင်ဖြစ်သည်။



တရုတ်ပြည်သူ့တပ်မတော် PLA ၏ ခက်ခဲကြမ်းတမ်းမှုများကြားက ပေါ်ပေါက်လာသည့် ဂျပန်ခုခံတော်လှန်ရေးစိတ်ဓာတ်သည် မိုးထက်အောင်လံလွှင့်ခဲ့ပြီဖြစ်သည်။ ကြည်း၊ ရေ၊ လေ ပူးပေါင်း၍ ချီတက်လာကြသည့်တရုတ်ပြည်သူ့တပ်မတော်PLA၏ခြေလှမ်းများတွင် အတိတ်သမိုင်းနှင့် အနာဂတ်ခြေလှမ်းများကို မြင်တွေ့ရမည်ဖြစ်သည်။ အတိတ်ကိုဆိုရလျှင် တရုတ်ပြည်သူများ၏ ရင်နင့်ဖွယ်ဖြစ်ရပ်များ၊ ဂျပန်တို့၏ ရက်စက်ကြမ်းကြုတ်မှုကို မကြောက်မရွံ့အသက်ပေးဆပ်ခဲ့မှုများ၊ အချုပ်အခြာအာဏာထိပါးစော်ကားခံရမှုများ၊ တရားမျှတမှုမှုများ၊ လူ့အခွင့်အရေးနှင့် လူသားဆန်ခြင်းကင်းမဲ့စေမှုများကို မြင်တွေ့နိုင်မည်ဖြစ်သည်။ အနာဂတ်ဟုဆိုလျှင် ကြီးမားကျယ်ပြန့်ခဲ့သော တရုတ်နိုင်ငံ၏ တောက်ပသောဂုဏ်ဒြပ်ကို ထိန်းသိမ်းလိုခြင်း၊ နှစ်ပေါင်း ၅၀၀၀ တိုင်ခဲ့ပြီဖြစ်သော တရုတ်လူမျိုးများ၏ ယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းလိုခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တစ်ခုတည်းသောအလံတော်အောက်တွင် ပြည်သူတစ်ရပ်လုံးစည်းလုံးညီညွတ်မှုကိုပြသလိုခြင်း၊ ဖက်ဆစ်စနစ်ကို ကမ္ဘာပေါ်မှာမရှိစေလိုခြင်း၊ ခေတ်မီတိုးတက်သော နည်းပညာစစ်လက်နက်များဖြင့် ကာကွယ်ရန် ဆန္ဒပြင်းပြလိုခြင်းနှင့် ကမ္ဘာတစ်ဝန်း လူသားယဉ်ကျေးမှု



တိုးတက်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အနာဂတ်ကမ္ဘာကြီးအတွက် အမြဲအသင့်ရှိနေခြင်းတို့ကို မြင်တွေ့ရမည်ဖြစ်သည်။

မကြာမီ စစ်ရေးပြအခမ်းအနားကြီး စတင်တော့မည်။ အခမ်းအနားတက်ရောက်လာကြသူများ၏ စိတ်တွင် မကြုံစဖူးထူးခြားသော အောင်ပွဲအထိမ်းအမှတ်အဖြစ် တရုတ်ပြည်သူ့တပ်မတော်နှင့် တရုတ်နိုင်ငံ၏ ဂုဏ်ယူဖွယ်ရာ စစ်ရေးပြချီတက်မှုအစီအစဉ်များကို ရင်သပ်ရှုမောမြင်တွေ့ချင်နေကြလိမ့်မည်ထင်ပါသည်။ ထိုစဉ် စစ်ရေးပြမှူးက အားလုံးမတ်တတ်ရပ်ပေးဖို့ ဆော်ဩလာသည်။ မရှေးမနှောင်းမှာပင် အခမ်းအနားစတင်ခြင်း အထိမ်းအမှတ်အနေဖြင့် ဂုဏ်ပြုအမြောက်အလက် ၈၀ ဖြင့် ဂုဏ်ပြုပစ်ဖောက်ကြသည်။ ထိုသို့အမြောက်တစ်ချက်ပစ်တိုင်း တရုတ်ပြည်သူများ၏ ရင်ထဲတွင် ဝမ်းနည်းမှု၊ ပူဆွေးမှု၊ ကြောက်ရွံ့မှု၊ စိုးရိမ်ပူပန်မှုနှင့် မျှော်လင့်ချက်ကင်းမဲ့ခဲ့ရသည့် ခါးသီးမှုများမေ့ပျောက်ပြီး ရဲဝံ့မှု၊ စွန့်စားမှု၊ တည်ကြည်ခိုင်မာမှုနှင့် မျှော်လင့်ချက်များ ရှင်သန်ထမြောက်၍ အတိတ်၏အနာတရကို သက်သာပျောက်ကင်းစေသည်ဟု ဆိုရပါမည်။ အမြောက်ပစ်ဖောက်ဂုဏ်ပြုပြီးနောက် တစ်ဆက်တည်းမှာပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်အလံကို လွှင့်တင်၍ နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုကြသည်။

ထို့နောက် စစ်ရေးပြမှူး၏အမိန့်စဉ်အတိုင်း ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုသည်နိုင်ငံတော်သမ္မတ ဗဟိုစစ်ရေးကော်မရှင်ဥက္ကဋ္ဌ ရှီကျင့်ဖျင်အား အလေးပြုတန်းအပ်သည်။ စစ်ရေးပြတပ်ဖွဲ့များစွာပါဝင်သည့် ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုကြီးကို မစစ်ဆေးမီ သမ္မတရှီကျင့်ဖျင်က အရေးကြီးမိန့်ခွန်းမြွက်ကြားသည်။ သမ္မတ၏ မိန့်ခွန်းတွင် လေးနက်မှု၊ ဂုဏ်ယူမှု၊ ဂုဏ်ပြုမှုများဖြင့် အားရကျေနပ်မှုများစွာကို ထင်ဟပ်ခံစားရစေသည်။ အောင်ပွဲအတွက် အသက်ပေးဆပ်သွားခဲ့သော အာဇာနည်သူရဲကောင်းများကို လွမ်းဆွတ်သတိရအောက်မေ့ရင်း ငြိမ်းချမ်းသောအနာဂတ်ကမ္ဘာကြီးကို ဖန်တီးသွားရန် အလေးအနက်တိုက်တွန်းသည်။ တရုတ်ပြည်သူတို့၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲသည် ခက်ခဲကြမ်းတမ်းမှုများစွာဖြင့် တိုက်ခဲ့ရသည့် ကြီးမြတ်သောစစ်ပွဲကြီးဖြစ်ကြောင်းလည်း ညွှန်းဆိုသည်။ တကယ်တော့ တရုတ်ပြည်သူတို့၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲသည် ကမ္ဘာ့ဖက်ဆစ်တော်လှန်ရေးစစ်ပွဲကြီး၏ အရေးကြီးသောအစိတ်အပိုင်းတစ်ခုဖြစ်ပြီး တရုတ်ပြည်သူတို့၏ ကြီးမားသောပေးဆပ်မှုဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လူသားယဉ်ကျေးမှုကို အကာအကွယ်ပေးခဲ့ကြောင်းကိုလည်း အခိုင်အမာပြဆိုသည်။ သမိုင်းထဲမှာ သင်ခန်းစာများစွာရှိကြောင်း၊ ကမ္ဘာကြီးတွင် နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးသည် တန်းတူညီမျှမှုဖြင့် ငြိမ်းချမ်းစွာအတူတကွယှဉ်တွဲနေထိုင်နိုင်ရေး အပြန်အလှန်ဖေးမကူညီကြမှသာ လုံခြုံမှုအတွက် အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်းကိုလည်း ထပ်လောင်းမြွက်ကြားသည်။ အနာဂတ်ကမ္ဘာကြီးတွင် တရုတ်နိုင်ငံနှင့် တရုတ်ပြည်သူတို့သည် သမိုင်း၏ မှန်ကန်သည့်ဘက်တွင် မယိမ်းမယိုင်ရပ်တည်၍ လူသားယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းသောလူ့အသိုက်အဝန်းတည်ဆောက်ရေးတို့ကို ကမ္ဘာ့နိုင်ငံအသီးသီးနှင့် လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်း မိန့်ကြားချက်ကိုလည်း အလေးအနက်ထားအသိအမှတ်ပြုလေးစားမိရသည်။

မိန့်ခွန်းမြွက်ကြားအပြီးတွင် သမ္မတကြီး၏ အစစ်ဆေးခံယူမည့် စစ်ရေးပြတပ်ဖွဲ့များ အသင့်ဖြစ်ပြီဖြစ်ကြောင်း စစ်ရေးပြမှူးကတန်းအပ်သည်။ သမ္မတကြီး စစ်ဆေးရာလမ်းကြောင်းတစ်လျှောက်ရှိ စစ်ကြောင်းများက အဖွဲ့လိုက်အလေးပြုကြသည်။ ဤတွင် သမ္မတရှီကျင့်ဖျင်၏လက်အောက်အပေါ်ထားရှိသော ကြင်နာမှုကိုလက်တွေ့မြင်ရသည်။ စစ်ရေးပြအဖွဲ့တစ်ဖွဲ့ချင်းစီ၏ အလေးပြုနှုတ်ဆက်မှုကို အသိအမှတ်ပြုသည့်အနေဖြင့် သမ္မတကြီးက "မင်္ဂလာပါရဲဘော်တို့"ဟု နှုတ်ဆက်လျှင် ငယ်သားတို့က "မင်္ဂလာပါသမ္မတကြီး" ဟုလည်းကောင်း၊ "ရဲဘော်တို့ ပင်ပန်းသွားပြီ"ဟု နှုတ်ဆက်လျှင် ငယ်သားများက "ပြည်သူ့အကျိုးသယ်ပိုးထမ်းဆောင်"ဟုလည်းကောင်း အပြန်အလှန် နှုတ်ဆက်ကြသည်။ မိမိတို့နိုင်ငံ၏ အဓိပတိခေါင်းဆောင်အပေါ် ယုံကြည်မှုနှင့် လေးစားမှုအပြည့်ရှိသည်။ တက်ကြွမှုအပြည့်ရှိသည်။ ရဲရင့်မှု၊ ဂုဏ်ယူမှုတို့ဖြင့် ပြည့်လျှမ်းနေသည်။ တရုတ်ပြည်သူ့တပ်မတော်ဟူသည် တစ်ခုတည်းသော၊ တစ်စုတည်းသော၊ တစ်သားတည်းကျသော အဖွဲ့အစည်းအဖြစ် ခိုင်မာကျစ်လျစ်၍နေသည့်သရုပ်ကို ပြသနေသည်။ ထိုသည်ကလည်း ကြီးကျယ်ခမ်းနားသော တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ထင်ပေါ်စေခဲ့ပေသည်။ ၎င်းတို့၏မျက်နှာတွင် ယုံကြည်မှု၊ ဂုဏ်ယူမှု၊ ဝင့်ကြွားမှု၊ ကြောက်ရွံ့မှုကင်းသော စိတ်ဓာတ်တို့ဖြင့် ဝင်းလက်တောက်ပနေကြသည်။ တပ်ပေါင်းစုချီတက်ရာ တီယန်အန်မင်ရင်ပြင်သည်လည်း ထုထည်ခိုင်မာသော တရုတ်နိုင်ငံ၏ ထည်ဝါမှုကိုပြဆိုနေသည်။

ခေတ်သစ်ဒစ်ဂျစ်တယ်နည်းပညာများနှင့် စစ်ဘက်နည်းပညာတို့ ပေါင်းစပ်တီထွင်ထားသည့် တင့်ကားများ၊ အမြောက်များ၊ ဝေဟင်၊ မြေပြင်၊ ရေပြင်သုံး ဒရုန်းလက်နက်များ၊ လေယာဉ်များ၊ နျူကလီးယားလက်နက်များနှင့်လေဆာလက်နက်များဖြင့် စစ်ကြောင်းချီတက်၍ ဆင်နွှဲကြသည်။ အစီအစဉ်တကျရေးဆွဲထားသော စစ်ရေးပြအခမ်းအနားကြီးကမူ အခင်းအကျင်းအသစ်တစ်ခုကို ဖော်ညွှန်းပြသနေသည်ဟုပင် ဆိုနိုင်သည်။ ဤသို့ကြီးကျယ်ခမ်းနားသော စစ်ရေးပြအခမ်းအနားသို့ ရုရှားသမ္မတ ဗလာဒီမာပူတင်၊ မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့အပါအဝင် အခြားသောနိုင်ငံ့ခေါင်းဆောင် ၂၀ ကျော် တက်ရောက်ခဲ့ကြသည်။

တရုတ်ပြည်သူ့တပ်မတော် PLA နှင့် တရုတ်နိုင်ငံ၏ ခရီးကား ကြမ်းတမ်းခြင်း၊ ခက်ထန်ခြင်းနှင့်အတူ ကြိုးစားရုန်းကန်ထကြွသည့် အားမာန်သည် မည်သည့်အရာနှင့်မျှ နှိုင်းတု၍ရနိုင်မည်မဟုတ်ပေ။ ဤနေရာတွင် သမ္မတကျန်ဇီမင်း၏ ခေတ်သစ်တရုတ်စစ်ရေးမူဝါဒထုတ်ပြန်ချက်တွင် မိန့်ကြားခဲ့သည့် "အနာဂတ်တွင် ဖြစ်ပွားမည့်စစ်ပွဲများတွင် နည်းပညာမြင့်မားသော စစ်ပွဲ၊ ဘက်စုံစစ်ပွဲ၊ အီလက်ထရောနစ်စစ်ပွဲနှင့် ဒုံးလက်နက်စစ်ပွဲတို့ ပါဝင်ကြမည်ဖြစ်ပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်အနေဖြင့် လက်တွေ့ကျကျ တိုက်ပွဲဝင်အသင့်ဖြစ်စေရမည်"ဟု ဆိုသောစကားကို အမှတ်ရစေမိသည်။ လက်တွေ့တွင်လည်း တရုတ်ပြည်သူ့တပ်မတော် PLA သည် တိုးတက်ပြောင်းလဲလာခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။

သမ္မတရှီကျင့်ဖျင်ကလည်း "တပ်မတော်အနေနဲ့ စစ်ရေးဖွံ့ဖြိုးတိုးတက်မှုအတွက် နိုင်ငံရေးအံဝင်ခွင်ကျဖြစ်မှု အဆုံးအဖြတ်ပေးတဲ့ ပါတီရဲ့အမိန့်တွေကို လိုက်နာဖို့ မဖြစ်မနေလိုအပ်ပါတယ်၊ တိုက်ပွဲအောင်နိုင်စွမ်းရှိမှုဟာ တပ်မတော်အတွက် အရေးကြီးပါတယ်၊ ဒါဟာ တပ်မတော်ရဲ့အခြေခံကျတဲ့ လုပ်ငန်းတာဝန်ဖြစ်သလို တပ်မတော်ရဲ့ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျတဲ့ ရည်မှန်းချက်လည်းဖြစ်တယ်" ဟု ၂၀၁၃ ခုနှစ် မတ်လ ၁၁ ရက်တွင်ကျင်းပသည့် (၁၂) ကြိမ်မြောက်

စာမျက်နှာ ၂၀ သို့

**စာမျက်နှာ ၁၉ မှအဆက်**

ပြည်လုံးကျွတ် ပြည်သူ့ကွန်ဂရက် ပထမအစည်းအဝေးတွင် ပြောကြားခဲ့သည်ကို အမှတ်ရနေမိသည်။ ထိုကဲ့သို့ တရုတ်နိုင်ငံ၏နိုင်ငံ့ခေါင်းဆောင်အဆက်ဆက် ကြိုတင်မြော်တွေးတည်ဆောက်ခဲ့ကြသည့် နိုင်ငံရေး၊ စစ်ရေးရည်မှန်းချက်သည် ကောင်းမွန်ပြည့်စုံခဲ့ပေသည်။

ထိုစစ်ရေးပြအခမ်းအနားတွင် ထူးခြားချက်သုံးချက်တွေ့ရှိကြောင်း စာရေးသူထင်မြင်မိသည်။ ပထမအချက်အနေဖြင့် အနာဂတ်တရုတ်ပြည်သူများသည် ၎င်းတို့၏ ဘိုးဘေးများသွေးနှင့် ဖန်တီးထားသည့် အချုပ်အခြာအာဏာကို ထာဝရကာကွယ်ရန် စွမ်းရည်အပြည့်ရှိကြောင်း ကမ္ဘာသို့အသိပေးလိုခြင်း၊ ကမ္ဘာလုံးဆိုင်ရာငြိမ်းချမ်းရေးအတွက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်နေကြောင်း ပြသလိုခြင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ကိုယ်ပိုင်အသွင်ပုံစံဖြင့် ခေတ်မီ၍ အင်အားတောင့်တင်းသောနိုင်ငံတော်တစ်ခုဖြစ်သည်ဟု ကမ္ဘာသို့ ပြသလိုခြင်းတို့ပင်ဖြစ်သည်။ ထိုစစ်ရေးပြအခမ်းအနားတွင် အသံထက်မြန်သည့် လက်နက်ဆန်း ပိုင်ဆိုင်ခြင်းကိုလည်း ထုတ်ဖော်ပြသခဲ့သည်။ ကီလိုမီတာ ၂၀ဝဝဝ အထိ ရောက်ရှိပျံသန်းနိုင်သော နျူကလီးယားထိပ်ဖူးသယ်ဆောင်နိုင်သည့် တိုက်ချင်းပစ်ဒုံးကျည်များကိုလည်း အံ့သြမှင်တက်ဖွယ် ရှုမြင်ကြရသည်။

စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုသည့် စစ်ရေးပြအစီအစဉ်တွင် စစ်ရေးပြအဖွဲ့ ၄၅ ဖွဲ့ ပါဝင်ခဲ့ကြသည်။ စစ်ရေးပြတွင် ပါဝင်ပြသသည့် လက်နက်နဲ့ ယန္တရားအများစုသည် ပထမဆုံးအကြိမ်အဖြစ် ပြသခြင်းလည်းဖြစ်သည်။ ဤစစ်ရေးပြမှတစ်ဆင့် ခေတ်သစ်တရုတ်ပြည်သူ့တပ်မတော်၏ နိုင်ငံရေးအသွင်အပြင်သစ်၊ တပ်မတော်အင်အားဖွဲ့စည်းပုံအသစ်၊ အခင်းအကျင်းအသစ်၊ ခေတ်မီတိုးတက်မှုအသစ်တို့ကို အပြည့်အဝပြသလိုက်သည်ဟုဆိုနိုင်သည်။ မြူးကြွနေသည့် စစ်တေးသံကြားတွင် တရုတ်ကွန်မြူနစ်ပါတီအလံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်အလံ၊ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အလံတို့အား အလံတော်အဖွဲ့မှ တလူလူလွင့်ပျံ၍ ချီတက်လာနေကြသည်။ ယင်းအလံသုံးခုက တရုတ်ကွန်မြူနစ်ပါတီ ဦးဆောင်သော ပြည်သူ့တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူအတွက် ထာဝရကာကွယ်စောင့်ရှောက်သူဖြစ်ကြောင်းကို အတိအလင်းဖော်ညွှန်းသည်။ ထိုကဲ့သို့ ချီတက်မှုပြယုဂ်သည်တရုတ်ပြည်သူတို့၏ငြိမ်းချမ်းရေးကိုမြတ်နိုးမှု၊ တရားမျှတခြင်းကို လိုလားမှု၊ သမိုင်း၏မှန်ကန်သည့် ဘက်မှရပ်တည်မှုတို့ကိုဖော်ပြနေပေသည်၊ ရဟတ်ယာဉ် ၂၆ စင်းသည် ဧရာမ ၈၀ ဂဏန်းပုံဖော်လျက် တရုတ်ပြည်သူတို့၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့်ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်းကို ဂုဏ်ပြုထားကြသည်၊ ထိုစဉ်ရဟတ်ယာဉ်သုံးစင်းသည်တီယန်အန်မင်ကောင်းကင်ယံတွင် “တရားမျှတမှု အောင်မြင်ပါ့မည်၊ ငြိမ်းချမ်းရေးအောင်မြင်ပါ့မည်၊ ပြည်သူများအောင်မြင်ပါ့မည်”ဟူသည့် စာတန်းများကို ချိတ်ဆွဲပျံသန်းလာကြသည်။ ချီတက်မှုတွင် ပါဝင်သည့် နိုင်ငံတော်သံစုံတီးဝိုင်းကိုပင် လူအင်အား ၁၃၀၀ ခန့်ဖြင့်ဖွဲ့စည်းထားသည်ကိုမြင်ရသောအခါ လွန်စွာမှ အံ့သြဘနန်းဖြစ်ရပြန်လေသည်။

ပထမဦးစွာ ခြေလျင်စစ်ရေးပြတပ်ဖွဲ့ ၁၃ ဖွဲ့က ဦးဆောင်ချီတက်လာသည်ကို တွေ့ရှိရသည်။ တိုက်ပွဲများစွာကို တိုက်တိုင်းအောင်နိုင်ခဲ့သည့် ခြေလျင်တပ်ဖွဲ့များသည် ရန်သူများကို ရဲရဲဝံ့ဝံ့ချေမှုန်းကာ စစ်မီးယမ်းငွေ့များကြားတွင် ဖြတ်သန်းလာခဲ့ပြီး အောင်မြင်မှုရရှိခဲ့သည့် အစဉ်အလာအတိုင်း ခေတ်သစ်တရုတ်တပ်မတော် ကြည်းတပ်သည်လည်း နယ်ပယ်ကဏ္ဍအစုံ၌ စစ်ဆင်ရေးအမာခံတပ်အဖြစ် လျင်မြန်စွာကူးပြောင်းလှုပ်ရှားနိုင်သည့် စွမ်းရည်ရှိကြောင်းကို ဖော်ထုတ်ပြသနေသည်။

ထို့နောက် လှိုင်းလေခွင်း၍ ပင်လယ်ဆင်းကာ ပင်လယ်ပြင်စစ်ဆင်နိုင်စွမ်းကို ဘက်စုံမြှင့်တင်ရင်း ပင်လယ်ပြင်တည်ငြိမ်အေးချမ်းမှုကို ကာကွယ်စောင့်ရှောက်နိုင်သည့် ကမ္ဘာ့ထိပ်တန်းရေတပ်တစ်ခုအဖြစ် မီးမောင်းထိုးချီတက်လာနေသည့် ရေတပ်စစ်ရေးပြတပ်ဖွဲ့၊ ကောင်းကင်ပြာပြာတွင် အိပ်မက်မက်၍ ရှိကြောင်းကို ဖော်ညွှန်းပြသည့် ငြိမ်းချမ်းမှုထိန်းသိမ်းရေးစစ်ရေးပြတပ်ဖွဲ့၏ ချီတက်အလေးပြုမှုကိုလည်း ရှုမြင်ရသည်။ တရုတ်နိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများအနက် ငြိမ်းချမ်းရေးတပ်အင်အား စေလွှတ်မှုအများဆုံးနိုင်ငံဖြစ်ကြောင်းကိုလည်း ဂုဏ်ယူစွာတင်ဆက်သလို ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးလှုပ်ရှားမှုများတွင် ၃၅ နှစ်ဆက်တိုက်ပါဝင်ခဲ့သည်ကိုလည်း လေးစားဂုဏ်ယူဖွယ်မှတ်တမ်းပြုခဲ့သည်။




ဝေဟင်ထက်တွင် တိုက်ပွဲဝင်မည့် အသွင်သဏ္ဍာန်ဖြင့် ကနဦးစစ်ပွဲကာလ၏ စစ်မီးလျှံများကြားမှ မွေးဖွားရှင်သန်လာခဲ့သည့် လေတပ်၏စွမ်းရည်များကို ဖော်ထုတ်ပြသမည့်လေတပ်စစ်ရေးပြတပ်ဖွဲ့တို့က ရှေ့နောက်အစဉ်လိုက်ချီတက်ကာ အလေးပြုကြသည်။

လေတပ်ချီတက်မှုနောက်မှာတော့ ဒုံးကျည်တပ်ဖွဲ့၏ ချီတက်လာမှုကို မြင်ရသည်။ ခေတ်သစ်တရုတ်တပ်မတော်သည် သမားရိုးကျနှင့် နျူကလီးယားဒုံးကျည်နှစ်မျိုးစလုံးကိုပိုင်ဆိုင်ထားပြီး နယ်ပယ်စုံခြောက်လှန့်ဟန့်တားနိုင်စွမ်းရှိသည့် မဟာဗျူဟာမြောက်စစ်အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်ရင်း နိုင်ငံတော်လုံခြုံမှုနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို အာမခံပေးနိုင်ကြောင်းကို ဒုံးကျည်တပ်ဖွဲ့ဖြင့် အသိပေးထားသည်။ ဒုံးကျည်တပ်ဖွဲ့၏နောက်တွင် အာကာသတပ်ဖွဲ့စစ်ရေးပြတပ်ဖွဲ့၊ ဆိုက်ဘာစစ်ဆင်ရေးစစ်ရေးပြတပ်ဖွဲ့၊ သတင်းနည်းပညာထောက်ပံ့ရေးစစ်ရေးပြတပ်ဖွဲ့တို့က အစဉ်လိုက်ချီတက်ရင်း ပထမဆုံးအကြိမ်အဖြစ် ဗိုလ်ရှုသဘင်အခမ်းအနားတွင် အင်အားပြပါဝင်လာသည်ကို တွေ့မြင်ရသည်၊ ယင်းနောက် “ပူးပေါင်းစစ်ဆင်ကဏ္ဍစုံထောက်ကူ”ဟူသည့် ကြွေးကြော်သံအတိုင်း ခေတ်သစ်စစ်ဆင်ရေးတွင် တိကျထိရောက်သော ထောက်ပံ့မှုများကို ဆောင်ရွက်လျက်ရှိသည့် ပူးတွဲထောက်ပံ့ရေးစစ်ရေးပြတပ်ဖွဲ့၏ ချီတက်အလေးပြုမှု၊ မြို့ပြကျေးရွာမှ ပင်လယ်ကမ်းလွန်အထိ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းရေးနှင့် ပြည်သူလူထုအတွက် ကာကွယ်ပေးနေသည့် သစ္စာရှိသော ရဲတပ်ဖွဲ့စစ်ရေးပြတပ်ဖွဲ့၏ ချီတက်အလေးပြုမှု၊ လက်ရှိစစ်မှုထမ်းတပ်များနှင့်အတူ ခေတ်သစ်တရုတ်ပြည်သူ့တပ်မတော်၏ တာဝန်ဝတ္တရားများကို ကူမျှထမ်းပိုးပေးလျက်ရှိသည့် အရန်စစ်မှုထမ်းတပ်စစ်ရေးပြတပ်ဖွဲ့၏ ချီတက်အလေးပြုမှု၊ အရေးပေါ်တိုင်း တိုင်းပြည်အတွက် အသက်မငဲ့ကွက် သယ်ပိုးထမ်းဆောင်ရန် အသင့်ဖြစ်နေကြသည့် ပြည်သူ့စစ် စစ်ရေးပြတပ်ဖွဲ့၏ ချီတက်အလေးပြုမှုတို့ကို မျက်ဝါးထင်ထင်တွေ့ရှိရသည့် အခိုက်အင်အားတောင့်တင်းခိုင်မာလှသည့် တရုတ်နိုင်ငံ၏ကာကွယ်ရေးစွမ်းအားစုများကို ဂုဏ်ပြုဂုဏ်ယူမိရပါသည်။

ထူးထူးခြားခြားအနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းဖို့ တရုတ်အင်အားဖြင့် ပါဝင်စွမ်းဆောင်လျက် ဆက်လက်၍ ယန္တရားစစ်ရေးပြတပ်ဖွဲ့က စစ်ဆင်ရေးအဖွဲ့ ခုနစ်ဖွဲ့ဖြင့် ချီတက်လာသည်။ ၎င်းနောက် ကုန်းတွင်းစစ်ဆင်ရေးအဖွဲ့ စစ်ရေးပြတပ်ဖွဲ့ လေးဖွဲ့ အဖြစ် မြေပြင်ချေမှုန်းရေးစစ်ရေးပြတပ်ဖွဲ့၊ ကုန်းရေနှစ်သွယ်တိုက်ခိုက်ရေး စစ်ရေးပြတပ်ဖွဲ့၊ လေထီးစစ်ရေးပြတပ်ဖွဲ့၊ တာဝေးပစ်အမြောက်စစ်ရေးပြ



တပ်ဖွဲ့တို့က ပူးပေါင်းချီတက်လာသည်။ ကုန်းတွင်းစစ်ဆင်ရေးအပြီးတွင် ပင်လယ်ရေကြောင်းစစ်ဆင်ရေးအဖွဲ့ သုံးဖွဲ့က ကပ်လျက်ချီတက်လိုက်ပါလာသည်။ သင်္ဘောတင်ဝေဟင်ကာကွယ်ရေးလက်နက်စစ်ရေးပြတပ်ဖွဲ့၊ သင်္ဘောဖျက်ဒုံးကျည်စစ်ရေးပြတပ်ဖွဲ့နှင့် ရေအောက်လက်နက် စစ်ရေးပြတပ်ဖွဲ့တို့သည် ပင်လယ်ရေကြောင်းစစ်ဆင်ရေးအတွက် ပြည့်စုံလုံလောက်သောစွမ်းအားစုကြီးတစ်ခုအဖြစ်ဖော်ထုတ်ပြလိုက်သည်ဟု ဆိုရမည်ဖြစ်သည်။ ထို့နောက် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်တိုက်ဖျက်ရေး စစ်ရေးပြတပ်ဖွဲ့ သုံးဖွဲ့အဖြစ် ကြိုတင်သတိပေးတိုင်းတာရေးစစ်ရေးပြတပ်ဖွဲ့၊ ဝေဟင်ပစ်ခုခံတိုက်ဖျက်ရေးစစ်ရေးပြတပ်ဖွဲ့၊ ဒရုန်းတိုက်ဖျက်ရေးလေယာဉ်စစ်ရေးပြတပ်ဖွဲ့တို့က ပူးပေါင်းချီတက်အလေးပြုကြသည်။

ယနေ့ခေတ်သစ်စစ်ပွဲများတွင် စစ်ပွဲအောင်နိုင်ရေးအတွက် သတင်းအချက်အလက်နှင့်နည်းပညာစွမ်းအားသည် အဆုံးအဖြတ်ပေးနိုင်သည့် အရေးကြီးသောအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်ကို အသိပေးဖော်ထုတ်သည့်အနေဖြင့် ယခုစစ်ရေးပြအခမ်းအနားတွင် သတင်းအချက်အလက်စစ်ဆင်ရေးအဖွဲ့ စစ်ရေးပြတပ်ဖွဲ့သုံးဖွဲ့ကိုထည့်သွင်းချီတက်စေခဲ့သည်၊ ဆိုက်ဘာကွန်ရက်စစ်ဆင်ရေးစစ်ရေးပြတပ်ဖွဲ့၊ အီလက်ထရောနစ်ခုခံရေးစစ်ရေးပြတပ်ဖွဲ့၊ သတင်းအချက်အလက်ထောက်ပံ့ရေးစစ်ရေးပြတပ်ဖွဲ့တို့က ခေတ်သစ်တရုတ်တပ်မတော်၏ ကာကွယ်ရေးစွမ်းပကားကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိနေကြောင်း သက်သေပြုလျက်ရှိသည်။

ထို့ပြင် ကုန်းတွင်းမောင်းသူမဲ့ စစ်ဆင်ရေးစစ်ရေးပြတပ်ဖွဲ့၊ ပင်လယ်ပြင်မောင်းသူမဲ့ စစ်ဆင်ရေးစစ်ရေးပြတပ်ဖွဲ့၊ လေကြောင်းမောင်းသူမဲ့ စစ်ဆင်ရေးစစ်ရေးပြတပ်ဖွဲ့တို့ပါဝင်သည့် မောင်းသူမဲ့စစ်ဆင်ရေးစစ်ရေးပြတပ်ဖွဲ့ သုံးဖွဲ့၏ အလိုအလျောက်ပူးပေါင်းစစ်ဆင်နိုင်စွမ်းကို တွေ့မြင်ရမည့် ကြည်း၊ ရေ၊ လေ ပူးပေါင်းဖွဲ့စည်းမှုမျိုးကိုလည်း ရင်သပ်ရှုမောဖွယ်တွေ့မြင်ရသည်။ ၎င်းနောက် ထောက်ပံ့ရေးစစ်ရေးပြတပ်ဖွဲ့ နှစ်ဖွဲ့ဖြစ်သည့် ထောက်ပံ့စစ်ရေးပြတပ်ဖွဲ့နှင့် ယန္တရားထောက်ပံ့ရေးတပ်ဖွဲ့တို့က စစ်မြေပြင်တွင် မဖြစ်မနေလိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုအတွက် အဓိကတပ်ဖွဲ့များဖြစ်ကြောင်းကိုလည်း သိသာထင်ရှားအောင် ချီတက်အလေးပြုစေသည်။

ယင်းနောက် တရုတ်ပြည်သူ့တပ်မတော်၏ ခမ်းနားကြီးကျယ်သော ကာကွယ်ရေးလက်နက်ဆန်းများကို ဖော်ထုတ်ပြသမည့်မဟာဗျူဟာတိုက်ခိုက်ရေးစစ်ရေးပြတပ်ဖွဲ့လေးဖွဲ့က ပူးပေါင်းချီတက်လာသည်။ ခရုစ်ဒုံးကျည်စစ်ရေးပြတပ်ဖွဲ့၊ အသံထက်မြန်သည့်ဒုံးကျည်များ သယ်ဆောင်လာသည့် စစ်ရေးပြတပ်ဖွဲ့၊ နျူကလီးယားဒုံးကျည်များသယ်ဆောင်လာသည့် စစ်ရေးပြတပ်ဖွဲ့ နှစ်ဖွဲ့တို့က ခေတ်သစ်တရုတ်တပ်မတော်၏ နိုင်ငံတော်လုံခြုံမှုနှင့် ပြည်သူလူထုဘဝတည်ငြိမ်အေးချမ်းမှုများကို ကာကွယ်စောင့်ရှောက်ရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းကာကွယ်ရန် တာဝန်အပြည့်၊ တာဝန်အသိဖြင့် စွမ်းစွမ်းတမံထမ်းဆောင်သွားမည်ဖြစ်ကြောင်း ကတိကဝတ်ပြုလိုက်သည့်နှယ် ခံစားရစေသည်။

ရုတ်တရက်ဆိုသလိုပင် တီယန်အန်မင်ရင်ပြင်ရှိ ကောင်းကင်ယံတွင်တိုက်လေယာဉ်တို့သည်လေထုကို ခွင်း၍ ပျံသန်းချီတက်လာသည်ကို မြင်လိုက်ရသည်။ ကြိုတင်သတိပေးထောက်လှမ်းရေးလေယာဉ်၊ တာဝေးပစ်စစ်ဆင်တိုက်ခိုက်ရေးလေယာဉ်၊ ရေကြောင်းရန်စစ်ဆင်ရေးလေယာဉ်၊ မဟာဗျူဟာပို့ဆောင်ရေးလေယာဉ်၊ ထောက်ပံ့ရေးလေယာဉ် စသည်ဖြင့် မြောက်မြားလှစွာသော တိုက်ခိုက်ရေးနှင့်ထောက်ပံ့ရေးလေယာဉ်များစွာသည် **စာမျက်နှာ ၂၁ သို့**

# ၂၂ ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (22nd ASEAN Air Chiefs Conference-22nd AACC) သို့ ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ တက်ရောက်




ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ၂၂ ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (22nd ASEAN Air Chiefs Conference – 22nd AACC) တက်ရောက်လာသူများနှင့် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၁၁**

အင်ဒိုနီးရှားနိုင်ငံ၌ကျင်းပမည့် ၂၂ ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး (22nd ASEAN Air Chiefs Conference-22nd AACC) သို့ တက်ရောက်ရန်အတွက် ကာကွယ်ရေး ဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၆ ရက်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၇ ရက် ညနေပိုင်းတွင် လာအိုလေတပ် ဦးစီးချုပ် Major General Khamlek Sengphachanh၊ ဘရူနိုင်းလေတပ် ဦးစီးချုပ် Brigadier General (U) Haji Haszahaidi bin Haji Ahmad Daud နှင့် အင်ဒိုနီးရှားလေတပ်ဦးစီးချုပ် Air Chief Marshal Mohamad Tonny Harjono တို့နှင့် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံလေတပ်များအကြား ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ဂျကာတာမြို့ရှိ The Ritz-Carlton Ballroom ၌ ကျင်းပပြုလုပ်သော ၂၂ ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး(22nd ASEAN Air Chiefs Conference-22nd AACC) တက်ရောက်ကြသည်။ အာဆီယံလေတပ်ဦးစီးချုပ်များက "ASEAN Inclusivity and Sustainability of Non-Combatant Evacuation Operations" အကြောင်းအရာကို တစ်ဦးချင်း ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးသဘောတူဆုံးဖြတ်ချက်များ အတည်ပြုလက်မှတ်ရေးထိုးကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် အင်ဒိုနီးရှားလေတပ်ဦးစီးချုပ်က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အာဆီယံလေတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ၂၂ ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး(22nd ASEAN Air Chiefs Conference-22nd AACC)သို့တက်ရောက်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ) ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၀ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)



၂၂ ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ဆွေးနွေးစဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

အရှိန်အဟုန်ဖြင့် တိုးတက်မြင့်မားလာသော တရုတ်ပြည်သူ့တပ်မတော်၏ လေကြောင်းစစ်ဆင်ရေးစွမ်းအားကို ပြသလိုက်သည်ဟုပင် ဆိုရမည်ဖြစ်သည်။

ထိုနေ့က စစ်ရေးပြအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတကာခေါင်းဆောင်များနှင့်အတူ တရုတ်ပြည်သူများအနေဖြင့် အနီရောင်လွှမ်းသော ကော်ဇောများ၊ တီယန်အန်မင်ရင်ပြင်ရှိ တံတိုင်းကြီးသဖွယ်ထူထဲသော အဆောက်အအုံများသည် ပြည်ပကျူးကျော်ရန်စမှုများကို တွန်းလှန်ရာတွင် တရုတ်နိုင်ငံ၏ရဲစွမ်းသတ္တိနှင့် စည်းလုံးညီညွတ်မှုတို့ကို ကိုယ်စားပြုနေသည်ဟုလည်း မြင်ယောင်နေမိလိမ့်မည်ထင်ပါသည်။ သမ္မတရှီကျင့်ဖျင်၏မိန့်ခွန်းတွင် "တရုတ်ပြည်ရဲ့ တစ်ဖန်ပြန်လည်နိုးကြားလာမှုကို ရပ်တန့်လို့မရပါဘူး" ဟု မြွက်ကြားခဲ့သည့်စကားက ကမ္ဘာကြီးငြိမ်းချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက်တရုတ်နိုင်ငံ၏ကတိကဝတ်ဟုပင် ဆိုနိုင်လောက်ပါသည်။

သမ္မတရှီကျင့်ဖျင်၏ မိန့်ခွန်းအရ ယနေ့ကမ္ဘာကြီးတွင် နိုင်ငံအသီးသီးသည် နိုင်ငံတော်လုံခြုံရေးနှင့် ငြိမ်းချမ်းရေးရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို မျက်ဝါးထင်ထင်တွေ့ရသည်။ ယခု တရုတ်နိုင်ငံတွင် ကျင်းပသည့် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀) ပြည့်အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားတွင် တရုတ်တို့၏ လွန်ခဲ့သော နှစ် ၈၀ က အောင်ပွဲ၏ အရေးပါမှုကို မီးမောင်းထိုးပြထားပြီး ယခုခေတ်တွင် ပြည်ပကျူးကျော်ရန်စမှုများကို စွမ်းအားပြည့်ရင်ဆိုင်နိုင်သည့် ပထမဆုံးပြီးပြည့်စုံသော အောင်ပွဲဖြစ်သည်ဟုလည်း ဖော်ညွှန်းသက်သေပြုထားသည်။ စစ်ရေးပြတပ်ဖွဲ့များအပြင် နိုင်ငံတော်သံစုံတီးဝိုင်းဖြင့် အားမာန်အပြည့်သီဆိုထားသည့်တေးသီချင်းကလည်း ကြားရသူများအဖို့ ကြက်သီးထဖွယ်ဖြစ်သည်။ ရွှယ်တူလူငယ်လေးများ၏ ရဲဝံ့မာန်ချီနိုင်ငံတော်သီချင်းသံသည် တီယန်အန်မင်ရင်ပြင်တစ်ခွင်လုံး တုန်ဟည်းလျက်ရှိသည်။ မာန်အပြည့်ဖြင့် ထိုလူငယ်လေးများ၏ အားရှိသောအသံများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အနာဂတ်ရောင်ခြည်ကို ထွန်းလင်းလျက်ရှိသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုချင်သည်။ တီယန်အန်မင်ရင်ပြင်တွင် ချီတက်လာသည့် တရုတ်ပြည်သူ့တပ်မတော် PLA ကို ပြည်သူများ၏ ဂုဏ်ပြုသောဆိုင်းဘုတ် ၈၀ သည် ၁၉၃၁ ခုနှစ်တွင်စတင်ခဲ့သော ဖက်ဆစ်ဂျပန်ကျူးကျော်မှုကို ဆန့်ကျင်သည့် ပထမဆုံးနိုင်ငံအဖြစ် တရုတ်နိုင်ငံ၏ ရပ်တည်ချက်ကို ပြသရာလည်းရောက်သည်။

ခေတ်သစ်တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် ကမ္ဘာ့စစ်အင်အားကြီးနိုင်ငံများထဲတွင် ပါဝင်လျက်ရှိနေသည်။ ကမ္ဘာ့နျူကလီးယားပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်။ ထိုကဲ့သို့ ခေတ်စနစ်နည်းပညာဖြင့် တိုးတက်ပြောင်းလဲလာသည့် တရုတ်ပြည်သူ့တပ်မတော်တွင် ခေါင်းဆောင်မှုကောင်းမွန်မှု၊ အရာရှိ၊ စစ်သည်အဆင့်အတန်းအားလုံး စစ်စည်းကမ်းကောင်းမွန်မှု၊ အမိန့်နာခံတတ်မှု၊ တစ်ဦးချင်းလေ့ကျင့်သားပြည့်ဝမှု၊ ရဲဘော်စိတ်ရှိမှုနှင့် နိုင်ငံချစ်စိတ်တို့ကို ဤနှစ်(၈၀)ပြည့် ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်းအခမ်းအနားတွင် တွေ့မြင်ရမည်ဖြစ်သည်။

အချုပ်ဆိုရသော် စစ်ရေးပြတစ်ခုတွင် ညီညာမှုသည် အသက်သဖွယ်ဖြစ်သည်။ လူနှစ်ယောက်လမ်းလျှောက်လျှင်တောင် နှစ်ယောက်ညီအောင်လျှောက်ဖို့မလွယ်ကူလှပါ။ ယခုကဲ့သို့ စစ်သည်အင်အား ၁၀၀၀၀ ကျော် ညီညာဖို့ဆိုလျှင် ပိုမလွယ်ကူလှပါ။ သို့သော် ဤသို့မလွယ်ကူလှသောကိစ္စကို ပါဝင်စစ်ရေးပြကြသော တရုတ်တပ်မတော်က စစ်သား၊ စစ်သမီးတို့သည် နည်းစနစ်တကျ ပြင်းပြင်းထန်ထန်လေ့ကျင့်ထားသည့် လေ့ကျင့်သားပြည့်ဝမှုများနှင့် ညီညာမှုကိုပြသကာ ကမ္ဘာ့နိုင်ငံတိုင်းအတွက် စံပြုစရာစစ်ရေးပြအဖြစ် ပါဝင်ချီတက်ခဲ့ကြသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်အနေဖြင့် ရန်လိုမှုကင်းသော နိုင်ငံချစ်စိတ်တို့ဖြင့် အမိတိုင်းပြည်တရုတ်နိုင်ငံတော်ကြီးကို ကာကွယ်စောင့်ရှောက်လျက်ရှိနေသည်သာမက တရုတ်နိုင်ငံ၏အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လာသော ကာကွယ်ရေးစွမ်းပကားသည် ယနေ့ကမ္ဘာ့အခင်းအကျင်းတွင် ဖြစ်ပေါ်နေသည့် ကမ္ဘာ့အင်အားချိန်ခွင်လျှာတစ်ဖက်စောင်းနင်းဖြစ်မှုကို ဟန့်တားကာကွယ်နိုင်စွမ်းရှိနေပြီဖြစ်သည်။ ယခုကဲ့သို့ ကာကွယ်ရေးစွမ်းအားကြီးမြင့်လာရခြင်းတွင် တရုတ်ပြည်သူလူထု၏ ရှေးယခင်မိမိတို့ဘိုးဘွားများ၏ ပေးဆပ်စွန့်လွှတ်အနစ်နာခံမှု ကျေးဇူးတရားများကို သိတတ်ခြင်း၊ မိမိနိုင်ငံအရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးဆောင်သူအစိုးရနှင့်အတူ တက်ကြွညီညာစွာလိုက်ပါခြင်း၊ တစ်ဦးချင်းစီတိုင်းတွင် နိုင်ငံသားအသိစိတ်ဓာတ်နှင့် စည်းကမ်းပြည့်ဝခြင်းတို့ကြောင့်လည်းပါသည်။

စစ်ရေးပြအခမ်းအနားတွင် ချီတက်လျက်ရှိသည့် ကြည်း၊ ရေ၊ လေ တပ်ပေါင်းစုသည် ဦးလည်မသုန်အားမာန်အပြည့်ဖြင့် အနာဂတ်နိုင်ငံတော်အတွက် ပေးဆပ်နေမည်ဖြစ်ကြောင်း သစ္စာပြုဘိသကဲ့သို့ ရှိသည်။ ယခုစစ်ရေးပြအခမ်းအနားတွင် ဖော်ထုတ်ပြသခဲ့သည့် ကြီးကျယ်ခမ်းနားသော ကာကွယ်ရေးစွမ်းပကားများက အနာဂတ်ကမ္ဘာကြီး၏ ငြိမ်းချမ်းရေးအတွက် တရုတ်ပြည်သူတို့နှင့် တရုတ်နိုင်ငံက လုံးဝအာမခံချက်ပေးထားသည်ကိုလည်း ဖော်ညွှန်းပြသထားသည်။ ဆက်လက်၍လည်း တရုတ်နိုင်ငံနှင့် တရုတ်ပြည်သူ့တပ်မတော်သည် အတိတ်ကဖြစ်ရပ်ဆိုးများကို သင်ခန်းစာဖော်ထုတ်ပြီး ရှေ့ဆက်ရမည့် အနာဂတ်မျှော်မှန်းချက်၊ ရည်မှန်းချက်ပန်းတိုင်သို့ နှလုံးသွေးများမရပ်တန့်သရွေ့ မမှိတ်မသုန်ချီတက်နေမည်ဖြစ်ကြောင်း ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ်အခမ်းအနားကတစ်ဆင့် ကြွေးကြော်လိုက်သည့် ဥဒါန်းကျူးရင့်သံများသည် ပေကျင်းမြို့ တီယန်အန်မင်ရင်ပြင်မှသည် ကမ္ဘာ့အနှံ့ ပျံ့လွင့်ခဲ့ပြီဖြစ်ပါသတည်း။ ။

## လွတ်ငြိမ်းချမ်းသာခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**

**အမိန့်အမှတ်၊ ၇ /၂၀၂၅**

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်

(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

**လွတ်ငြိမ်းချမ်းသာခွင့်အမိန့်**

ယာယီသမ္မတသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄၊ ပုဒ်မခွဲ(ခ)တွင် ပြဋ္ဌာန်းထားသည့် အခွင့်အာဏာကို ကျင့်သုံးလျက် စစ်တွေခရိုင်တရားရုံးက ရာဇဝတ်ကြီးအမှုအမှတ် ၉/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊ ပုဒ်မခွဲ(ခ)နှင့် ရာဇဝတ်ကြီးအမှုအမှတ် ၃/၂၀၁၈၊ ရာဇသတ်ကြီးပုဒ်မ ၁၂၂၊ ပုဒ်မခွဲ(၁)တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့သဖြင့် ပြစ်ဒဏ်ကျခံခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်အရ ပြန်လည်လွတ်မြောက်လာခဲ့သည့် ဒေါက်တာအေးမောင်သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော နိုင်ငံတော်၏ ဦးတည်ချက်များကို အစဉ်တစိုက် မမိုတ်မသုန် စွဲမြဲစွာခံယူစောင့်ထိန်းသွားမည်ဟု သန္နိဋ္ဌာန်ပြုကာ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရာတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန် ကတိကဝတ်ပြုမှုအရ ၎င်းအပေါ် ပြစ်မှုထင်ရှားစီရင်ထားသည့် ပြစ်မှုနှင့်ပြစ်ဒဏ်များကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ထောက်ခံချက်ဖြင့် လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သည်။

ပုံ

မင်းအောင်လှိုင်

ဗိုလ်ချုပ်မှူးကြီး

ယာယီသမ္မတ

# NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို နေပြည်တော်၌ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် ခမ်းနားစွာကျင်းပမည်ဖြစ်ပြီး တစ်ဆက်တည်း NCA အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပပြုလုပ်ရန် စီမံဆောင်ရွက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် မင်္ဂလာသီရိဟိုတယ် Grand Ball Room ၌ ကျင်းပသည်။



NCA လက်မှတ်ရေးထိုးပြီးချိန်မှစ၍ NCA အထိမ်းအမှတ် နှစ်ပတ်လည်နေ့ အခမ်းအနားများကို နှစ်စဉ်ကျင်းပခဲ့ရာ လာမည့် ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင်ကျရောက်မည့် NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို နေပြည်တော်၌ နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် ခမ်းနားစွာ ကျင်းပမည်ဖြစ်ပြီး တစ်ဆက်တည်း NCA အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကိုလည်း ကျင်းပရန် စီမံဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် NCA သည် ငြိမ်းချမ်းရေးအတွက် အရေးကြီးကြောင်း၊ NCA နှစ်ပတ်လည်နေ့အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲတို့၌ NCA တွင် ပါဝင်ခဲ့ကြသူများ၊ ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးဖြစ်စဉ်တွင် ပါဝင်ခဲ့ကြသည့် Stakeholders များ၊ ပြည်တွင်း၊ ပြည်ပ ပညာရှင်များနှင့် ကဏ္ဍအသီးသီးမှ တက်ရောက်လာကြသူများအနေဖြင့် NCA ၏ ၁၀ နှစ်တာကာလအတွင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများ၊ အောင်မြင်မှုများနှင့် သင်ခန်းစာများအပေါ် အချင်းချင်းအမြင်သဘောထားများ၊ အတွေ့အကြုံများမျှဝေဖလှယ်ပြီး အလွတ်သဘော ကျယ်ပြန့်စွာဆွေးနွေးနိုင်ရန် အခမ်းအနားကိုကျင်းပမည်ဖြစ်ကြောင်း၊ NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို အသွင်သဏ္ဌာန်နှင့် အနှစ်သာရရှိရှိ ကျင်းပနိုင်ရေး၊ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီများ ဖွဲ့စည်းမှုနှင့်လုပ်ငန်းတာဝန်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပေးနိုင်ရေးကိစ္စများ၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားနယ်မြေများတွင် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးမှုလုပ်ငန်း ဆောင်ရွက်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပြခန်းများတွင် ပါဝင်ခင်းကျင်းပြသနိုင်ရေးကိစ္စများကို ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လူငယ်နှင့် ငြိမ်းချမ်းရေးကဏ္ဍ အရေးပါမှုအခြေအနေ၊ လက်ရှိနိုင်ငံ၏ ပကတိဖြစ်ပေါ်တိုးတက်မှုနှင့် NCA အခမ်းအနား၏အရေးပါမှုအခြေအနေနှင့် အခမ်းအနားကျင်းပရေးနှင့် ပတ်သက်၍ လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

NCA ၁၀ နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားနှင့် အလုပ်ရုံဆွေးနွေးပွဲ ဆောင်ပုဒ်အဖြစ် **"NCA မှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးဖြင့် အနာဂတ်ကို ပုံဖော်မည်"** ဟု သတ်မှတ်ထားပြီး **"မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ်တည်ဆောက်ရန်အတွက် ဆက်လက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖော်ထုတ်ခြင်း"** Theme ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**❒ ၃၃ ကြိမ်မြောက် SEA Games ပြိုင်ပွဲမှ**

SEA Games ပြိုင်ပွဲ၏ Esports အားကစားနည်းကဏ္ဍတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ပါဝင်ယှဉ်ပြိုင်မည့်အသင်းများကို ရွေးချယ်သည့် National Esports Championship 2025 ပြိုင်ပွဲကြီးကို ၂၀၂၅ ခုနှစ် ဩဂုတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ရန်ကုန်မြို့ သုဝဏ္ဏအမျိုးသားမိုးလုံလေလုံ အားကစားကွင်း(၁)၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင်အသင်း တစ်ရာကျော်၊ ကစားသမားဦးရေ ငါးရာကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲ၌ အမျိုးသား Mobile Legends: Bang Bang (MLBB) Open Division ပြိုင်ပွဲတွင် Falcon Esports အသင်း၊ အမျိုးသမီး Mobile Legends: Bang Bang (MLBB) Women Division ပြိုင်ပွဲတွင် Falcon Daisies အသင်း၊ EA Sports FC Online ပြိုင်ပွဲတွင် Wai Min Shein တို့က ချန်ပီယံဆုရရှိခဲ့ကြပြီး မြန်မာနိုင်ငံကိုယ်စားပြု Team Zanaka အသင်းအဖြစ် ရွေးချယ်ခဲ့ကာ ၃၃ ကြိမ်မြောက် SEA Games ပြိုင်ပွဲကြီးတွင် နိုင်ငံကိုယ်စားပြုအဖြစ် သွားရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထိုကဲ့သို့ ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်မှုကို ပရိသတ်ဦးရေ ၁၀၀၀၀ ကျော် လာရောက်ကြည့်ရှုအားပေးခဲ့ပြီး တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမှုတွင် ပရိသတ်ဦးရေ ၅၀၀၀၀ ကျော် ဝင်ရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

"အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်အနေနဲ့ မြန်မာနိုင်ငံ Esports အားကစားကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး လူငယ်တွေအတွက် အခွင့်အလမ်းကောင်းတွေ ဖန်တီးပေးနိုင်ဖို့ နိုင်ငံအဆင့် အကြီးမားဆုံးပြိုင်ပွဲဖြစ်တဲ့ National Esports Championship 2025 ပြိုင်ပွဲကြီးကို ကျင်းပခဲ့ပါတယ်။ နိုင်ငံအဆင့်ပြိုင်ပွဲနဲ့ တက္ကသိုလ်အဆင့်ပြိုင်ပွဲတို့ကို ဆက်လက်ကျင်းပသွားဖို့ရှိပါတယ်။ နိုင်ငံတကာပြိုင်ပွဲတွေမှာ နိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်နိုင်ဖို့လိုအပ်တဲ့ အထောက်အကူတွေ ဆက်လက်ပံ့ပိုးကူညီပေးသွားမှာဖြစ်ပြီး နိုင်ငံအတွက် Esports အားကစားကဏ္ဍမှာ ရွှေတံဆိပ်ဆု ဆွတ်ခူးနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားဖို့ ရည်မှန်းချက်ထားရှိပါတယ်" ဟု မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ထက်လင်းက ပြောကြားသည်။

ယခုနှစ် MLBB Open Division တွင် အနိုင်ရရှိခဲ့သော Falcon Esports သည် ပြီးခဲ့သည့် ၃၂ ကြိမ်မြောက် SEA Games-Men's Tournament တွင် မြန်မာနိုင်ငံအတွက် ကြေးတံဆိပ်ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။ သစ္စာ(MNA)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၁**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ အောင်ဇေရန်အောင် ကျောင်းတိုက်၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၂ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး အောင်ဇေရန်အောင်ကျောင်းတိုက် ဆရာတော်အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၁ ရက် ဓာတ်သတ္တု (ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၇၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၆ ဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများ အပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ပြတ်ပြတ်သားသားစုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့လွှဲပြောင်းပေးလျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်နေထိုင်ပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် တရားမဝင် Online လောင်းကစားမှုများ၊ Online လိမ်လည်မှုများနှင့် ဒုစရိုက်မှုများ လုပ်ဆောင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၃၃ ဦးနှင့် တောင်အာဖရိကနိုင်ငံသား သုံးဦး စုစုပေါင်းပြည်ပနိုင်ငံသား ၃၆ ဦးကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ယနေ့တွင် ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးသည်။

ပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများကို ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၃၆ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms. Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ တောင်အာဖရိကနိုင်ငံသံရုံးမှ First Secretary Mr. Hendrik Albertus Fourie နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ စက်တင်ဘာ ၁၁ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၈၅ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသားဦးရေ ၈၀ ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီထိန်းချုပ်ထားသည့် ဗန်းမော်မြို့အနီးရှိ တပ်ဌာနချုပ်များ၊ တပ်စခန်းများနှင့် ရပ်ကွက်ကျေးရွာအချို့အား ပြန်လည်ထိန်းချုပ်ရရှိ




☆ ကျောဖုံးမှအဆက်

၂၀၂၄ ခုနှစ် ဧပြီ ၂၄ ရက်မှစ၍ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်၊ ရဲမေများအနေဖြင့် ကြံ့ကြံ့ခံ ပြန်လည်ခုခံတိုက်ခိုက်ခဲ့သဖြင့် အကြမ်းဖက်သောင်းကျန်းသူများအထိနာ၍ ဇွန် ၂၅ ရက်တွင် မိုးမောက်မြို့နှင့် အနီးဝန်းကျင်သို့ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။

ထို့နောက် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် လူအင်အားထပ်မံဖြည့်တင်းခြင်း၊ မိုးမောက်မြို့အတွင်းရှိ ပြည်သူလူထုနေအိမ်များကို ဖောက်ထွင်း၍လိုအပ်သည့်ရိက္ခာ၊ဆေးပစ္စည်းများအား အဓမ္မယူဆောင်ခြင်း၊ လူသစ်စုဆောင်းခြင်းများ ဆောင်ရွက်ခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် လက်နက်ကြီးများ၊ Drone များဖြင့် Drop Bomb များ ကြဲချတိုက်ခိုက်ခြင်းနှင့် လူအင်အားအမြောက်အမြားအသုံးပြု၍ မိုးမောက်မြို့ရှိ နယ်မြေခံတပ်ရင်းအား ထပ်မံဝင်ရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မဆုတ်မနစ်သော စိတ်ဓာတ်များဖြင့် ကြံ့ကြံ့ခံ ခုခံတိုက်ခိုက်ခဲ့သော်လည်း အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ သာလွန်အင်အားအသုံးပြု၍ တိုက်ခိုက်လာမှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်ကျဆုံးမှုအနည်းဆုံးဖြစ်စေရေးအတွက် ဩဂုတ် ၁၈ ရက်တွင် ကြားခံစစ် အဆင့်ဆင့်ဖြင့် ဗန်းမော်မြို့သို့ စနစ်တကျဆုတ်ခွာ၍ ဗန်းမော်မြို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းခဲ့ရသည်။




အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ခေတ္တစိုးမိုးထားသည့် ဗန်းမော်မြို့အတွင်းရှိ နယ်မြေခံတပ်ရင်းဌာနချုပ်ကို တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှုအား တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ခေတ္တစိုးမိုးထားသည့် ဗန်းမော်လေဆိပ်ကို တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှုအား တွေ့ရစဉ်။



တပ်မတော်ရေယာဉ်များကို အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဖြတ်တောက်ပစ်ခတ်တိုက်ခိုက်မှုအား တွေ့ရစဉ်။



တပ်မတော်မှ ရေယာဉ်များအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ပိတ်ဆို့ဖြတ်တောက်မှုများကြားမှ ဗန်းမော်ဆိပ်ကမ်းသို့ရောက်ရှိမှုကို တွေ့ရစဉ်။

ယင်းနောက် တပ်မတော်စစ်ကြောင်းများအနေဖြင့် ဗန်းမော်မြို့၌ စနစ်တကျပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ခဲ့ပြီးနောက် ဩဂုတ် ၂၀ ရက်တွင် မိုးမောက်မြို့ကို အင်အားအလုံးအရင်းဖြင့် ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ အထိနာခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် မိုးမောက်မြို့ရှိ နယ်မြေခံတပ်ရင်းအား ပြန်လည်သိမ်းပိုက်ရရှိနိုင်ရေး အပြင်းအထန်ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိချိန်တွင် အထိနာလျက်ရှိသော အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် စစ်မျက်နှာပြောင်းလဲ၍ မိုးမောက်မြို့သို့ ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသော တပ်မတော်စစ်ကြောင်းများအား လက်နက်၊ ခဲယမ်း၊ ရိက္ခာများ အဓိကထောက်ပံ့ပေးလျက်ရှိသည့် ဗန်းမော်မြို့ရှိ လေယာဉ်ကွင်း၊ တပ်ရင်းဌာနချုပ်များကို ပိတ်ဆို့ ဖြတ်တောက်နိုင်ရေးအတွက် ဗန်းမော်မြို့ ဒေသခံပြည်သူလူထုအတွင်း ဒေသခံများအသွင် စိမ့်ဝင်နေထိုင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကူအညီများရယူကာ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှစ၍ နှစ်လအတွင်း ဗန်းမော်မြို့ကို အပြီးသိမ်းပိုက်ရန် ကြွေးကြော်လျက် ဗန်းမော်မြို့တွင်းသို့ တောင်ဘက်နှင့် မြောက်ဘက် နှစ်ဖက်ညှပ်၍ တပ်မဟာအလိုက် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ဗန်းမော်မြို့ရှိပြည်သူလူထုအချို့အနေဖြင့် စိုးရိမ်ထိတ်လန့်ခဲ့ကြရပြီး နေရပ်စွန့်ခွာထွက်ပြေး၍ ဘေးလွတ်ရာသို့ တိမ်းရှောင်နေခဲ့ရသည်။

အလားတူ မံစီမြို့ကို အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်၍ ခေတ္တစိုးမိုးထားသည့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည်လည်း မံစီ-ဗန်းမော်လမ်းကြောင်းအတိုင်း ထိုးစစ်ဆင်တိုက်ခိုက်လာခဲ့ရာ ဗန်းမော်မြို့တောင်ဘက်ရှိ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့မှုများဖြစ်ပွားခဲ့သည်။

ထို့ပြင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ဗန်းမော်မြို့၏ ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ပိတ်ဆို့ခြင်းများကြောင့် ဒေသတွင်း ကုန်စည်စီးဆင်းမှုခေတ္တရပ်တန့်သွားခဲ့ရသဖြင့် ဒေသအတွင်းကျန်ရှိသည့် ဒေသခံများ၏ စားရေး၌ အခက်အခဲ၊ အကျပ်အတည်းများဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ သို့ဖြစ်၍ အစိုးရနှင့် တပ်မတော်က ဒေသခံပြည်သူများ၏ စားသောက်နေထိုင်ရေးအတွက် ဧရာဝတီမြစ်ကြောင်းအတိုင်း သင်္ဘောကြီးများဖြင့် လိုအပ်သည့် ထောက်ပံ့ပို့ဆောင်ရေးများ ဆောင်ရွက်ပေးခဲ့ရာတွင်လည်း အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဧရာဝတီမြစ်ကြောင်းဝဲယာတစ်လျှောက်ရှိ ကျေးရွာအချို့တွင် အတင်းအဓမ္မခြိမ်းခြောက်ဝင်ရောက်နေရာယူလျက် သင်္ဘောများအား အဝေးမှနှောင့်ယှက်ပစ်ခတ်ခြင်း၊ Drone ဖြင့် Drop Bomb ချတိုက်ခိုက်ခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်ကို လုပ်ဆောင်ခဲ့သည်။

ဗန်းမော်မြို့အနီးဝန်းကျင်ရှိ တပ်ဌာနချုပ်များ၊ တပ်စခန်းများမှ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်လာသည့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များကို တန်ပြန်တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ရာတွင်လည်း အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် ပြည်သူလူထုအား လူသားတံတိုင်းသဖွယ် အသုံးပြုတိုက်ခိုက်ခြင်း၊ ပြည်သူလူထုနေအိမ်များအတွင်း ဝင်ရောက်၍ အကာအကွယ်ယူတိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် ပြည်သူလူထုနှင့် ၎င်းတို့၏ နေအိမ်အဆောက်အအုံများ ထိခိုက်မှုမရှိစေရေးအတွက် ပစ်ခတ်မှုများကို ကန့်သတ်ချက်များကြားမှ အထူးဂရုပြုဆောင်ရွက်ခဲ့ရသည်။ သို့ရာတွင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် သာသနိကအဆောက်အအုံများ၊ ပြည်သူလူထု၏ ကွန်ကရစ် အမိုးပါအထပ်မြင့်အဆောက်အအုံများနှင့် ဆေးရုံ၊ဆေးခန်းနေရာများ၌ အခြေပြု၍ တိုက်ခိုက်ခြင်းများ အဆက်မပြတ်လုပ်ဆောင်လာခဲ့သဖြင့် ဗန်းမော်မြို့ အရှေ့မြောက်ဘက်ရှိ တပ်ဌာနချုပ်များ၊ **စာမျက်နှာ ၂၅ သို့**

**စာမျက်နှာ ၂၄ မှအဆက်**

လုံခြုံရေးတပ်စခန်းများနှင့် ဗန်းမော်လေဆိပ်တို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်အတွင်း အဆင့်ဆင့်ကြားခံစစ်များရယူကာ ဗန်းမော်မြို့တွင်းရှိ နယ်မြေခံတပ်ဌာနချုပ်နေရာသို့ ဗျူဟာအရ ခေတ္တခွာစစ်ဆင်ပူးပေါင်းခဲ့ပြီး အင်အားအလုံးအရင်းဖြင့် ဆက်လက်ထိုးစစ်ဆင်တိုက်ခိုက်လာသည့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များကို ဆက်လက်ခုခံတိုက်ခိုက်ခဲ့သည်။

ထို့နောက် အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် ဗန်းမော်မြို့ကို အလုံးစုံသိမ်းပိုက်ရရှိနိုင်ရေး အင်အားအလုံးအရင်းဖြင့် စဉ်ဆက်မပြတ် ထိုးစစ်





အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များက ဗန်းမော်မြို့အနီးရှိ ရပ်ကွက်၊ ကျေးရွာများမှ ဆောက်လုပ်ဆဲ သာသနိကအဆောက်အအုံများ၊ ဒေသခံများ၏ နေအိမ်များအတွင်း အခိုင်အမာနေရာပြင်ဆင်ထားရှိမှုကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ ရုပ်အလောင်းများကို တွေ့ရစဉ်။

ဆင်တိုက်ခိုက်ခဲ့သော်လည်း တပ်ရင်း၊ တပ်ဖွဲ့များရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ အစိုးရဝန်ထမ်းများအနေဖြင့် ဗန်းမော်မြို့ကို အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ လက်ဝယ်သို့ အလုံးစုံကျရောက်မှုမရှိစေရေး ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၅ ခုနှစ် ဇူလိုင်လထိ ရှစ်လတိုင်တိုင် လှေခွက်ချည်းကျန် အလံမလဲသည့်စိတ်ဓာတ်၊ တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စိတ်ဓာတ်တို့ဖြင့် အပြင်းအထန် ဟန့်စစ်ဆင်ခုခံမှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ၏ ဗန်းမော်မြို့ကို အလုံးစုံရရှိနိုင်ရေး စစ်ရေးအိပ်မက်မှာ ရပ်တန့်သွားခဲ့ရသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် ဩဂုတ်လအတွင်း အင်အားဖြည့်စစ်ကြောင်းများ လိုက်ပါလာသည့် တပ်မတော်ရေယာဉ်များအနေဖြင့် ဗန်းမော်မြို့သို့ ချီတက်ခဲ့ရာတွင် လမ်းခရီးတစ်လျှောက်တွန်းသဘော်နှစ်စီး ပျက်စီးဆုံးရှုံးရသည်ထိ အခက်အခဲမျိုးစုံနှင့် အကြမ်းဖက်သောင်းကျန်းသူတို့၏ ဖြတ်တောက်ပိတ်ဆို့မှုမျိုးစုံတို့ကြားမှ အောင်မြင်စွာ ရောက်ရှိဆိုက်ကပ်နိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဩဂုတ် ၄ ရက်မှစ၍ စစ်ကြောင်း ခုနစ်ကြောင်းဖြင့် စုဖွဲ့ချီတက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ဗန်းမော်မြို့ အရှေ့မြောက်ဘက်ရှိ ဗန်းမော်တက္ကသိုလ်နေရာမှတစ်ဆင့် နမ့်ဖားကျေးရွာရှိစခန်းကို စစ်ကြောင်းတစ်ကြောင်းဖြင့် ချီတက်သိမ်းပိုက်ခဲ့ပြီး ၎င်းစစ်ကြောင်းသည် ဗန်းမော်မြို့သို့ ဆက်လက်ဦးတည်ချီတက်၍လည်းကောင်း၊ ဗန်းမော်မြို့မြောက်ဘက်ရှိ နောင်ခိုရပ်ကွက်၊ မင်းလှရပ်ကွက်တို့ကို စစ်ကြောင်းတစ်ကြောင်းဖြင့်ချီတက်၍ လည်းကောင်း၊ ဗန်းမော်မြို့မြောက်ဘက်ရှိ အကြမ်းဖက်သမားများခေတ္တစိုးမိုးထားသည့် နယ်မြေခံတပ်ဌာနချုပ် လေးခု၊ တပ်စခန်းတစ်ခုနှင့် လေဆိပ်နေရာတို့ကို အရှေ့ဘက်မှ စစ်ကြောင်း သုံးကြောင်းနှင့် နမ့်ဖားစခန်းကိုသိမ်းပိုက်ပြီး ဗန်းမော်မြို့သို့ ဦးတည်လာသည့် စစ်ကြောင်း တစ်ကြောင်းတို့က နှစ်ဖက်ညှပ်၍လည်းကောင်း၊ ပင်စင်ကုန်းရပ်ကွက်၊ ညောင်ပင်ရပ်ကွက်၊ ခွန်သာရပ်ကွက်နှင့် သာစည်ရပ်ကွက်အတွင်းရှိ ဒေသအခေါ် ကချင်စုနေရာတို့ကို စစ်ကြောင်း နှစ်ကြောင်းဖြင့်လည်းကောင်း တန်ပြန်တိုက်စစ်များ အရှိန်အဟုန်မြှင့်၍ အဆင့်ဆင့်ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူများ၏ အပြည့်အဝအားပေးထောက်ခံမှု၊ တပ်အင်အားဖြည့်တင်းရရှိမှု၊ တိုက်ပွဲဝင်အရာရှိ၊ စစ်သည်များ၏ စိတ်ဓာတ်ခွန်အားတက်ကြွမှု၊ တိုက်လိုခိုက်လိုစိတ်ပြင်းပြမှု၊ စစ်နည်းဗျူဟာမြောက်ချီတက်တိုက်ခိုက်နိုင်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အဆင့်ဆင့်တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သဖြင့် ၂၀၂၅ ခုနှစ် ဩဂုတ် ၄ ရက်မှ စက်တင်ဘာ ၁၁ ရက်အတွင်း အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ခေတ္တစိုးမိုးထားသည့် ဗန်းမော်မြို့အနီးဝန်းကျင်ရှိ တပ်ဌာနချုပ်နေရာများ၊ ရပ်ကွက်၊ ကျေးရွာနှင့် စခန်းကုန်းနေရာအသီးသီးတို့ကို အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့ကာ အကြမ်းဖက်သမားများ ထိခိုက်ကျဆုံးမှုများစွာဖြင့် ဗန်းမော်မြို့၏ အရှေ့မြောက်ဘက်နှင့် ပင်မတပ်များရှိရာ မိုးမောက်မြို့ဘက်သို့ ကစဉ့်ကလျားဆုတ်ခွာထွက်ပြေးလျက်ရှိသည်။

တပ်မတော်စစ်ကြောင်းများက ဗန်းမော်မြို့ကို ရန်သူ့လက်ဝယ်သို့ ကျရောက်မှု မရှိစေရေးနှင့် တပ်ဌာနချုပ်များအား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏ အသက်ကို ပဓာနမထားဘဲ ရင်ကိုမြေကတုတ်လုပ်ကာ ရွပ်ရွပ်ချွံချွံ တိုက်ခိုက်ချေမှုန်းခဲ့သောကြောင့် စစ်ဆင်ရေးကာလ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၄ ရက်မှ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၁ ရက်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး ၁၆ ကြိမ်၊ ထိတွေ့မှုအကြိမ် ၄၉၀ ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၆၃ လောင်း၊ လက်နက်မျိုးစုံ ၁၇၈ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့သည်။ အဆိုပါတိုက်ပွဲများတွင် မိမိဘက်မှ ရွပ်ရွပ်ချွံချွံ ပြန်လည်တိုက်ခိုက်မှုများကြောင့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် သေဆုံးသူ ၄၆၁၆ ဦးခန့်နှင့် ဒဏ်ရာရရှိသူ ၄၉၈၃ ဦးခန့်ရှိခဲ့ကြောင်း သီးခြားသတင်းရင်းမြစ်များအရ သိရှိရပြီး မိမိဘက်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာ အသက်ပေးလှူခဲ့ရသည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် အထိအခိုက် အကျအဆုံးများပြားလာသည့်အတွက် လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တပ်မတော်စစ်ကြောင်းများထံသို့ အလင်းဝင်ရောက်မှုများလည်းရှိကြောင်းနှင့် တပ်မတော်စစ်ကြောင်းများအနေဖြင့် ဗန်းမော်မြို့အတွင်းကျန်ရှိနေသည့် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များကို ဆက်လက် နယ်မြေရှင်းလင်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၃၁၂၅ ဧက စိုက်ပျိုးမည်


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကျောက်မြောင်း စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၃၁၂၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၃၁၂၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဆောင်းသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ နှမ်းဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်သွားပါမယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ နှမ်းကိုမိုးမှာထက် ဆောင်းမှာပိုစိုက်ပျိုးကြတာဖြစ်ပါတယ်။ ဆီထွက်သီးနှံနှမ်း စိုက်ပျိုးမှုအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။

ယခုနှစ် ကျောက်မြောင်းမြို့နယ်ခွဲတွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ညောင်တုန်းမြို့မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးမြစ်ချင်းပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ငါးမြစ်ချင်းပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်မာက ပြောပြ၍သိရသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးမြစ်ချင်းပိဿာချိန် ၅၃၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ငါးမြစ်ချင်းပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသက ငါးမြစ်ချင်းများ အပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အများဆုံး တင်ပို့ရောင်းချနေကြောင်း သိရသည်။

"အခုငါးမြစ်ချင်းတွေကို အခြားဒေသတွေထက် ရန်ကုန်ဈေးကွက်က အရင်ထက် ပိုမိုဝယ်ယူအားကောင်းနေပါတယ်။ ပြည်တွင်း



ငါးစားသုံးမှု များလာတာကြောင့် ရန်ကုန်ဈေးကွက်ကို တင်ပို့အားကောင်းလာတာဖြစ်ပါတယ်။ အခုငါးမြစ်ချင်းတစ်ပိဿာ ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိပါတယ်။ လက်ရှိပေါက်နေတဲ့ ငါးဈေးက မွေးမြူသူတွေအတွက် အဆင်ပြေတဲ့ အခြေအနေရှိပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သက်မာက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ထွက်ရှိသည့်ငါးမြစ်ချင်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးများ နေ့စဉ် တင်ပို့ရောင်းချလာရသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# အင်္ဂပူမြို့နယ် ဇီးဖြူကုန်းကျေးရွာ၌ ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းနေမှု စစ်ဆေး

**အင်္ဂပူ စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးဖြူကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ကွင်းဆင်းစစ်ဆေးခဲ့ရာ ခရိုင်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဇီးဖြူကုန်းကျေးရွာ၌ ၄၀၀ ဗို့ဓာတ်အားလိုင်း ၁၆၈၇ ပေ သွယ်တန်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူ ထည့်ဝင်ငွေကျပ် ငါးသန်းအသုံးပြု၍ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၂၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

သံသာ

## နိုင်ငံ့အကျိုး

\- မဟုတ်မခံ သတ္တိစိတ်
ထိပ်တန်းက တည်ရှိစေ၊
မြန်မာသည် ကိုယ်ပိုင်နန်း
ဂုဏ်လွှမ်းလျက်ပေ၊
မျိုးချစ်စိတ် လက်ကမ်းဝေ
အထက်တန်းနေ သခင်မျိုး၊
သွေးချင်းညီ စည်းလုံးရေးကို
လေးစားသယ်ပိုး။

\- မြန်မာပြည် နိုင်ငံ့အကျိုး
ဖွံ့ဖြိုးလို့ စည်ပင်သာ၊
ငြိမ်းချမ်းစေ နေရာအနှံ့
သန့်ရှင်းပြည်ရွာ၊
အဖြူအမည်း မခွဲကာ
လက်တွဲပါ ရှေ့သို့လှမ်း၊
နိုင်ငံတော် ဦးတည်ချက်ကို
ရွက်သယ်လို့ထမ်း။

\- မျိုးသာကီ ဂုဏ်ရည်လွှမ်း
ပန်းတိုင်နန်း ထိန်းသိမ်းသယ်၊
မြတ်ဘာသာ ယဉ်ကျေးမှု
တွေးရှုစို့ကွယ်၊
သမိုင်း၏ တာဝန်ရယ်
မှတ်သားကွယ် မြန်မာများ၊
မျိုးမြန်မာတွေ နှလုံးသွေးနဲ့
ရေးမှတ်လို့ထား။ ။

မောင်စစ်သွေး

# ခန္တီးမြို့နယ် လင်းဖားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ခန္တီး စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လင်းဖားကျေးရွာအုပ်စု လင်းဖားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခန္တီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့အောင်ဝင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကိုကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အခြားမိသားစုဝင်ငွေတိုးပွားလာစေရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ထက်ဥမ္မာခင်နှင့် ဝန်ထမ်းများက လင်းဖားကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၂၀ ကို ငွေကျပ် ၂၀သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၁၀ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၃၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

# ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီဧက ၁၇၀၀ စိုက်ပျိုးမည်


ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကိုတွေ့ရစဉ်။

**ကသာ စက်တင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီဧက ၁၇၀၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် ကြက်သွန်နီဧက ၁၇၀၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါကြက်သွန်နီစိုက်ပျိုးမှုကို အောက်တိုဘာလမှ စတင်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း၊ ကသာခရိုင်တွင် ကြက်သွန်နီစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ဧက ၁၁၀၊ အင်းတော်မြို့နယ်တွင် ဧက ၃၀၀၊ ထီးချိုင့်မြို့နယ်တွင် ဧက ၇၃၀၊ ဗန်းမောက်မြို့နယ်တွင် ဧက ၅၆၀ စုစုပေါင်း ဧက ၁၇၀၀ ဖြစ်ကြောင်းသိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကသာခရိုင်အတွင်း ကြက်သွန်နီဧက ၁၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်သွားမယ်။ ကြက်သွန်နီစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး အောင်မြင်ဖြစ်ထွန်းဖို့လဲ ဆောင်ရွက်ပေးသွားမယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြက်သွန်နီစိုက်ပျိုးမည့်တောင်သူများကို ကြက်သွန်နီဈေးကောင်းရစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကိုကြာရှည်စွာထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန် အသိပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)

# လေးမျက်နှာမြို့နယ် စမ်းပိုင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လေးမျက်နှာ စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် စမ်းပိုင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို စက်တင်ဘာ ၁၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးနေထက်ရှိန်၊ လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စမ်းပိုင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက ရေရရှိရေးလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

စမ်းပိုင်းကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၅၀၀ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် အလျား ပေ ၃၀၊ အနံ ပေ ၃၀၊ အမြင့် ငါးပေရှိ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၅ သန်းဖြင့် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ဇွန်လတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက စမ်းပိုင်းကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။ **သံသာ**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း အောင်နိုင်တိုးစပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ စက်တင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း အောင်နိုင်တိုးစပါးတင်းရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဆွေက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အောင်နိုင်တိုးစပါး တင်းရေ ၆၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း အောင်နိုင်တိုးစပါးတင်းရေ ၆၉၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ စပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဩဂုတ်လအတွင်း ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို အောင်နိုင်တိုးစပါးတင်းရေ တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ အောင်နိုင်တိုးစပါးက အကြမ်းအုပ်စုထဲမှာ ပါပါတယ်။ အကြမ်းဆိုပေမဲ့ လူအများစု ကြိုက်နှစ်သက်ပြီး



စားလို့ကောင်းတဲ့ စပါးဖြစ်ပါတယ်။ အောင်နိုင်တိုးစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု ဓနုဖြူမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းဆွေက ပြောပြသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း အောင်နိုင်တိုးစပါး တင်းရေ ၆၉၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဆင်ပေါင်ဝဲမြို့နယ် ညံတောအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ စက်တင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ညံတောအင်းကျေးရွာအုပ်စု ညံတောအင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၅၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညံတောအင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးကို ငွေကျပ် ၁၉၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၈၉ ဦးကို ငွေကျပ် ၃၀၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၇ ဦးကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၅၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ငြိမ်းသူ(စလင်း)**

# ငါန်းဇွန်မြို့နယ် ညောင်ချင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ငါန်းဇွန် စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်၊ အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ ညောင်ချင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငါန်းဇွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ညောင်ချင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၁ ဒသမ ၂ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရောင်းဝယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးလှဝင်းကျော်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ညောင်ချင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၁၆ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် ၁၁ ဒသမ ၈၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂ဒသမ ၇ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၁ ဒသမ ၂ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အောင်ရဲကျော်**

ကိုဗစ် – ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# စနေနေ့ညကစားမဲ့ ဥရောပအမှတ်ပေးပွဲမှာ ကစားသမားစုဖွဲ့မှုကောင်းနေတဲ့ အေဗီလာအသင်း၊ စပါးအသင်း၊ ဂျူဗင်တပ်အသင်းတို့ကို အားပေးရမှာပါ

ML



လာမဲ့စနေနေ့ညမှာတော့ နိုင်ငံတကာပြိုင်ပွဲကာလ ပြီးဆုံးမှာဖြစ်တာကြောင့် ဥရောပအမှတ်ပေးပွဲစဉ်တွေ ပြန်လည်စတင်မှာဖြစ်ပါတယ်။ နိုင်ငံတကာပြိုင်ပွဲတွေ မစတင်ခင်စနေနေ့ညမှာတော့ ပရီးမီးယားလိဂ်က ပရိသတ်စိတ်ဝင်စားမှုများတဲ့ ဘရန့်ဖို့ဒ်အသင်း၊ စပါးအသင်းနဲ့ နယူးကာဆယ်အသင်းတို့ ရလဒ်ပိုင်းဆိုးရွားခဲ့သလို လာလီဂါမှာလဲ အေတီကိုအသင်း၊ ဆိုစီဒက်အသင်းတို့ ရလဒ်ဆိုးရွားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်ကစားမဲ့ပွဲတွေကို ချဉ်းကပ်ရာမှာ သတိထားရမှာဖြစ်ပါတယ်။ လက်ရှိမှာ ကလပ်အသင်းတွေက ခြေစွမ်းပြကစားသမားတွေကလဲ ခရီးပန်းမှုနဲ့ဒဏ်ရာရမှုတွေရှိနေတာကြောင့် ဒီတစ်ပတ် စနေနေ့ညမှာလဲ ကစားသမားစုဖွဲ့မှုကောင်းတဲ့အသင်းကြီးတွေကိုပဲ အားပေးရမှာပါ။

## အေဗီလာအသင်းကို ရွေးရမှာပါ

စနေနေ့ညကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၄) မှာ အကြိုက်တွေ့မိတာကတော့ အဲဗာတန်အသင်းနဲ့ အေဗီလာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ အဲဗာတန်အသင်းဟာ အဖွင့်ပွဲစဉ်မှာ လိဒ်အသင်းကို ကျဉ်းမြောင်းတဲ့ ရလဒ်နဲ့ရှုံးခဲ့တာကလွဲရင် ကျန်ပွဲစဉ်တွေမှာ ရမှတ်အပြည့်ရယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ အဲဗာတန်အသင်းအနေနဲ့ ခံစစ်က ဟိုးလ်ဂိတ်၊ ဂိုးသမားဘီဂိုဗစ်၊ ဒိုကိုရီ၊ အက်ရှ်လေယန်း၊ ကယ်ဘက်လေဝင်တို့လို အဓိကကစားသမားတွေကို အလွတ်ပြောင်းရွှေ့ခွင့်ပြုခဲ့ပေမဲ့ ဘာရီ၊ ဒူဘူရီဟော၊ ဂရီလစ်၊ ဒစ်ဘလင်းတို့ကို ပြန်လည်အစားထိုးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အဖွင့်ပွဲစဉ်မှာ လိဒ်အသင်းကိုရှုံးနိမ့်ခဲ့ပေမဲ့ ဒုတိယပွဲစဉ်မှာ ကစားသမားသစ်တွေ အထိုင်ကျလာတာကြောင့် ဘရိုက်တန်လိုကစားပုံကောင်းတဲ့အသင်းကို နှစ်ဂိုးဂိုးမရှိနဲ့နိုင်ပွဲရခဲ့သလို နောက်ဆုံးကစားခဲ့တဲ့ဝုဗ်အသင်းနဲ့ပွဲမှာလဲ သုံးဂိုးနှစ်ဂိုးနဲ့အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ အဲဗာတန်အသင်းရဲ့ သွင်းဂိုးတွေကိုတော့ အငှားခေါ်ယူထားတဲ့ဂရီလစ်က ဖန်တီးပေးနေတာကြောင့် ပြိုင်ဘက်အသင်းအနေနဲ့ ဂရီလစ်ကိုထိန်းချုပ်ဖို့ ကြိုးစားလာမှာပါ။

အေဗီလာအသင်းဟာ နည်းပြအမ်မရီလက်ထက်မှာ ပုံစံကောင်းရလာပေမဲ့ အခုရာသီမှာတော့ သုံးပွဲကစားအပြီးမှာ နိုင်ပွဲမရသေးတာကြောင့် ဖိအားအောက်ရောက်ရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အဖွင့်ပွဲစဉ်မှာ နယူးကာဆယ်ကို ကစားသမားတစ်ယောက်လျော့နဲ့ အကောင်းဆုံးကစားခဲ့ပြီး ရမှတ်ခွဲယူခဲ့ပေမဲ့ ဘရန့်ဖို့ဒ်အသင်းနဲ့ပွဲမှာ တစ်ဂိုးဂိုးမရှိ၊ ပဲလေ့စ်အသင်းနဲ့ပွဲစဉ်မှာ သုံးဂိုးဂိုးမရှိနဲ့ရှုံးခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေမှာ ကစားကွက်ပိုင်းကောင်းခဲ့ပေမဲ့ ပြိုင်ဘက်ရဲ့တန်ပြန်တိုက်စစ်ကို ထိန်းချုပ်နိုင်ခြင်းမရှိခဲ့သလို တိုက်စစ်မှူးတွေကလဲ ဂိုးရဖို့ရုန်းကန်နေရလို့ နိုင်ပွဲပျောက်ခဲ့တာဖြစ်ပါတယ်။ နည်းပြအမ်မရီအနေနဲ့ အခုနွေရာသီမှာ ကွင်းလယ်တိုက်စစ်က ဂျက်ကော့ရမ်ဆေးကိုသာ ရောင်းချခဲ့ပြီး ဂတ်ဆန်း၊ လင်ဒီလော့၊ ဆန်ချို၊ အီလီယေ့တို့လို ကစားသမားတွေခေါ်ယူခဲ့တာကြောင့် တိုက်စစ်ကစားပုံထက်မြက်လာမှာ သေချာပါတယ်။ ပြီးခဲ့တဲ့ရာသီ အမှတ်ပေးပွဲနှစ်ကျော့တွေ့ဆုံမှုမှာလဲ နှစ်ကျော့စလုံးနိုင်ပွဲရခဲ့လို တွေ့ဆုံမှုအစဉ်အလာမှာလဲ အေဗီလာက အသာရနေတာကြောင့် ရမှတ်ရှာရမဲ့အေဗီလာအသင်းကိုပဲ ရွေးရမှာပါ။

### အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အဲဗာတန် | ၀ | - | ၁ | ရှီးမား |
| လိဒ် | ၁ | - | ၀ | အဲဗာတန် |
| အဲဗာတန် | ၂ | - | ၀ | ဘရိုက်တန် |
| အဲဗာတန် | ၂ | - | ၀ | မန်ဖီးလ် |
| ဝုဗ် | ၂ | - | ၃ | အဲဗာတန် |

### အေဗီလာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မာဆေး | ၃ | - | ၁ | အေဗီလာ |
| ဗီလာရီးရဲလ် | ၀ | - | ၂ | အေဗီလာ |
| အေဗီလာ | ၀ | - | ၀ | နယူးကာဆယ် |
| ဘရန့်ဖို့ဒ် | ၁ | - | ၀ | အေဗီလာ |
| အေဗီလာ | ၀ | - | ၃ | ပဲလေ့စ် |

## စပါးအသင်း ရလဒ်ကောင်းမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ်(၄)မှာ နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဝက်စ်ဟမ်းအသင်းနဲ့စပါးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းဟာ ရာသီအဖွင့်ပွဲစဉ်နှစ်ပွဲဆက်မှာ ဂိုးပြတ်ရှုံးနိမ့်ခဲ့တာကြောင့် နည်းပြပေါ်တာအနေနဲ့ ရာထူးကထုတ်ပယ်ခံရဖို့ သတင်းထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ ဒါပေမဲ့ ဖိအားအောက်ရောက်နေတဲ့ ဝက်စ်ဟမ်းအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ နော်တင်ဟမ်နဲ့ပွဲစဉ်မှာ သုံးဂိုးပြတ်နိုင်ပွဲရခဲ့လို့ သက်သာရခဲ့တာဖြစ်ပါတယ်။ နွေရာသီအပြောင်းအရွှေ့မှာတော့ မာသီးယက်စ်ဖာနန်ဒက်စ်၊ ဟာမန်ဆန်၊ မာဂက်စ်ဆာ၊ ဝယ်လ်ဆင်တို့လို ခြေစွမ်းပြကစားသမားတွေ ဖြည့်တင်းနိုင်ခဲ့ပေမဲ့ လက်ရှိအချိန်ထိတော့ ခြေစွမ်းပိုင်းတည်ငြိမ်ဖို့ ရုန်းကန်နေရတာကို တွေ့ရမှာပါ။ နည်းပြပေါ်တာကတော့ ၃-၄-၂-၁ ကစားကွက်နဲ့ တိုက်စစ်အသားပေးကစားတတ်ပေမဲ့ ခံစစ်ပိုင်းက တိုက်စစ်လိုက်ပါလွန်းတာကြောင့် အားနည်းချက်ဖြစ်ပေါ်ခဲ့ပြီး သုံးပွဲမှာပေးဂိုးရှစ်ဂိုးထိ ရှိခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုတွေမှာလဲ စပါးအသင်းက အသာရခဲ့တာကြောင့် အခုပွဲစဉ်မှာခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးတဲ့ ဝက်စ်ဟမ်းအသင်းရုန်းကန်ရမှာပါ။

စပါးအသင်းဟာ နည်းပြသစ်ဖရန့်လက်ထက်မှာ ကိုလိုမူအာနီ၊ ဆိုင်မွန်၊ ပေါ်ဟင်ဟာ၊ ကူဒက်တို့လို ကစားသမားကောင်းတွေ ခေါ်ယူအားဖြည့်ခဲ့တာကြောင့် အဖွင့်ပွဲမှာ ဘန်လေကို သုံးဂိုးပြတ်အနိုင်ရခဲ့သလို ဒုတိယပွဲစဉ်မှာ မန်စီးတီးအသင်းကို အဝေးကွင်းကနေ နှစ်ဂိုးပြတ်အနိုင်ရခဲ့ပါတယ်။ ဒါပေမဲ့နောက်ဆုံးကစားခဲ့တဲ့ အိမ်ကွင်းပွဲစဉ်မှာတော့ ဘုန်းမောက်လိုအသင်းကို တစ်ဂိုးဂိုးမရှိနဲ့ရှုံးခဲ့တဲ့ ခြေစွမ်းပိုင်းကတော့ အားရစရာမကောင်းပါဘူး။ သူတို့အသင်းဟာ ဘုန်းမောက်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ကစားနိုင်ပေမဲ့ တိုက်စစ်ပိုင်းကဂိုးပေါက်ခြိမ်းခြောက်မှု တစ်ကြိမ်သာလုပ်နိုင်ခဲ့တာကိုကြည့်ရင် တိုက်စစ်ပိုင်းက ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကို တွေ့ရမှာပါ။ ဒါကြောင့် အခုပွဲမှာ အသစ်ခေါ်ယူထားတဲ့ ကိုလိုမူအာနီ၊ ဆိုင်မွန်တို့ ပွဲထွက်လာမယ်ဆိုရင်တော့ အသင်းရဲ့တိုက်စစ်ပိုင်းထက်မြက်လာနိုင်သလို ဝက်စ်ဟမ်းအသင်းရဲ့ ခံစစ်ပိုင်းကလဲ ပေးဂိုးများနေတာကိုကြည့်ရင် စပါးအသင်း အခုပွဲမှာ ရမှတ်ရှာဖွေနိုင်ဖို့များပါတယ်။ အကျောပေးမှုကလဲ စပါးအသင်းက သရေရလဒ်ဆို တစ်ဝက်လောက်ဆုံးရှုံးရမဲ့ အခြေအနေက အဝေးကွင်းမှာအနည်းဆုံး စပါးအသင်းရမှတ်ခွဲယူနိုင်မှာဖြစ်လို့ စပါးအသင်းပဲ ရလဒ်ကောင်းမှာပါ။

### ဝက်စ်ဟမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | ၁ | - | ၁ | လိုင်လီ |
| ဆန်းဒါးလန်း | ၃ | - | ၀ | ဝက်စ်ဟမ်း |
| ဝက်စ်ဟမ်း | ၁ | - | ၅ | ချဲလ်ဆီး |
| ဝုဗ် | ၃ | - | ၂ | ဝက်စ်ဟမ်း |
| နော်တင်ဟမ် | ၀ | - | ၃ | ဝက်စ်ဟမ်း |

### စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ၄ | - | ၀ | စပါး |
| ပီအက်စ်ဂျီ | ၂ | - | ၂ | စပါး |
| စပါး | ၃ | - | ၀ | ဘန်လေ |
| မန်စီးတီး | ၀ | - | ၂ | စပါး |
| စပါး | ၀ | - | ၁ | ဘုန်းမောက် |

## ဂျူဗင်တပ်အသင်းနဲ့ လက်တွဲရမှာပါ

စီးရီးအေပွဲစဉ်(၃) မှာ အကြိုက်တွေ့တာကတော့ ဂျူဗင်တပ်အသင်းနဲ့ အင်တာမီလန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပြီးခဲ့တဲ့ ရာသီတွေ့ဆုံမှုမှာတော့ ဂျူဗင်တပ်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိမှာလဲ ဂျူဗင်တပ်အသင်းဟာ နည်းပြတူဒေါလက်အောက်မှာ ပုံစံကောင်းရရှိနေပြီး ကိုပါအီတာလီယာဖလားပွဲမှာ အတ္တလန်တာအသင်းကို နှစ်ဂိုးတစ်ဂိုး၊ အမှတ်ပေးပွဲမှာ ပါးမားကို နှစ်ဂိုးဂိုးမရှိ၊ ဂျီနိုအာကို တစ်ဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့ပါတယ်။ သူတို့အသင်းဟာ ၃-၄-၂-၁ ကစားကွက်နဲ့ ပွဲထွက်နေပြီး ဒီကစားကွက်မှာ ခံစစ်ကစားပုံတည်ငြိမ်လာခဲ့ပေမဲ့ ကစားသမားတွေရဲ့ ကြမ်းတမ်းစွာကစားမှုတွေက မလိုအပ်ဘဲ အနီကတ်ပြခံရနေတာကို သတိပြုရမှာပါ။ တိုက်စစ်ပိုင်းမှာတော့ ဂျွန်နသန်ဒေးဗစ်ကို ရထားတာကြောင့် အဆုံးအဖြတ်ပွဲမှာ နိုင်ပွဲရနေသလို ဗလာဟိုဗစ်ကလဲ ပွဲထွက်ခွင့်မပျောက်ဆုံးဖို့ ပါဝင်ကစားခွင့်ရတာနဲ့ ခြေစွမ်းပြဂိုးသွင်းယူနေတာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိသူတို့အသင်းဟာ ခံစစ်၊ တိုက်စစ်အကောင်းဆုံးဖြစ်နေချိန်မှာ အင်တာမီလန်လို ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိသေးတဲ့အသင်းနဲ့တွေ့နေတာကြောင့် ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာပါ။

အင်တာမီလန်အသင်းကတော့ နည်းပြသစ်ချီဗူးကို ခန့်အပ်လိုက်တဲ့နောက်ပိုင်း ပုံစံကောင်းကို ထိန်းသိမ်းနိုင်ခြင်းမရှိတော့ဘဲ အူဒီးနီးစ်လိုအသင်းကိုတောင် အိမ်ကွင်းမှာ ရှုံးနိမ့်ခဲ့ပါတယ်။ နည်းပြချီဗူးဟာ တိုက်စစ်ဖွင့်ကစားတဲ့အသင်းတွေကို အကောင်းဆုံးချဉ်းကပ်ထိန်းချုပ်နိုင်ပေမဲ့ ခံစစ်အားပြုကစားတဲ့အသင်းကိုတော့ ဂိုးရဖို့ဘယ်လိုကြိုးစားရမလဲဆိုတာ အူဒီးနီးစ်နဲ့ပွဲမှာ တွေ့မြင်ခဲ့ရပါတယ်။ အင်တာမီလန်အသင်းဟာ အခုအပြောင်းအရွှေ့မှာ ကစားသမားကောင်းတွေ ဆက်ထိန်းနိုင်ခဲ့ပေမဲ့ နည်းပြအင်ဇာဂီကို ထိန်းသိမ်းနိုင်ခဲ့ခြင်းမရှိခဲ့လို့ နည်းစနစ်ပိုင်း အားနည်းသွားတယ်လို့ ဆိုရမှာပါ။ လက်ရှိတိုက်စစ်မှာ မာတီနက်ဇ်၊ သူရမ်တို့လို ရှန်းအားကောင်းတဲ့ တိုက်စစ်မှူးတွေရှိနေပေမဲ့ ကွင်းလယ်က ကယ်ဟာနိုဂလူ၊ ဒီမာကိုတို့ ခြေစွမ်းပြဖို့ရုန်းကန်နေရတာကြောင့် တိုက်စစ်ကို ဖန်တီးမှုမလုပ်နိုင်တာကို တွေ့ရမှာပါ။ အခုပွဲမှာ နှစ်သင်းစလုံး ကစားသမားစုဖွဲ့မှု တူညီနေပေမဲ့ နည်းပြချီဗူးရဲ့ အတွေ့အကြုံနဲ့ နည်းပြတူဒေါရဲ့ အတွေ့အကြုံကို ယှဉ်မယ်ဆိုရင်တော့ ဂျူဗင်တပ်အသင်းပဲ အသာရနေတာဖြစ်လို့ အိမ်ရှင်ဂျူဗင်တပ်အသင်းနဲ့ပဲ လက်တွဲသွားရမှာပါ။

### ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၂ | - | ၂ | ရက်ချီးနား |
| ဒေ့မွန် | ၁ | - | ၂ | ဂျူဗင်တပ် |
| အတ္တလန်တာ | ၁ | - | ၂ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၂ | - | ၀ | ပါးမား |
| ဂျီနိုအာ | ၀ | - | ၁ | ဂျူဗင်တပ် |

### အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မိုနာကို | ၁ | - | ၂ | အင်တာမီလန် |
| ဘရက်စ် | ၂ | - | ၂ | အင်တာမီလန် |
| အင်တာမီလန် | ၂ | - | ၀ | အိုလံပီယာကို့စ် |
| အင်တာမီလန် | ၅ | - | ၀ | တိုရီနို |
| အင်တာမီလန် | ၁ | - | ၂ | အူဒီးနီးစ် |

# ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။

(၂) **ဇီဝဗေဒနှင့် ဓာတုဗေဒ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။

(၂) **သင်္ချာ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ** ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။

(၂) **သင်္ချာ** ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။

(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။

(ဂ) **လားရှိုးမြို့** အထက(၅)၊ လားရှိုးမြို့။

(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။

(င) **ခိုလမ်မြို့** တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။

(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။

(ဆ) **မော်လမြိုင်မြို့** တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။

(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။

(ဈ) **ရန်ကုန်မြို့** တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။

(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ရွှေဝတီခန်းမ။

(ဋ) **မုံရွာမြို့** အထက(၂)၊ အလုံတပ်မြို့။

(ဌ) **မန္တလေးမြို့** တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။

(ဍ) **တောင်ငူမြို့** အမှတ်(၁၀)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း။

၃။ ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက် ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal [www.myawady.net.mm/private(female)]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၉-၂၀၂၅ ရက်နေ့မှ ၃-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အဋ္ဌမတန်း (သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ (မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကို ခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သား အခြေခံလစာ(၁၅၀၀၀၀) ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်း တက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာလက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .




# 'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၁၃၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီစက်ကိရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . . . .

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်၊





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၁၀၁၈၀

ချစ်ရတဲ့သူတွေ လက်ဆောင်ပေးထားတဲ့ ထီလက်မှတ်တွေကို ဘယ်လိုယူကြမလဲ ?

5 Digits




ထီလက်ဆောင် ပေးရန် Scan

"လက်ဆောင်" သို့ဝင်ပြီး "ထီလက်မှတ်ရယူမည်" ကိုရွေးပါ။ ထို့နောက် လက်ခံရရှိထားသော QR ကို Scan ဖတ်လိုက်ရုံနဲ့ ထီလက်မှတ်လက်ဆောင်တွေ ပိုင်ဆိုင်နိုင်ပါပြီ။ လက်ခံရရှိထားသော ထီလက်မှတ်များကို "ကျွန်ုပ်၏ထီလက်မှတ်" တွင် စစ်ဆေးနိုင်ပါသည်။

*117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက(၁)ကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော မနန်းဟွမ်နွန်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးစိုင်းဆန်ဖိုးဖြစ်ပါကြောင်း။

**ဦးစိုင်းဆန်ဖိုး(၁၃/သပန(နိုင်)၀၃၅၉၈၆)**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ပြင်ဦးလွင်၊ ရပ်ကွက်ကြီး(၁၀)နေ ဦးရှိယူလုံ၏သမီး မရှီယုံရွက် (ခ) မေမဒ္ဓူကျော် (၁၃/လကန(နိုင်)၀၃၂၃၁၈)မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မရှီယုံရွက် (ခ) မေမဒ္ဓူကျော် (၁၃/လကန(နိုင်)၀၃၂၃၁၈)**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-လယ်ကြီးကျောင်း၊ KG တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးချမ်းငြိမ်းလွင်၏သား မောင်အောင်သူရကျော်အား မောင်အောင်သူဟိန်းဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အောင်သူဟိန်း**

## လျှပ်စစ်မီးကို ချွေတာ သုံးစွဲပါ

## မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ အထက-ကုန်းကြီးကျောင်းမှ Grade-12 တန်းတွင် ပညာသင်ကြားနေသော မခိုင်စိုးနွယ်၏မိခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဒေါ်မြင့်မြင့်အေး ဖြစ်ပါကြောင်း။

**ဒေါ်မြင့်မြင့်အေး(၉/ကဆန(နိုင်)၁၈၈၉၄၇)**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ ဦးခင်မောင်လတ် (ဘ) ဦးဖုံကျင်းချန်(၁၃/လရန(နိုင်)၁၁၇၇၆၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-693004910**

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ အကွက်(၅၅၉)နေ ဦးစိုးသီဟ (ဘ) ဦးစိုးအောင်၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-788811121**

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ပညာ့ဗိမာန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-3 တွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးသက်၏သမီး မအိမ့်ဘုန်းမြတ်ခင်အား မအမရာမြတ်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ **မအမရာမြတ်**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ မောင်အောင်ပိုင်ဦး (ဘ) ဦးခင်မောင်လတ်၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-693004910**

## အဖိုးတန် ရေချိုကို ချွေတာပါ

## ပျောက်ဆုံးကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀) ရှီယုံရွက် (ခ) မေမဒ္ဓူကျော် (ဘ) ဦးရှီယူလုံ(၁၃/လကန(နိုင်)၀၃၂၃၁၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA- 902282)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-408424929**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ မမေသက်ထားလှိုင် (ဘ) ဦးခင်မောင်လတ်၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-693004910**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်နေ မစစ်ယွန်းဝတီ (ဘ) ဦးခင်မောင်လတ်၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-693004910**

## သင့်သွေးဖြင့် အသက်ကယ်ပါ

❖ "ပညာ"သည် အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်"ကို ရရှိစေ...
❖ နိုင်ငံသားတိုင်း "အသိဉာဏ်ပညာ" ပြည့်စုံကြမှသာ နိုင်ငံအကျိုး သယ်ပိုးထမ်းရွက်နိုင်မည့် စွမ်းအားထက်မြက်သည့်အင်အားစုကြီးတစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင်ပြုလုပ်သော ပညာရေးဆိုင်ရာအသုံးချသုတေသန နိုင်ငံတကာညီလာခံ(၂၀၂၅)ဖွင့်ပွဲအခမ်းအနားတွင် တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## လွတ်ငြိမ်းချမ်းသာခွင့်ပြု

စာမျက်နှာ - ၂၂

# တပ်မတော်စစ်ကြောင်းများက KIA၊ AA နှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများပူးပေါင်းအဖွဲ့ ယာယီထိန်းချုပ်ထားသည့် ကချင်ပြည်နယ် ဗန်းမော်မြို့အနီးရှိ တပ်ဌာနချုပ်များ၊ တပ်စခန်းများနှင့် ရပ်ကွက်ကျေးရွာအချို့ကို ပြန်လည်ထိန်းချုပ်ရရှိ





အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ခေတ္တစိုးမိုးထားသည့် ဗန်းမော်မြို့အတွင်းရှိ နယ်မြေခံတပ်ရင်းဌာနချုပ်အား တပ်မတော်စစ်ကြောင်းများက ပြန်လည်သိမ်းပိုက်ရရှိမှုကို တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၁၁

KIA အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် AA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများနှင့်ပူးပေါင်း၍ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းရှိ နယ်စပ်ဒေသကုန်သွယ်ရေးအတွက် အရေးပါသော ဗန်းမော်-တာဆိုင်း-မြို့သစ်-လိုင်ဇာလမ်းကြောင်း၊ ဗန်းမော်-မိုးမောက်-တာဆိုင်း-လိုင်ဇာလမ်းကြောင်း၊ ဗန်းမော်-မိုးမောက်-လွယ်ဂျယ် လမ်းကြောင်းများအား ထိန်းချုပ်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ် မတ် ၇ ရက်မှစ၍ တရုတ်-မြန်မာနှစ်နိုင်ငံအကြား နယ်မြေထိစပ်လျက်ရှိသော ကချင်ပြည်နယ်အရှေ့ဘက်ရှိ နယ်မြေလုံခြုံရေးစခန်းများနှင့် ဒွေ့ဖုန်းယန်မြို့၊ မြို့သစ်မြို့၊ တာဆိုင်းရွာ တို့ကို အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ယာယီထိန်းချုပ်ထားခဲ့သည်။

ယင်းနောက် မိုးမောက်မြို့ရှိ တစ်ခုတည်းသော နယ်မြေခံလုံခြုံရေးတပ်ရင်းကို စာမျက်နှာ ၂၄ ကော်လံ ၁ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၃၃ ကြိမ်မြောက် SEA Games ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် Team Zanaka အသင်းမှ Esports အားကစားနည်းအမျိုးအစား သုံးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၁၁

၃၃ ကြိမ်မြောက် SEA Games ပြိုင်ပွဲ တွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် Team Zanaka အသင်းမှ Esports အားကစားနည်းအမျိုးအစား သုံးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်မှ သိရသည်။

ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည့် ၃၃ ကြိမ်မြောက် စာမျက်နှာ ၂၂ ကော်လံ ၁ ❑



NEC 2025 ပြိုင်ပွဲကို ရန်ကုန်မြို့ရှိ သုဝဏ္ဏမိုးလုံလေလုံအားကစားခန်းမတွင် ကျင်းပစဉ်။



အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"
Hotline - 09-450450561, 09-450450562, 09-450450563